
နှင့်
အပါအဝင်
လှတောသား ဟာသစုဘူး
ရွှေထိုယ်လေး



တောကော်လီ
နှင့်
ရန်ကုန်သူ
လှတောသား
ဟာသ
စုဘုံ
ရွှေထိုက်လေး
မလေးရှားသွားတဲ့ ကျွန်မ ရည်းစား
တောကော်လီ နှင့် ရန်ကုန်သူ
လှတောသား နှင့် မြန်မာပြည်သား
အောက်ပြည်သား နှင့် မြေလတ်သား
မြန်မာပြည်သား နှင့် မလေးရှား ဟာသများ

လုံ့လ ဝိရိယ ပညာ

ခဝပ်ညောင်းလာ

လယ်သမား၊ စာသမား၊ မိုးရှာဓာ . . . ။ ။

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၄၀၀၂၂၇၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၄၀၁၄၀၂၁၁၁၁ |
| ပုံနှိပ်ခြင်း | (ပထမအကြိမ်)၊ ၂၀၁၁ခုနှစ်၊ဒီဇင်ဘာလ၊ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဦးသန်းလွင် (မြ-၀၅၅၈၇) (ရွှေလင်းယုန် ပုံနှိပ်တိုက်) အမှတ် (၅၁)၊ ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပန်းချီ | ပေါ်ဘာက် |
| ဒီဇိုင်း | အောင်ကြီး (မြန်အောင်) |
| တန်ဖိုး | 1500 |
| စီစဉ်မှုနှင့်ပြည်လုံးကျွတ် ဖြန့်ချိရေး | နေလွင်အောင် (ဖိုးရာဇာ) |

**"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)**

၈၉၅.၈၃

ရွှေကိုယ်လေး

တောဂေါ်လီနှင့်ရန်ကုန်သူအပါအဝင်လှတောသားဟာသစုဘူး

ရွှေကိုယ်လေး - ရန်ကုန်။

သင်းစာပေ ၊ ၂၀၁၁ ခုနှစ်။

၁၈၀ - စာ၊ ၁၂ စင်တီ x ၁၈ စင်တီ။

(၁) တောဂေါ်လီနှင့်ရန်ကုန်သူအပါအဝင်လှတောသားဟာသစုဘူး

# လူတော်သား ဟာသရွှင်



ဦးရာဇာ စာအုပ်တိုက်

အမှတ်(၃၃)၊အခန်း(၁၀)၊ယုဇနလမ်း၊
ရေကျော်(၈)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

# ဒို့တာဝန်အရေးသုံးပါး

- ■ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ■ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ■ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

# ပြည်သူ့သဘောထား

- ■ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ■ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ■ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ■ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ■ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ■ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ■ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ■ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

# စီးပွားရေးဦးတည်ချက် (၄) ရပ်

- ■ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ■ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ■ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ■ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

# လူမှုရေး ဦးတည်ချက် (၄) ရပ်

- ■ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ■ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ■ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ■ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မာတိကာ


***

| ခဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၁) | လူတောသားနှင့်မလေးရှားဟာသပုဘူး | ၉ |
| အခန်း (၂) | မြန်မာပြည်သားနှင့် မလေးရှားဟာသများ | ၂၃ |
| အခန်း (၃) | မလေးရှားနှင့် မြန်မာပြည်သားဟာသပုဘူး | ၄၁ |
| အခန်း (၄) | မြန်မာပြည်သား နှင့် လူတောသားဟာသများ | ၅၁ |
| အခန်း (၅) | လူတောသားစကားအလင်္ကာ | ၆၅ |
| အခန်း (၆) | ပွတ်လိုင်းသားစကားပဒေသာ | ၉၉ |
| အခန်း (၇) | ရန်ကုန်သားစကားပဒေသာ | ၁၁၅ |
| အခန်း (၈) | လူတောသားနှင့် မလေးရှားဟာသများ | ၁၃၇ |
| အခန်း (၉) | မလေးရှားနှင့်လူတောသားဟာသစုဘူး | ၁၅၁ |





"ဘယ်တောက သတ္တဝါတွေလဲ ဘုရား သွားတော့လဲ ထိုးထိုးထောင်ထောင်တွေနဲ့ မျက်စိနောက်စရာ၊ ကိုယ့်ကိုယ် ကိုယ်တော့ တောဂေါ်လီ့တဲ့၊ ဒီအကောင်တွေ ကြည့်ရတာဖြင့်၊ ဟိုအကောင်ကိုကြည့်စမ်း ဥကာထွက်ခါစ ဂြိုဟ်သားလားမှတ်ရ" ဟုဆိုလိုက်သလို နောက်တစ်ဦးအားလည်း ဟိုပုပြွတ်ပြွတ်ကောင် ကတော့ဖြင့် ဘောင်းဘီက ဗိုက်နဲ့မဆန့်၊ ကိုးရိုးကားယား ဖြစ်နေပုံများတော့ လေဖြတ်ထားတဲ့ မျောက်ဝံကျနေတာပဲ"




# မင်းသမီးတောင်မယှဉ်ဝံ့ပါ

အရောင်းအဝယ်ကိစ္စဖြင့် လာရောက်သော အောက်ပြည်သား အချို့ လှတော်၌ စတည်းချနေလေသည်။ ညနေဖက် စကားဝိုင်းတွင် ရန်ကုန်၌ နောက်ပေါ်သော မင်းသမီးတို့မှာ ဘယ်လိုချောကြောင်း ဘယ်လိုလှကြောင်း ချီးမွမ်းခန်းဒိုကာ ဖွင့်လေသည်။ တစ်ယောက်လည်း မက နှစ်ယောက်နဲ့လည်းမပြီး သုံးယောက်နဲ့လည်း မရပ်တော့သော အဆုံးတွင် လှတောသားတစ်ဦး၏ အားကျမခံ ဝင်ရောက်ပြောဆိုပုံမှာ ဤသို့ဖြစ်လေ၏။

*"ရန်ကုန်က မင်းသမီးအသစ်လေးတွေ ဘယ်လောက်လှသလဲ ဆိုတာကိုတော့ အလုပ်ကတစ်ဖက်နဲ့ စေ့စေ့မကြည့်ရလို့ မသိရှိးတော့ အမှန်ပါမောင်။ သို့သော်ငြားလည်း ငါတို့ လှတောသူတွေရဲ့ အလှ*

ကလည်း တော်တော်တန်တန် မဟုတ်ဘူးမောင်၊ ရွာထဲမှာ ကွမ်းတောင်ကိုင် မဟုတ်တဲ့ ခပ်ညှံ့ညှံ့ မိန်းကလေးတွေတောင် မင်းတို့ရန်ကုန်က မင်းသမီးတွေထက် အပုံကြီးသာတယ်။ တစ်လောက ရုပ်ရှင်လာရိုက်တဲ့ အဖွဲ့က ဒါရိုက်ကြီးတစ်ယောက်ဆို ရိုက်ကွင်းချိန်နေတုန်း လှတောသူ တစ်ယောက် မြင်ကွင်းထဲဝင်လာပါရောလား။ ဒါနဲ့ပဲ မင်းတို့ရန်ကုန်က ဒါရိုက်တာကြီးဟာ လင်းတကြီး ဆေးမိသလို ဖြစ်သွားပါရောကွာ၊ သနားစရာပါကွာ၊ သူ့အဖြစ်က နှာခေါင်းကို မေးတင်ပြီး ငမ်းလိုက် မယ်လေ ငတ်မပြေဖြစ်နေလိုက်ပုံများတော့ ထမင်းမေ့ ဟင်းမေ့တင် မဟုတ်ဘူး၊ သတိပါမေ့သွားတော့တာပေါ့။ သတိရလို့ ကြည့်လိုက်တော့ မင်းသမီးက မရှိရှာတော့ဘူး။ စိတ်တွေဆိုးပြီး မြို့ပြန်သွားပါရောလား"

ဟု ဆိုသံအပြီး အောက်သားတို့မှာ ပါးစပ်ဟောင်းလောင်းဖြစ်နေသလောက် အညာသားအပေါင်းတို့၏ တဝေါဝေါရယ်သံကြီးတို့မှာ မဆုံးနိုင်တော့ပါချေ။

## ခေါင်းမြီးခြုံ လုံပါပေ့...

လှတော့ရှာသူ မယ်တင်မှာ လင်ယောက်ျားကို အချစ်ကြီးချစ်ရှာလေသူဖြစ်သည်။ ယခုကိစ္စမှာလည်း ရေခြားမြေခြား မလေးရှားကို လွှတ်ရမှာဖြစ်၍ သာ၍ပင် စိတ်မချနိုင်ဖြစ်နေရှာလေသည်။ ဤမလေးရှားကိစ္စနှင့် ပတ်သက်၍ ရန်ကုန်မြို့သို့တက်သွားသူ ဖခင်ကြီးကို ပို၍သေချာစွာ စုံစမ်းရန်မှာလိုက်ရှာ၏။

ရန်ကုန်မြို့၌ တစ်ပတ်ခန့်ကြာပြီး ဖခင်ကြီးမှာ ပြန်ရောက်လာလေသည်။ ရွာခံမလေးပြန်တို့၏ လူကြုံပစ္စည်းများ၊ ဓာတ်ပုံများလည်း ပါလေ၏။

ခရီးရောက်မဆိုက်ပင် သမီးဖြစ်သူက မလေး, ငွေဈေး အခြေအနေ သွားရေး၊ လာရေး အနေအထားတို့ကို မမေးဘဲ မလေးရှားသူတွေက ဘယ်လိုတုန်း၊ ဘယ်မျှတုန်း, ကဲကဲတကက်တွေလား၊ ရွတတတွေလား စသဖြင့် မသိသား ဆိုးလှစွာ မေးခွန်းများ ထုတ်လေတော့ရာ နားငရဲ ကြီးခြင်းကို ခံနိုင်ရည်ရှိဟန်မတူရှာသော ဖခင်ကြီးက...


*"အလိုလေးကွယ့်... တကယ်ပါပဲ၊ တစ်ခါလာလဲ ဒီအကြောင်းပဲ အဖန်တစ်ရာထပ်အောင် မေးနေလေတော့တာပဲ, လင်ချစ်မကြီးရဲ့။ နင့်ယောကျ်ားကို ဘာမှ ဒီကိစ္စအတွက်နဲ့တော့ စိုးရိမ်မနေနဲ့၊ ဒီတစ်ခေါက် ပါသွားမယ့် အသုတ်ထဲ စိတ်ချလက်ချသာ ထည့်လိုက်ပေတော့၊ ဒီလိုကွယ့်, လုံမငယ်ရဲ့၊ တကယ်တော့ မလေးရှားသူဆိုတာ ဒီဓာတ်ပုံ ထဲကအတိုင်းပဲ မှတ်ထား၊ တစ်ကိုယ်လုံးမှာ သူ့ကိုကြည့်လိုက်ရင်ဖြင့် မျက်လုံးပဲမြင်ရတာကလား။" "လှုဖိုသမ်းဖို့ဆိုတာလေးလို့, ယင်ထီးတွေ တောင် စိတ်ညစ်လို့ ငိုရှာတယ်၊ ညညကြည့်ရတဲ့ တရုတ်ကားထဲက နင်ဂျာတွေ တစ်ကိုယ်လုံးကို လုံအောင်ဖုံးတယ်ဆိုတာတောင် သူတို့ကို မမှီရှာဘူးကွယ့်၊ သမီးရဲ့"* ဟု ကရုဏာဒေါသဖြင့် ဆိုရှာပေ၏။

ဆွေမျိုးနီးစပ်တော်သူ ဦးကြီးတစ်ယောက်မှလည်း အဖြစ်သည်းရန် ကော,ဟူသော သမီးဖြစ်သူ၏ အဖြစ်သနစ်တို့ကို ပိုမိုလေးနက်မှုရှိစေရန် ထောက်ခံမှုမှာ ဤသို့ဖြစ်လေ၏။

*"ညည်း အမေပြောတာ အမှန်ပါပဲကွယ့်၊ တကယ်တော့ တစ်ကိုယ် လုံးလုံအောင် ဖုံးထားပြီး ခေါင်းမြီးခြုံထားတဲ့ မလေးရှားသူကို ကြည့် မိရင်ဖြင့် လကွယ်ည သန်းခေါင်ယံမှာ မိုးကြိုးပစ်ထားရတဲ့ ကပ္ပလီ တစ်ယောက် အသုရာနက်လှတဲ့ တွင်းပျက်ကြီးထဲကျသွားတာကို ငုံ့ ကြည့်မိတဲ့သူလိုပဲဟော့, ဘာမှမမြင်ရဘူးကွယ့်၊ အေး, နောက်တစ်ခုက*

*သူတို့က ဘာသာခြား လူမျိုးခြားဆိုရင်လည်း သိပ်ပြီး မစဉ်းစားလေတန်ဘူးတွယ့်, မယ်တင်ရဲ့။ အပူမရှိ အပူရှာတန်ကောကွယ်”*ဟု နှက်နှက်ပြောကလေးဖြင့် ဆုံးမလိုက်လေရာ လူကြုံပစ္စည်း လာယူကြသော ကြားရသူအပေါင်းတို့မှာ ပြုံးမိရာမှ ဝါးလုံးကွဲ ရယ်မောကြလေသည်။

မှတ်ချက်။ ။ မလေးရှား၌ ဘာသာရေးအယူအဆ စည်းကမ်းကြီးသော မလေးအမျိုးသမီးများမှာ ဘာသာရေး စည်းကမ်းအရ တစ်ကိုယ်လုံးကို လုံခြုံစွာ ခေါင်းမြီးခြုံထားပြီး မျက်လုံးပေါက်ကလေးပင် ဖော်ပြထားလေ့ရှိသည်။



# မလေးရဲ့နှင့် မွေးရာပါပညာ

ကွာလာလမ်ပူဟု အမည်ခေါ်တွင်သော မလေးမြို့တော် စက်မှုဇုန် တစ်ခုအတွင်း မြန်မာပြည်သား အများစု နေထိုင်သော တိုက်တန်းလျား တစ်ခုအတွင်း၌ ဖြစ်ပေသည်။ လစာထုတ်ရက်လည်းဖြစ် ပိတ်ရက်လည်း ဖြစ်နေပြန်သဖြင့် အေးအေးလူလူဖြင့် ရှေ့ဖြစ်နောက်ကြောင်းများကို စကားစမြည် ပြောဆိုရင်း ဆွေးနွေးနေကြ၏။ ထိုအထဲ၌ စကားဝိုင်မှာ လှတောသားအချို့လည်း ပါဝင်လေသည်။

စကားပြောဆို ဆွေးနွေးကြရင်းဖြင့် ချည်ပါသားတစ်ယောက်က စတင်၍–

*"မင်းတို့ နောက်ရောက်တဲ့အသုတ်က လူငယ်လေးတွေ အပြင် သွားရင် ဒီမလေးတွေရဲ့ ဝတ်စားဆင်ယင်ပုံ နေပုံထိုင်ပုံကို အတုခိုးပြီး သွားကြလာကြကွဲ။ တောင်ကြည့်မြောက်ကြည့် မလုပ်ရဘူး။ ရှေ့တည့် တည့်ကိုကြည့်ပြီးသွား။ သူတစ်ပါးနိုင်ငံမှာ အသိတရားနဲ့ နေကြထိုင် ကြကွဲ၊ ဒါမှဖြစ်မယ်"*

"ငါတို့ဆီမှာ စကားပုံတစ်ခုရှိတယ်၊ 'သူခိုးနဲ့မိုး အစိုးမရ'ဘူး တဲ့။ သူတို့ဆီက စကားပုံကတော့ ဒီလိုမဟုတ်ဘူး။ ဘာတဲ့ 'သူဌေးနဲ့ ရဲ စိတ်မချရ'တဲ့။ အဲဒီလို, အဲဒီလိုဟု ပြောဆိုလိုက်လေရာ ချည်ပါ သား၏ စကားသံအဆုံး၌ လှတောသားတစ်ယောက်၏ ဝင်ရောက် ထောက်ခံလိုက်ပုံမှာ ဤသို့ဖြစ်၏။

*"အလိုလေ... ချည်ပါသား ပြောချက်က လိုတောင်လိုသေးတယ်။ ဒီထက်ပိုပြီး ဂရုစိုက်ကြကွဲ။ ဘုရားတရားလည်း မမေ့ကြနဲ့ကွဲ၊ ငွေ ထုတ်ရက်တိုင်း ဘီယာတို့၊ အရက်တို့သောက်ပြီး အပျော်အပါးနဲ့*

လေလွင့်ရင်ဖြင့် 'ရုပ်တွေပါ ပျက်စီးပြီး ရဲနဲ့တိုးလိမ့်မကွဲ၊ နောက်ပြီး ဒီမလေးရဲဆိုတဲ့ သတ္တဝါတစ်မျိုးဟာ ရန်သူမျိုးငါးပါးမှာ တစ်ပါး ထပ်တိုးလေသကွယ့်။ တို့ကိုးကွယ်တဲ့ ဘုရားပွင့်တော်မူစဉ်ကာလတွေမှာ မလေးရှားဆိုတာ မရှိသေးလေတော့ မလေးရဲဆိုတာ မရှိဘူးပေါ့။ နို့မို့သာဆိုရင် ရန်သူမျိုးငါးပါးဆိုတာက တစ်ပါးတိုးလို့ ခြောက်ပါးလို့ ဆိုရလိမ့်မယ်ကွယ့်" ဟု ဆိုလိုက်လေရာ ကျန်မြန်မာပြည်သား ရွှေတို့၏ ရယ်မောသံများနှင့် အတောမသတ် ဖုံးလွှမ်းသွားလေတော့သတည်း။ ။



''သီတာဒေဝီကို မြင်ရတဲ့အချိန်မှာ ဒသဂီရိဟာ ဆောက် တည်ရာမရဘူးဆိုတာဟာ ဒီလူ့ကို ဘယ်မှာမှီလို့လဲ။ ဒီလူကြီးတို့ လှတောသူရဲ့ အလှကွန်ယက်မိပြီး ဖြစ်နေပုံများတော့ မျက်လုံးက တောဖီးကွက် တောမီးလောင်သလို တောင်တစ်လုံး မြောက်တစ်လုံး ဖြစ်လှာတယ်ကွ။ နှာခေါင်းကတော့ မျောက်ဖင်နီရဲ့ဖင် ပျားထိုးသလိုမျိုးပေါ့။ ပါးစပ်ကြီးကလည်းလေ ပြဲလာလိုက်တာလေ မိချောင်းတစ်ဝက် ဖေါ်ဖီလာတစ်ဝက်ပေါ့ကွာ၊ အလိုလေး,ဆံပင်တွေကလည်း ထောင်ပြီးဖြစ်နေလိုက်ပုံများတော့ ဆံပင်ပေါက်ခါစ အရှုးမိုးကြိုးပစ်သံကြားလို့ အိမ်သာကျင်းပျက်ထဲ ခုန်ချမယ့်ဆဲဆဲပုံစံမျိုးပါကလား''



# အဲဒီလို... အဲဒီလို

လှတောရွာ အရှေ့ပိုင်း၌ တည်ရှိသော အိမ်တစ်အိမ်၌ ဖြစ်ပေ၏။ လှတော်သူမယ်စမ်ုာ ပခန်းသား ကိုရင်ချက်ကြီးနှင့် အကြောင်းဆက် ပေါင်းဖက်နေသူလည်း ဖြစ်လေသည်။ ကိုရင်ချက်ကြီးမှာ မလေးသို့ သွားရောက် အလုပ်လုပ်ရန် စိုင်းပြင်းနေသူလည်းဖြစ်၏။

တစ်နေ့သော် ကိုရင်ကြီးတစ်ယောက် အိပ်ပျော်ရင်းနှင့် ယောင်မိ လေ၏။ အိပ်မက်ထဲ၌မူ ကိုရင်ချက်ကြီးတစ်ယောက် ကွာလာလမ်ပူ ရှိ ဘုံခုနစ်ဆင့် နိုက်ကလပ်တစ်ခုအတွင်း၌ လူ့စည်းစိမ်ကို အပြည့်အဝ ခံစားလျက်ရှိပေ၏။

***"ဟဲ့... မယ်ခ, နင်က ဆန်ပြုတ်စားပြီး အဖန်ရေပဲသောက်စမ်း၊ ငါ့ကို ဘူဖေးကောင်းကောင်းကောင်းတစ်ပွဲစာနဲ့ ဘီယာမြန်မြန်ယူခဲ့ စမ်း၊ မြန်မြန်ဟေ့... မြန်မြန်"***

ထိုသို့သော ကိုရင်ချက်ကြီး၏ ယောင်ရမ်းကြုံးဝါးသံကို အိပ်ပျော် သေးဟန်မတူသော မယ်ခတစ်ယောက် ပီပီသသကြီး ကြားလိုက်ရ ချေပြီ။ ယောက်ျားကို ချစ်လည်းချစ် နိုင်လည်းနိုင်သော ထိုမိန်းမသည် သန်းခေါင်ယံအချိန်၌ပင် ခုနစ်သံချီ ဟစ်ချေပြီ။

***"ဟင်... အလိုလေး၊ တကယ်ပါပဲ။ မသာကောင်၊ ငါကတော့ ဘုရားမှတ်လို့ ကိုးကွယ်လိုက်ရတာ၊ ဖွတ်ကြီးထွက်သွားမှ တောင်ပို့မှန်း သိရပါကလား။ ကုလားပြည်မရောက်သေးဘူး။ ခင်းက အစကတည်းက ဘဝမေ့တဲ့ ဇူဇကာပုဏ္ဏားလိုပဲ။ ဘာတဲ့, ဘူဖေးဟုတ်လား။ ဘူဖေး တော့မရဘူး။ ရှင့်အတွက် သုံးနှစ်သုံးမိုးလုံး ပြန်မဖော်ရသေးတဲ့ အိမ် သာထဲမှာ နောက်ဖေးတွေ အပြည့်ရှိတယ်"***

***"အံ့ဩမိပါတော်... ငါ့ကိုတော့ ဆံပြုတ်တိုက်မယ်တဲ့တော့်, အရပ်ကတို့ရေ"*** ဟု ပြောရင်းဆိုရင်း ထရင်းဆိုပေရာ ကိုရင်ချက်ကြီး တစ်ယောက် ထိုညချမ်းအခါသမယ၌ ညစာလည်းငတ် ဘုံလည်းပျောက် ဖြစ်ရသလို တွေ့မြင်ရသူ ကြားရသူတိုင်း မရယ်မောဘဲမနေနိုင်ကြချေ။ ။

# လှေတောသားဟောတဲ့တရား

လှေတောရွာသားဖြစ်သူ ဖိုးထောင်မှာ မလေးရှားတွင် ငါးနှစ်တီတိ အလုပ်လုပ်ကိုင်ခဲ့သူ ဖြစ်လေသည်။ ဖိုးထောင် ရွာသို့ပြန်ရောက်လာသောအခါ တူမောင်နှံ သစ္စာနှံခဲ့ရာသော ဇနီးမယားဖြစ်သူမှာတော့ မရှိရှာတော့ပြီ။

***"သေဆုံးသွားခြင်းတော့ မဟုတ်ရပါချေ"***

"မရှိမကောင်း ရှိမကောင်း၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်ဆိုသည့် မန်လည်အေးထပ်ကို ဖိုးထောင်၏ အိမ်သူက ပြဆိုချေပြီ။

ကိုဖိုးထောင်၏ ချစ်စွာလှသော အိမ်သူက ငါးနှစ်စာလွှဲလိုက်သော ငွေများကို ခိုးယူဆောင်လျက် လင်ငယ်နောက်သို့ ကောက်ကောက်ပါရင်း ဖြောင့်ဖြောင့်ကြီး လိုက်ပါလို့သွားချေပြီတကား...။

***"ကဲ... သွားချင်ဦးဟဲ့, မလေးရှား"***

"သြော်... အနိစ္စသဘောတွေပဲ၊ သွားချိန်လို့သွား၊ ဖျက်ချိန်တန်လို့ပျက်လို့သာ မှတ်ယူရမယ်" ဆိုတဲ့ ရွာဦးကျောင်းဆရာတော်၏ သံဝေဂတရား အဆုံးမှာတော့...

ကိုရင်ဖိုးထောင်တစ်ယောက် လူ့ဘဝကြီးကို စိတ်ကုန်ချေပြီ။ သည်တော့ ကိုရင်ဖိုးထောင် မဟုတ်တော့...

လောကုတ္တရာအကျိုးကို သယ်ပိုးတော့မည့် ရှင်ဝံသဖြစ်သွားချေပြီ။

ယခုလည်း ရှင်ဝံသတစ်ယောက် ငယ်သူငယ်ချင်းဖြစ်သူ ပခန်းကျောင်းမှ ငယ်ဖြူဆရာတော်၏ အကူအညီတောင်းချက်အရ ပခန်းသို့ ထွက်လာခဲ့ပေ၏။

ပခန်းဆရာတော်က–

"ကဲ… ငါ့ရှင်ကျောင်းတိုက်ကို ယုံကြည်စွာ လွှဲခဲ့မယ်။ စာပြန်ပွဲကိစ္စအတွက် ရန်ကုန်ကို တက်ချေဦးမယ်။ ဒီကာလမှာ စောင့်ရှောက်ထားချေ"

ဆရာတော် နောက်ကြောင်းကို စိတ်ချလို့သာ ကြွချေပါဟု ရှင်ဝံသ ပြန်လည်လျှောက်ထား၏။

ရှင်ဝံသ ပခန်းကျောင်း၌ သီတင်းသုံးနေရာ ဆွမ်းစားချိန်၊ တရားမှတ်ချိန်နှင့် တခြား ဝေယျာဝစ္စများမှာ အခက်အခဲမရှိပေ။ ဤသို့ဖြင့် ရက်သတ္တပတ်တာကာလ၏ ဥပုတ်နေ့ကျရောက်သောနံနက်ခင်းတစ်ခု၏ အခါသမယ၌ ဖြစ်ပေသည်။

"အလို… ကျောင်းထဲမှာ လူတွေများလှချည်လားကွဲ့၊ ဘာတုန်းကွဲ့၊ ငါ့ကိုလျှောက်စမ်း"

"မှန်ပါဘုရား၊ ပခန်းဆရာတော် ကျောင်းအပ်သွားတဲ့ လှတောက ရှင်ဝံသ တရားနာချင်လို့တဲ့၊ ဘုရား၊ တရားတောင်းဖို့ စောင့်နေကြပါတယ်ဘုရား"

"အလိုလေး… အနိစ္စ မဟုတ်သေးပါဘူး" ရှင်ဝံသတစ်ယောက် တရားကျင့်ရင်း ပေါက်သွားခြင်းမဟုတ်။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာရ၏။

နိပါတ်တော်လာ၌ ဇော်ဂျီဖိုဝင်သားစားထားသော ဗျတ်ဝိဗျတ္တ

ညီနောင်သည့် သူတို့၏ ဆရာသခင်ကို ကျီစယ်ရန်အလို့ငှာ ကျောင်းတိုက်ကြီးတစ်ခုလုံးကို ဖိုဝင်အစွမ်းဖြင့် ပြောင်းပြန်မှောက်ထားလိုက်သည်ဟု ကြားဖူးမိ၏။

ယခုလည်း ဤပခန်းကျောင်းတွင် ကျောင်းသားထဲ၌ ဤလိုလူစွမ်းကောင်းမရှိဘူးဟု မပြောနိုင်။ အခုနေများ ဖိုဝင်တန်ခိုးဖြင့် ပခန်းကျောင်းတိုက်ကြီး ပြောင်းပြန်ဖြစ်သွားပါက မိမိလည်း တရားဟောရတော့မည်မဟုတ်။ မျှော်သာမျှော် တစ်ယောက်မှတော့ ပေါ်မလာ။ ဖိုဝင်သား စားမစားကိုတော့ မသိနိုင်သော်လည်း အလှူဒါယိကာတို့၏ ဆွမ်းဟင်းအဆီအဆိမ့်တို့ကိုစား၍ အဘယ်ချောင်ကောင်းကောင်းတို့၌ ငိုက်မြည်းကုန်ကြသနည်း။

"အင်း... မဖြစ်ချေသေးပါဘူး, ထွက်ချေဦးမှ"

မတတ်သာသည့်အဆုံး ရှင်ဝံသ ထွက်ရချေပြီ။ မိမိဟောသောတရားသည် ပခန်းဆရာတော်ထက် မသာရင်တောင်မှ တန်းတူတော့ရှိရမည် မဟုတ်ပါလော။ ခက်သည်က မိမိက ငယ်ဖြူဆရာတော်မဟုတ်။ ဣတ္တိယခေါ် မိန်းမအနွယ်ဝင်တို့အပေါ် စိတ်ကုန်လွန်းအားကြီး၍ လောကီကို စွန့်ခွဲသည့် တောထွက်ဘုန်းဦးသာ ဖြစ်၏။ ထို့ကြောင့် လောကုတ္တရာစာပေကို မနှံ့မစပ် တောထွက်ဘုန်းကြီးဖြစ်သည့်အားလျော်စွာ အဟောအပြော၌ ငယ်ဖြူဆရာတော်ကို ဘယ်လိုမှ လိုက်မမှီနိုင်ချေ။

လှတောမျက်နှာ မပျက်ရလေအောင် ရှင်ဝံသ ဉာဏ်ကူရချေပြီ။ တရားပွဲကား စချေပြီ၊ ရှင်ဝံသမှ...

"ဒါယိကာတို့... ဒီနေ့ ဘုန်းကြီးဟောမယ့်တရားကို သိကြရဲ့လား"

"မသိပါဘုရား"

***"အိမ်း... မိုက်လှပေသကွယ့်, ဒါယိကာတို့ မသိမှတော့ ငါပဲဟော နေလည်း ငါ့တရားက မြင့်နေတော့ အပိုဖြစ်နေလိမ့်မယ်။ ဒီတော့ ဟောမနေတော့ပါဘူး။ သို့သော်လည်း အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ လက္ခဏာကြီးသုံးပါးကိုတော့ မမေ့ကြလေနဲ့"***

"ကဲ... ကဲ... ပြန်ကြ, ပြန်ကြ" ဟုဆိုရင်း တရားသိမ်းလေ၏။

နောက်ထာစ်ပတ်ရောက်ပြန်ချေပြီ။

ဒီတစ်ခါတွင်မူ ပခန်းမှ ဒါယိကာတို့က တစ်မျိုးလျှောက်ပြန်၏။

ဆရာတော် ရှင်ဝံသမှ ထုံးစံအတိုင်း...

"ဒါယိကာတို့... ဒီနေ့ဟောမယ့်တရားကိုရော သိလားကွယ့်"

"သိပါတယ်ဘုရား" ဟူသော အသံမှာ သံပြိုင်ပေါ်ထွက်လာ၏။

***"အိမ်း... အိမ်း ပါရမီထူးတဲ့လူတွေပဲ၊ တော်လှသကွယ်၊ အင်း... နင်တို့ သိနေမှတော့ ငါပြောဖို့ ဘာလိုတော့လို့တုန်း၊ အနိစ္စ၊ အမြဲမရှိ ဒုက္ခ, ဆင်းရဲခြင်း။ အနတ္တ, အစိုးမရတဲ့ကွယ်၊ ဒါကိုလည်း မမေ့ကြလေနဲ့ကွယ့်" ဟုဆိုရင်း တရားပွဲသိမ်းလေ၏။***

ပခန်းဆရာတော် ပြန်ရောက်မည့် နောက်ဆုံးရက်သတ္တပတ် ဖြစ်လေ၏။

ပခန်းမှ ဒါယိကာ, ဒါယိကာမတို့အချင်းချင်း တိုင်ပင်၍ တစ်ဝက်စီခွဲ၍လျှောက်ရန် ကြံစည်ကြပြန်၏။

လှတောဆရာတော်၏ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲကား စပြန်ချေပြီ။

ထုံးစံအတိုင်း ဆရာတော်ရှင်ဝံသက...

***"ကဲ... ဒါယိကာ, ဒါယိကာမတို့ ဒီတစ်ပတ်ကတော့ ဆရာတော်***

*နောက်ဆုံးဟောမှာဖြစ်တယ်ကွဲ့၊ ဒီတစ်ပတ်ဟောမယ့်တရားကိုကော သိကြရဲ့လား၊ တကာတို့”*

တစ်ဝက်က “သိပါတယ်ဘုရား”ဟု ဖြေကြ၏။

ကျန်တစ်ဝက်က “မသိပါဘူးဘုရား”ဟု ဖြေကြ၏။

လျှောက်တင်အပြီး ဆရာတော် မိန့်တော်မူလိုက်ပုံကတော့-

*အိမ်း... ကောင်းပေစွ, ကောင်းပေစွ။*

*ပခန်းကလူတွေက ပါရမီတော်တော်ရင့်သန်ကြတာပဲ၊ တရားနှစ်ခါပဲပြရသေးတယ်။ တစ်ဝက်လောက် သိကုန်ကြပြီ၊ ဒီတော့ ဆရာတော်လည်း သက်သာပါပေတယ်။ တရားသိတဲ့သူတွေက ဒီလိုတော့လည်း ဟုတ်ပါ့မလားကွဲ့၊ နင်တို့က တစ်ခါသိတဲ့သူက မသိတဲ့သူကို ပြန်ပြီးတရားလက်ဆင့်ကမ်းလိုက်ကြလေကွဲ့။ ဒါမှ ကုသိုလ်ပိုထူးမယ်။ ကဲ... ကဲ... တရားသိမ်းပြီး ရေစက်ချကြဟုဆိုရင်း တရားပွဲအဆုံးသတ်လေသည်။*

နောက်တစ်နေ့နံနက် ပခန်းဆရာတော် ရန်ကုန်မှ ပြန်ကြွလာသော် ရှင်ဝံသမှာ လှတောသို့ ပြန်ကြွသွားချေပြီ။

ကျောင်း၌ အလုံ့ရှိသောနေ့၌ ဆရာတော်မှ တရားပေးရာပခန်းမှ ဒါယိကာ၊ ဒါယိကာမများလည်း စုံလင်ကြ၏။ ဤတွင် ဆရာတော် ရှင်ဝံသအကြောင်းကို ဒါယိကာရင်းများကို မေးမြန်းလေ၏။

*“ဟဲ့... ဒါယိကာတို့ လှတောက ဆရာတော် ရှင်ဝံသတရားပြတာ နင်တို့ တရားတော်တော်မှရကြရဲ့လားကွဲ့”*

ဒါယိကာများမှ ငယ်ကြောက်ဆရာတော်ကို ရုတ်တရက် မလျှောက်တင်ရဲ၍ ငြိမ်နေကြရာမှ ကပ္ပိယကြီးမှ-

*“တော်တော်ကိုထူးတဲ့ တရားထူးပါဘုရား၊ လက္ခဏာကြီးသုံးပါးကို အကျဉ်းချုံးပြီး ဟောသွားတာများ ပြန်ရှင်းပြစရာမလိုအောင်ကို ရှင်းနေ*

*တာပဲဘုရား"*ဟု လျှောက်တင်လေရာ မခံမရပ်ဖြစ်နေသူ ငယ်ရင်း ဒါယိကာဦးဖိုးတုတ်၏ ရင်ဖွင့်ပုံမှာ ဤသို့ဖြစ်လေ၏။

**"အရှင်ဘုရား၊ စာပြန်ပွဲအတွက်သွားတာ ရက်နှစ်ဆယ်သာကြာလို့ပေါ့ဘုရား။ နောက်ထပ် ဆယ်ရက်လောက်သာဆို ပခန်းတစ်ရွာလုံး တရားတွေရကုန်ကြလို့ အရှင်ဘုရား ပြန်လာရင် တစ်ရွာလုံး ကတုံးချည်းရှိမှာပါဘုရား။ ဒီလိုမဟုတ်ဘဲ ဆက်ပြီး နှစ်ရက်လောက် ဆက်ကြာနေရင်တော့ အကျွတ်တရားတွေရပြီး နိဗ္ဗာန်ရောက်ကုန်ကြလို့ အရှင်ဘုရားနဲ့တောင် တွေ့ခွင့်ရလိမ့်မယ် မထင်ဘူး၊ဘုရား"**ဟု လျှောက်တင်လေရာ ကျောင်းတိုက်အတွင်း ရယ်မောသံများဖြင့် ဆူညံသွားလေတော့သည်။

ထို့နောက်တွင်ကား ဆရာတော်၏ အရိုးခံဖြင့်ပြန်လည်မိန့်ဆိုပုံမှာလည်း ဤသို့ဖြစ်၏။

**"အိမ်း... တန်တော့ ဒီလိုတော့လည်း ဖြစ်လာလိမ့်မယ်လို့ ငါလည်းပဲ ယူဆမိပါရဲ့၊ ရှင်ဝံသဟာ ငယ်ဖြူဆရာတော် မဟုတ်ပေမယ့် မိန်းမတွေကို စိတ်ကုန်ပြီး လူ့ဘောင်ကို စွန့်ခွာခဲ့တာကွဲ့။ ပခန်းက ငါ့တကာတွေ တရားထူးရမယ်မှန်း အမှန်သိရရင် ငါကိုယ်တော်လည်း ရက်ကြာကြာ ဆက်နေဖြစ်ပါတယ်ကွဲ့"**ဟု မိန့်တော်မူပုံအဆုံးတွင်ကား ဒုတိယမ္ပိ ကြီးမားသော ရယ်သံကြီးမှာ ကျောင်းတိုက်တွင်းသာမက အပြင်သို့ပင် လျှံတက်သွားလေတော့သတည်း။ ။





"တသက်လုံး အစွမ်းအစမရှိ၍ မိန်းမ မရ ပွူးသေးလေရာ ယခုဖခင်ကြီး၏ အစွမ်းအစနှင့် မိန်းမ တစ်ယောက် ရမလိုဖြစ်ပြီးမှ ကိုယ့်အစွမ်းအစနှင့် ကျန်ရစ်ဖြစ်ရသည်တွင် ယောကျ်ားကြီးတန်မဲ့ ကလေးမမွေးဖူးသေးသော အပျိုမလေး၏ ကိုယ်ဝန် တည်ခါစ ဖြစ်သလိုမျိုး ရင်ထဲမှာ တလှပ်လှပ်နှင့် ကတုန်ကယင် ကြီး ခံစားနေရလေသည်"



အခန်း(၂)

မြန်မာပြည်သားနှင့်မလေးရှားဟာသများ

# ဖြစ်ရလေကွယ်... ငါ့သားရယ်...

လှတောရွာသား တုတ်ကြီးမှာ မလေးရှားပိုး အလွန်ပါသူဖြစ်လေသည်။ တစ်နေ့တွင် ဖခင်ကြီး၏ စီစဉ်ပေးမှုကြောင့် မလေးရှားကိစ္စမှာ အဆင်ချောသွားလေသည်။ အဆင်ချောမွေ့ခြင်းနှင့်အတူ ချစ်လှစွာသော ငယ်ရည်းစားလေးကလည်း “ကိုရင်တုတ်, ငွေရမရက အရေးမကြီးဘူး၊ ချစ်ဂတာချစ်တာ ပဓာနမို့ ကိုတုတ်ပြန်လာတာနဲ့ လက်ထပ်မယ်”ဟု ကတိစကားဆိုလိုက်ချေရာ ထိုနေ့အဖို့ ကိုရင်တုတ် ရင်ထဲတွင် ဘုရားပွဲလှည့်ရချေပြီ။ ထို့ကြောင့်လည်း အပျော်လွန်ပြီး တစ်ရွာလုံး အမျိုးရှိ အိမ်တိုင်းသို့လှည့်ပြီး ကွေးနေအောင်ကလေ့ရာ ဖခင်ကြီးက ဤသို့ သတိပေးစကား ဆိုလေသည်။

*“အလိုလေး… တကယ်ပါပဲ၊ ဖြစ်ရလေကွယ် ငါ့သားရယ်၊ မလေးရှားရွှေးလို့မှ မပြီးသေးဘူး၊ မယားတရွှေးက ထဖြစ်ပြန်ပြီဆိုတော့ အင်း… ထိန်းကြကွဲ့၊ ထိန်းကြ ထိန်းကြ”*

တန်တော့ ဒီကောင့်ကို စောင့်ကြည့်လို့ မနက်ဖြန်မှ ပြန်မကောင်းရင်တော့ ရှာဦးကျောင်းခေါ်သွားပြီး ဘုန်းကြီးပဲ ဝတ်ပေးလိုက်တော့မယ်” ဟူတည်း။ ။



# ပြေျုးက ပြီလေပြီ

ရွှေဘိုသားတစ်စု မလေးရှားကိစ္စအတွက် ရန်ကုန်သို့ထွက်ခဲ့ကြသည်။

ရန်ကုန်မြို့ လူစည်ကားသော တစ်နေရာအရောက်တွင်မူ ခေတ်လူငယ်တစ်သိုက် (ရပ်(စ်)ပါ) များနှင့် တိုက်မိလေရာ ထိုလူငယ်များမှ “တောသားတွေများ မြို့ကိုလာပြီး မမြင်မစမ်းနဲ့”ဟု ကြိမ်းဝါးသွားလေသည်။

ထို(ရပ်(စ်)ပါ) တစ်သိုက် ကျော်သွားသောအခါတွင်မူ ရွှေဘိုဝက်လက်သားတစ်ဦး၏ ရင့်ကျူးပုံမှာ ဤသို့ဖြစ်လေသည်။

*“အလိုလေးကွယ်… ပြေျုးကများ ပြီပြီရတယ်လို့ကွယ်။ ဟိုမရောက်ဒီမရောက် ယောင်တောင်တောင်နဲ့ ခြောင်တောင်တောင်ကောင်တွေ၊ လမ်းလျှောက်ပုံကိုက ယောကျ်ားပီပီ ကျားကျားလျားလျား မရှိရှာဘူး၊ တောင်ပိုင်းက လေနှစ်ခါဖြတ်ထားတဲ့ ဘကြီးပွားတောင်သူတို့ထက် ကြည့်ကောင်းဦးမယ်”*ဟု ဆိုလိုက်လေရာ အဖော်ပါသူတစ်သိုက်တို့မှာ မရယ်မောဘဲ မနေနိုင်ကြချေ။



## သူဌေးဆိုသည်မှာ...

ပီနန်ကျွန်း အလုပ်ခွင်တစ်ခု၌ ဖြစ်လေသည်။ မြန်မာပြည်သားများ ဆုံမိခိုက် စကားလက်ဆုံကြနေကြ၏။

ထိုအထဲမှ ချည်ပါသားတစ်ဦးက စတင်၍–

*"တို့ရွာမှာ လူကြီးတွေ ဆိုရိုးစကားပုံတစ်ခု ရှိတယ်ကွ 'သူခိုးနဲ့ မိုး အစိုးမရတဲ့'၊ သည်ရောက်လေတော့မှ ပြင်ရမှာက 'သူဌေးနဲ့ဈေး စိတ်မချရ'တဲ့။ ဈေးဟာ ဘယ်အချိန်ကိုက်မယ်ဆိုတာ မသိနိုင်သလို သူဌေးဆိုတာလည်း တို့အနိမ့်စံအလုပ်သမားတွေပေါ်မှာ ဘယ်လိုဂုတ် သွေးစုပ်ရမလဲဆိုတာ အမြဲချောင်းနေတာကွ"*

ထိုစကားဖြင့် အဆိုပြုမှုကို ပခန်းကတစ်ယောက်က ဤသို့ဝင် ရောက်ထောက်ခံလေသည်။

*"ဟုတ်ပ ကိုရင်ရယ်၊ တန်တော့ သူဌေးဆိုတဲ့ သတ္တဝါတွေဟာ သွေးစုပ်ဖုတ်ကောင်သေပြီး ဝင်စားတဲ့ကောင်တွေ ဖြစ်ရမယ်။ ငွေပေး တဲ့အပေါ်မှာ တန်အောင်ခိုင်းချက်ကတော့ တိရိစ္ဆာန်ရုံက ပါးစပ်ကြီး တွေဖြံပြီး နေပူစာလှုံနေတဲ့ မိကျောင်းကောင်တွေရဲ့ ပါးစပ်ကြီးတွေသာ ပိတ်ရင်ပိတ်သွားမယ်။ ဒင်းတို့ရဲ့ ပါးစပ်ကတော့ ခိုင်းနေရလို့ကတော့ (၁၂) ရာသီ မပိတ်ဘူးသာမှတ်"*ဟု ဆိုလိုက်လေရာ မြန်မာပြည်သား အပေါင်းမှာ ရင်တွင်းခံစားချက်ကိုယ်စီဖြင့် ပြုံးမိကြလေသည်။

## ရှစ်စပ်က ဂျင်ဂျင်လည်

လှတောရွာတွင် ဒေါ်မယ်တင် သမီးလေးမှာ ချောလွန်းလှလွန်း သည့်အပြင် တခြားဂုဏ်ပုဒ်တစ်ခုမှာ လည်လွန်းသည်ဟု နာမည်ကြီး

လှ၏။

တစ်နေ့တွင် ရွှေဘို ဝက်လက်ဘက်မှ မိဘက ငွေကြေးရှိသည့် အပြင် မလေးရှား နှစ်ခါသွားပြီး သုံးခါသွားအံ့ဆဲ လူပျိုကြီးတစ်ဦးမှ လာရောက်နားဖောက်တောင်းရမ်းလေရာ ထိုလူစုံရှေ့တွင်မူ သမီးဖြစ်သူက မိခင် မျက်နှာကြောင့် မပြောသော်လည်း ပြန်သွားလေသော် ဤသို့ရင် ဖွင့်လေသည်။

*"သည်လိုယောက်ျား ဘာလုပ်ဖို့လဲ အမေရယ်၊ လူပျိုသိုးကြီးတဲ့ အသိုးဆိုရင် ထမင်းသိုး ဟင်းသိုးတောင် ငယ်ငယ်ကတည်းက အမေ့သမီး စားတာ မြင်ဖူးလို့လား။ ပြောတော့ လူပျိုကြီးတဲ့၊ အသက်က ဖ ဆောင့်နေပြီ။ ယောက်ျားအတွက်တော့ မပူပါနဲ့ အမေရယ်၊ သမီး ရွေးရမယ့် ယောက်ျားတွေက ခေါင်းခေါက်ပြီး ရွေးမယ်ဆိုရင်တော အမေ့သမီး လေး ငါးရက် လောက် ခေါက်ယူရမယ်"* ဟု အလှမာနဖြ ဝင့်ကြွားစွာဆိုလေရာ အမေတူသမီးအား ဒေါ်မယ်တင်၏ ဆုံးမစကား ပါသော တုံ့ပြန်ပုံမှာ ဤသို့ဖြစ်လေသည်။

*"ညည်းကိုညည်း လည်လှပြီလို့တော့ ထင်မနေပါနဲ့အေ၊ ပါးလွ တော့လဲ ပေါက်တတ်တယ်တဲ့၊ လည်လွန်းတဲ့ဘီး ချေးသင့်တဲ့ဒေ ရှစ်စပ်က ဂျင်ဂျင်လည်မကလို့ ဂျင်ပေါက်ကထုံး ဖြစ်နေရင်တောင် ဇ ပေါက အစက်နဲ့တွေ့တော့ မခက်ပါလား၊ ကိုယ့်ကိုယ်ကိုယ်တော့လည မိန်းမဟာ မိန်းမပဲ ဆိုတာတော့လည်း သိထားဦး"* ဟု ဆုံးမစကာ ဆိုလေရာ ကြားမိလေသူတိုင်းက ပြုံးမိကြလေသည်။



# ရွှေဘုံ ရွှေနန်း

မလေးရှားသို့ အလုပ်အကိုင်ဖြင့် သွားကြသူများအနက် အဆင်ပြေသူရှိ၍ အဆင်မချောသူများလည်း ရှိကြသည်။

ယခုလည်း အဆင်မပြေသေး၍ ငွေမပို့နိုင်သည့်အပြင် အိမ်မှငွေပြန်မှာ၍ စပါးနှင့်နွားကို အပေါင်သိကံ ပြုလိုက်ရရှာသော မယ်ခင်၏ မိခင်ကြီးကို တိုင်တည်ရင်း ရင်ဖွင့်ပုံမှာ ဤသို့ဖြစ်လေ၏။

*"အမေလေးရယ်၊ အမေ့သားက ပြောတုန်းကတော့ မိုးလားကဲလားနဲ့ မို့လား။ သြော်... ကံကြမ္မာများ ဒီလိုပါပဲလေ။ ရွာမှာပြောသွားတုန်းကတော့ဘာတဲ့၊ မလေးရှားဆိုတာ တာဝတိံသာဘုံကဝေဇယန္တာနတ်နန်းကို ခေါင်းယာဉ်ပျံကြီးစီးပြီး သွားရသလိုပဲတဲ့။ ကျွန်မကိုပေါ့တော်၊ ပြောလိုက်ပါသေး၊ ဘာတဲ့, ရှင်မ မင်းလိုက်လည်ချင်ရင် နောက်ပိုင်း ငါခေါ်မယ်တဲ့"*

*"အလိုလေးလေး... အမေ့သမီး ကံကြီးလို့သာပေါ့၊ တကယ်ပါပဲ ပြောတော့ တာဝတိံသာတဲ့၊ သူသွားလိုက်တဲ့ နေရာကဖြင့် အဝီစိကို ဂျပန်ပြည်က ကျည်ဆန်ရထားစီးပြီး သွားလိုက်တာပါကလားကွယ်ရို့။ ခမျာ သူ့ဘာသာသူသွားလို့ အားမရဘူး အဘဖောက်ထားတဲ့ နွားပြောကြီးတစ်ရှဉ်းပါ အဆစ်ခေါ်သွားသေး"* ဟု ရင်ဖွင့်စကားသံအဆုံးတွင် ဘေးမှ ထိုင်၍ နားထောင်နေကြသူအပေါင်းတို့မှာ ဂရုဏာသက်ရင်း ရယ်မောကြရလေသည်။

**"ဟုတ်ပ, ကိုရင်ရယ်၊ တနိတော့ သူဌေးဆိုတဲ့ သတ္တဝါတွေဟာ သွေးစုပ် ဖုတ်ကောင်သေပြီး၊ ဝင်စားတဲ့ကောင်တွေဖြစ်ရမယ်"**



"ငါကတော့ ဘုရားမှတ်လို့ ကိုးကွယ်လိုက်ရတာ၊ ဖွတ်ကြီးထွက်သွားမှ တောင်ပို့မှန်းသိရပါတလား။ တုလားပြည်မရောက်သေးဘူး။ ဒင်းကအခုကတည်းက ဘဝမေ့တဲ့ ဇူဇကာပုဏ္ဏားလိုပဲ။ ဘာတဲ့ , ဘူဖေးဟုတ်လား. ဘူဖေးတော့မရဘူး။ ရှင့်အတွက် သုံးနှစ်သုံးမိုးလုံး ပြန်မဖော်ရသေးတဲ့ အိမ်သာထဲမှာ နောက်ဖေးတွေ အပြည့်ရှိတယ်"

# ဥစ္စာဟူသည် မျက်လှည့်မျိုး

လှတောရွာသူ အေးခင်မှာ အလွန်စေးကပ်ချေတာသူ ဖြစ်သည်။ ယခုမူ သူ့လင်ယောက်ျားဖြစ်သူ မလေးမှ လွှဲအပ်လိုက်သော ငွေများမှာ ဆွေမျိုးနီးစပ်တို့၏ မသမာမှုကြောင့် ဆုံးပါးကိန်းသို့ ဆိုက်ရောက်သွားရချေ၏။

ဤအဖြစ်အပျက်ကို အကြောင်းပြု၍ လှတောသူတို့၏ တီးတိုး တီးတိုး သဖန်းပိုးမှုမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

*“အလိုလေး ဖြစ်ရလေကွယ်၊ အေတီကကိုမှ ထိကပေါက်စေရသတဲ့လား။ ဒါကြောင့်ပြောတာပေါ့၊ ကိုယ်ကကြူးရင် ကိုယ့်ဒူးတောင်မယုံကြနဲ့ကွယ့်၊ အခုတော့ မျောမှာ မဘဒ္ဒါလင်ပျောက်သလို ဖြစ်နေရှာမှာပေါ့”*ဟု ဆိုလိုက်လေရာ စကားသွက်လှသော လှတောသူတစ်ယောက်ကလည်း ဤသို့ ထောက်ခံလိုက်လေသည်။

*“ဟုတ်ပ ဒွေးလေးရယ်၊ ဥစ္စာဟူသည် မျက်လှည့်မျိုးတဲ့၊ ဒီလိုတော့လည်း ဟုတ်ပါ့မလား၊ တရားနဲ့ဖြေနိုင်းရတော့မှာပေါ့။ ဒီကောင်မငွေတွေပါသွားလို့ ပုံမှန်မဟုတ်တာတော့ သေချာတယ်တော့၊ ဟိုနေ့က ငါနဲ့ စကားပြောတော့ အပြောအဆိုတွေကလည်း မမှန်ချင်ဘူး၊ မျက်လုံးတွေကလည်း ပိုက်ထဲပါလာတဲ့ ငါးပုတင်းမျက်လုံးလိုပဲအေ့, တောင်တစ်လုံး မြောက်တစ်လုံးနဲ့”*ဟု ဆိုလိုက်လေရာ ကြားရလေသူအပေါင်းတို့မှာ ဂရုဏာသက်မိရင်း ဝိုင်းဝန်းရယ်မောကြလေသည်။

“အလိုလေး၊ ဟိုရှေ့က ဝတ်ထားတဲ့ အမျိုးသမီး အကျီက ငှက်ကုလားအုတ်ကြီး လမ်းလျှောက်လာသလိုပဲဗျ။ စကပ်ကို တိုထားလိုက်ပုံများတော့ ရှာကအောက်ပိုင်းမွေးမရှိတဲ့ ကြက်မွေးလန်ကျနေ တာပဲ”

## လုပ်ပါနဲ့ မဘိုမရယ်...

ခေတ်ကိုလိုက်ခြင်းသည် နေရာတိုင်းတော့ မကောင်းချေ။

ယခုလည်း မြို့ကိုတက်ပြီး ရှာဖွေပေးစားထားသော ဘိုဆံလှသည့် ချွေးမချောကြောင့် စိတ်ညစ်စရာများ ကြုံတွေ့ရသည်။ အမြင်မတော် လှသည့်အဆုံး ယောက္ခမဖြစ်သူ၏ မြည်တွန်ပုံမှာ ဤသို့ဖြစ်၏။

*"အလိုလေးကွယ့်...တကယ်ပါပဲ၊ ကျုပ်တို့ ချွေးမ နိုင်ငံခြားပြန် မဘိုမကတော့ ဘိုဆန်လိုက်သမှ ကလေးနို့တိုက်တာတောင် ဘိုမ တိုက်နည်းနဲ့ နို့အငတ်ခံပြီး တိုက်သတဲ့။ အိမ်က ဟိုအကောင် ကျုပ် သား နွားကလည်း မြွက်စားပြီး မယားပြောသမျှ ခေါင်းချဉ်းညိတ်နေ တော့တာပဲ"*

*"အလိုလေး... ဒီပုံစံနဲ့တော့ ငါ့မြေးလေးဟာတော့ နို့မျက်တဲ့ ကလေးဆိုသလို ကြီးလာရင်တော့ စားဖားနဲ့ ရှဥ့်ပေါ်စပ်ထားသလိုပဲ ဖြစ်လေမလား (ဒါမှမဟုတ်) နင်တို့ကြိုက်တဲ့ ဟိုခုန်ဆွခုန်ဆွနဲ့ မင်း သားလို ခေါင်းကြီးကိုယ်သေး ငါးပူးတင်းရုပ်နဲ့ ဇီးကွက်ခေါင်းပဲ ထွက်လာမလား စောင့်ကြည့်ရဦးမှာပဲ"* ဟု ဆိုလေရာ ကြားမိလေသူတိုင်း မဆိုင်းတွဲဘဲ ဝါးလုံးကွဲ ရယ်မိကြလေသည်။

## လှတောရွာကိုစောင့်မယ့်နတ်

**လူပျိုကြီး ကိုဖိုးချစ်။**

ကိုဖိုးချစ်ကို လှတောဌ မသိသူမရှိပါ။ လူပျိုကြီးစစ်သမှ 'မ'ဆို ပါက ယင်မတောင် မယမ်းခဲ့ဘူးပါ။ မသမ်းရအောင်လည်း သူကိုယ် တိုင်က ရှောင်ကြဥ်သူဖြစ်ပါ၏။ ဘဝဌ မိန်းမထက် ခင်တွယ်စရာများ

စွာရှိပါသေးဘိတကားဟု ယုံကြည်စွာ ခံယူထားသူဖြစ်ပါ၏။

ယခုလည်း စကားဝိုင်း၌ သားရေး သမီးရေး ရှေ့ရှာနောက်ရှာ ပြောဆိုကြရင်း လူပျိုကြီးအကြောင်း ရောက်သွားလေရာ အကြောင်းသိတစ်ဦး၏ ပြောဆိုပုံမှာ ဤသို့ဖြစ်၏။

*"အလိုလေး... ကိုဖိုးချစ်နဲ့တော့ သွားမစပ်နဲ့ လေကုန်ရုံပဲရှိမယ်၊ သူက လူမဟုတ်ဘူး၊ သေရင်တောင် ငှက်ပျောတုံးဖက်သေပြီး လူပျိုကြီးအဖြစ်နဲ့ လှကောရွာကို စောင့်မယ့်နတ်၊ အဲဒီ ကိုဖိုးချစ်က လူမဟုတ်တော့ မိန်းမ မလိုဘူး၊ နတ်ကြီးကွ မှတ်ထား"*ဟု ဆိုလိုက်လေရာ ရွှဲ့ပြောသောစကား ဖြစ်သော်လည်း ရယ်မောသံများဖြင့် ဆူညံသွားလေသည်။

## ပြောတော့လေကွယ်, စာဥရယ်

ရွှေဘို ဝက်လက်သား ဖိုးတုတ်မှာ လှတောသူ စာဥနှင့် ငယ်ရည်းစားဖြစ်ပြီး ယခု မလေးရှားမှ တစ်ခေါက်ပြန်ခဲ့ပြီဖြစ်သည်။

စာဥကို ငယ်ချစ်လည်းဖြစ် ကြောက်လည်းကြောက်ရသူ ဖိုးတုတ်မှာ ကတိပြုထားသည့်အတိုင်း လက်ထပ်ရန် အကြောင်းပြောလေရာ မစာဥမှာ မိန်းမတို့လောဘ ပင်လယ်ဝ ဟူသည့်အတိုင်း သူ့ချစ်သူ ဖိုးတုတ်အား မတိမ်းမစောင်း ဗိန်းဖောင်းနှင့် နောက်တစ်ခေါက် ကျောင်းခိုင်းပုံမှာ ဤသို့ဖြစ်လေ၏။

*"ဒီလိုတော့လည်း ဟုတ်ပါ့မလား ကိုရင်ရဲ့။ ကိုရင့်ဘဝမှာ စာဥလိုချင်တာကို ဖြစ်အောင်ဖန်တီးပေးမယ်ဆို၊ ကိုရင့်ကို မြင့်မိုရ်တောင်ကိုလည်း စာဥ မတက်နိုင်းဘူး၊ မဟာသမုဒ္ဒရာကြီးကိုလည်း လက်ပစ်မကူးနိုင်းပါဘူး၊ ရွာထိပ်က သူကြီးသမီး ငွေခင်တို့လောက်တော့ စာဥကို*

*အနည်းဆုံးထားနိုင်အောင် ကြိုးစားပါ။ ဒီလိုဆိုရင် အဲဒီစားလို့မရ ရောင်းလို့မရတဲ့ သစ္စာတရားနဲ့ မေတ္တာတရားတွေကို ကိုရင် စေတ္တခဏ ထားပြီး မရှိမရှား မဖြစ်ရလေအောင် မလေးရှားဆိုတဲ့ ဘုံရပ်ကြီးကို နောက်ဆုံးတစ်ခေါက် မနေ့းအမြန် ပြန်ပါလေဦး၊ ပြန်လေဦး"* ဟု ဆိုလေရာ ဖိုးတုတ်မှာ ကောင်းစွာမဟုတ်နိုင်ရှာတော့ဘဲ ရှဉ့်ငပေါ မီးလျှော လေသော မျက်နှာထားမျိုးလေးဖြင့် ရက်စက်လေသူကြီး၏ မျက်နှာလေးကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေရှာလေတော့သတည်း။

# ယောက်ျားကောင်းတော့ မောင်းမတစ်ထောင်

မလေးရှားသို့ သွားအံ့ဆဲဆဲ မြေးဖြစ်သူအား ပခန်းမှလာသော အဘွားဖြစ်သူက မိန်းမကိစ္စရပ်များအား နောက်ဆံမတင်းရန် ငွေကိုကြိုးကြိုးကုပ်ကုပ် စုဆောင်းရန် စသည်ဖြင့် ဤသို့ဆုံးမစကား ဆိုနေလေ၏။

*"ဒီလိုရှိတယ်ကွဲ့၊ မြေးလေးရဲ့၊ အချိန်နဲ့ ဒီရေဟာ လူကိုမစောင့်ဘူးတဲ့၊ ဒီတော့ ငါ့မြေး၊ အချိန်ရှိခိုက် လုံ့လစိုက်ပြီး အလုပ်ကိုသာ ကြိုးစားပါကွယ်၊ မိန်းမကိစ္စရပ်တွေကိုလည်း ခေါင်းထဲမှာ ထည့်မထားလေနဲ့၊ ယောက်ျားကောင်းတော့ မောင်းမတစ်ထောင်တဲ့။ ကိုယ်က သွားစရာမလိုဘူး၊ ကိုယ့်ဆီလာတဲ့ သူကိုယ်သာ အကောင်းဆုံး ရွေးမြှောက်တာဟာ ယောက်ျားကောင်းတို့ရဲ့ အလုပ်ပဲ လူလေးကြီးရဲ့"* ဟု ဆိုလိုက်သံအပြီး ဘေးမှ တစ်ချိန်လုံးနားစိုက်ထောင်နေရှာသော လှတောပေါက်မြေးမလေး၏ ဝင်ထောက်ပြောဆိုသောစကားမှာ ဤသို့ဖြစ်လေသည်။

*"ဒီလိုတော့လည်း ဟုတ်ပါ့မလား ဘွားလေးရဲ့၊ ယောက်ျားကောင်းလို့ မောင်းမတစ်ထောင်ရပြီပဲထားပါတော့၊ မောင်းမတစ်ထောင်က*

*ဈေးလာမယ့် ကလေးကို တစ်ယောက်နှုန်းပဲထားပါဦး၊ ဘွားလေးမှာ ပုတ်တစ်ထောင်ပြည့်အောင် ရှိလို့လား၊ အခုအချိန်မှ ပုတ်ထိုင်ရက်လည်း မမြင်မစမ်းနဲ့ မှိမှာမဟုတ်တော့ဘူး၊ ဒါကြောင့်မို့ ဘွားလေးကိုပြောတာ အချိန်နဲ့ဒီရေဟာ လူကိုမစောင့်ပါဘူးလို့"* ဟု ချက်ချာစွာ ပြောဆိုလိုက်သော မြေးမလေး၏ စကားအဆုံးတွင် အဘွားဖြစ်သူမှာ ပါးစပ်ဟောင်းလောင်း ဖြစ်နေရလေသည်။

# လင်လိုချင်တဲ့ တောဗီးကွက်

ရွာမှ လွန်ခဲ့သော ငါးနှစ်ကျော်ခန့်က ပျောက်ချက်သားကောင်းခဲ့သော ကိုရင်သာဝတစ်ယောက် ရွာသို့ပြန်ရောက်လာသော သတင်းမှာ လှတောတစ်ရွာလုံးတွင် ပျံ့နှံ့လျက်ရှိချေ၏။ ကိုရင်သာဝမှာ မလေးရှားသို့ ရောက်ရှိသွားခဲ့ပြီး အပြန်ခရီးမှာလည်း တော်တော်စုမိခဲ့ပုံရလေသည်။

ကိုရင်သာဝမှာ အမျိုးအင်အား များပြားသည့်အလျောက် သတင်းမေးသူ ချစ်သူခင်သူတို့ဖြင့် အိမ်ဝိုင်းအတွင်း အရပ်မလေ့ စည်ကားလျက်ရှိချေ၏။ သတိတရဖြင့် မေးမြန်းလာသူများအထဲတွင် ကိုရင်သာဝနှင့် ငယ်ဇာတ်လမ်းရှိခဲ့ဖူးသူ တစ်ယောက်လည်း ပါဝင်လေရာ အတိတ်ဟောင်း ဇာတ်လမ်းကြောင့် နှစ်လိုဟန်မရှိသော ညီမဖြစ်သူ၏ နှုတ်ထွက်စကားမှာ ဤသို့ဖြစ်၏။

*"အလိုလေး... ဒီလိုတော့လည်း အံ့ဩစရာကြီးပါလား၊ တကယ်ပါပဲတော်၊ လောကကြီးမှာ ငွေသည်သာအရှင်၊ ငွေသည်သာဘုရင်၊ ငွေသည်သာ သခင်ပါပဲလားနော်၊ အရင်ကများ ငါ့အစ်ကိုကို မတူမတန် အဖတ်မတန်ဘူးဆိုတဲ့ မိန်းမ အခုများကျတော့ အိမ်တော်ဦးထိတောင်*

*ဦးနိုက်ရပါရော့လား။ ကောင်မနှယ် ဖြစ်နေလိုက်ပုံများတော့ အရင်ပုံစံနဲ့များ ကွာပါ့အေ။ ငါ့အစ်ကိုကို တစ်ချိန်က လှည့်မကြည့်ခဲ့တဲ့ မိန်းမအနုများ ကိုရင်သာ၀ ဘာစားချင်တုန်းဆိုတာတစ်မျိုး၊ ရာသီဥတုက ပြောင်းတယ်မို့လား၊ ရေချိုးမှာဦးမယ်ဆိုပြီး မျက်လုံးလေးပြူးပြီး စိုးရိမ်တကြီး ဆိုလိုက်ပုံများတော့ ငါ့စိတ်ထဲ လင်လိုချင်တဲ့ တောဖီးကွက်မလေးလို့ ထင်မိတော့တာပဲအေ*”ဟု ဆိုလိုက်လေရာ ရယ်မောသံများဖြင့် သောသောညံသွားလေတော့သတည်း။ ။

# မိစိမ်းကားကြီး၏ မာယာ

လှတောရွာသူ ရွှေခင်မှာ ရိုးသားပွင့်လင်းလောက် အပြောကလည်း ကောင်းလှသည်။ ယောကျ်ားသားဖြစ်သူမှာ မလေးသို့သွားနေလေရာ သားလေးတစ်ယောက်နဲ့ နေသူဖြစ်လေ၏။ သူများယောကျ်ားများ ငွေပို့လိုက်တိုင်း ငွေမပါသောအခါများတွင်မူ ယောကျ်ားတွေ ဘယ်လို မကောင်းကြောင်း၊ ယောကျ်ားတွေကို ဘယ်လိုမုန်းကြောင်းသာ ပြောလေ့ရှိသူဖြစ်၏။

တစ်နေ့တွင် “ဒေါ်လေးရွှေခင် မလေးစာပါတယ်”ဟု လူကြုံ အသံကြားသည်နှင့် တစ်ပြိုင်နက် ဇွေ့ကနဲ အိမ်ပေါ်မှ ခုန်ချသွားပုံကို ကြည့်၍ မိခင်ဖြစ်သူ ဤသို့မှတ်ချက်ပြု၏။

*“အလိုလေးတော်... တကယ်ပါပဲ၊ ယောကျ်ားကို မုန်းလို့တော်သေးတာပေါ့၊ ချစ်များချစ်ရင် လှူ့ပြည်ကနေ အဝီစိကို တခါတည်းများ ခုန်ချမလား မသိဘူး။ အလိုလေးလေး... လှေခါးက မဆင်းဘဲ ခုန်ချသွားပုံများတော့ ရှဉ့်ပေါ်နဲ့ သားပိုက်ကောင်ကကျထားတဲ့ သတ္တဝါလား*

မှတ်ရ” ဟု ဆိုလေရာ ကြီးဒေါ်ဖြစ်သူကလည်း ဝင်ရောက်ပြောဆိုပုံမှာ ဤသို့ ဖြစ်လေ၏။

*“ဟုတ်ပ့ါကွယ် လူရှေ့မှာတော့ မိစိမ်းကားကြီး၊ ကွယ်ရာမှာတော့ လင်ကို ကျိတ်ပြီးချစ်မယ့်မိန်းမ၊ အလိုလေး, စန္ဒကန္တရီဇာတ်ထဲက ကန္တရီကန္တရာ ကျနေတာပဲလားကွယ့်ရို၊ နင့်သမီးဟာ ဘယ်လိုပါလိမ့် မဖုံးတတ်၊ မဖိတတ်၊ ရှေ့ကဖုံး နောက်က ပေါ်နဲ့ လူ မဟုတ်ဘူး၊ ဒီကောင်မ ဒေါင်းမ”* ဟု ဆိုလေရာ အိမ်နီးနားချင်းတို့၏ ရယ်မောသံများဖြင့် ဆူညံသွားလေသည်။



# ရက်စက်ပါပေ့ကွယ်

လူတောရွာသားဖြစ်သူ ချက်ကြီးမှာ မလေးရှား၌ သုံးနှစ်သုံးမိုး နေပြီးနောက် ပြန်လာရာ ရွာသို့မပြန်မီ ရန်ကုန်တွင် ရွာအတွက် ဝယ်စရာခြမ်းစရာများဝယ်ရင်း ပြောင်းလဲနေသော ရန်ကုန်မြို့ကြီးအား ကြည့်ရှုလေ့လာရင်း ဘုရားလည်းဖူးရင်း လိုပ်ဥပါတူးနေရှာလေသည်။

ထိုသို့နေရင်း ရန်ကုန်မြို့ အနုပညာရပ်ဝန်းများရှိရာ ဘားလမ်းဘက်အရောက် ဘေးမှ မလေး အခုမှသွားရန် ပြင်နေရှာသော ရွာရှိသားချင်းမှ ဒါ, ကိုရင်သွားနေတုန်း ပေါ်တဲ့ပုံနှာမည်ကြီး မင်းသမီးလေးလေ, ပေါ်တာ ဘာကြာသေးတာမှတ်လို့”ဟု ဆိုလိုက်လေရာ ကိုရင်ချက်ကြီး၏ နှာခေါင်းနှင့် မလွတ်ရှာသော မှတ်ချက်စကားမှာ ဤသို့ဖြစ်လေ၏။

*“အလိုလေးကွယ်, ဒါလေးဟာ ငါသွားနေတုန်းပေါ်တဲ့ မင်းသမီးလေးလား။ လူရက်ပါပေ့ကွယ်၊ နတ်ဒေဝါတစ်ပါး,ပါးက ဖန်ဆင်းပြီး လွှတ်လိုက်လေရော့သလား။ ဒါမှမဟုတ် ရွှေမှုန်တွေစားပြီးများ ဖွားခဲ့လေရော့သလား မယ်တော်လေးရယ်။ အလိုလေး ကိုရင်နှယ် ငါ့စိတ်ထဲမယ် ဒီမင်းသမီးကို ကြည့်ရင်းကြည့်ရင်း စုနေခါ ဂကာတုန်ကယင်နဲ့ ဘယ့်နှယ်ဖြစ်မှန်းမသိဘူး။ အင်း... ဟင်း... ဟင်း... ဟင်း ငါတော့လေ ဘယ့်နှယ်ဖြစ်ဖြစ် အပွအပုပ်စင်အောင်ဆိုပြီး ရွာဦးကျောင်းမှာသောက်တဲ့ ဥသျှစ်သီးနဲ့ ထန်းလျက်ခဲထဲကို ဒီမင်းသမီးလေးကို ထည့်ခေါက်ပြီး အားရပါးရ သောက်ချပစ်လိုက်ချင်တော့တာပဲကွယ်ရို့”*

ဟု ဆိုလိုက်လေရာ ဘေးမှ အသိတရားလက်ကိုင်ထားရှိသော အဖော်ဖြစ်သူ၏ သတိပေးဆုံးမပုံလေးမှာ ဤသို့ဖြစ်လေ၏။

*“မိုက်ပ့ါ ချက်ကြီးရာ၊ ဒီလိုတော့လည်း ဟုတ်ပ့ါမလား၊ လူဆို*

တာ ကိုယ့်ဘဝကို လောကကြီးက ပေးအပ်ထားတဲ့ သဘာဝနဲ့ ပျော်မွေ့နိုင်တာ လူပီသတာပါပဲ။ ရွာမှာ မင်းလို မလေးပြန်တစ်ယောက်က အဖော်မွန်ရွေးမယ်ဆိုရင် စိတ်ကြိုက်ခေါင်းခေါက်ပြီးရွေးဦး ထမင်းမစားဘဲ သုံးရက်လောက် ခေါက်ယူရမယ်မောင်၊ ကိုယ့်ဘဝနဲ့ကိုယ် ဘုရင်လုပ်စံမ်းပါ ချက်ကြီးရာ၊ ကျုပ်တို့ မောင်ရင်တို့ အဆင့်နဲ့ဆို ဒီမင်းသမီးလေးဟာ ကြည့်နေဖို့သာ မွေးဖွားလာတာကလား အဲ... သွားတော့ မကပ်လိုက်လေနဲ့, ကပ်တာနဲ့ ပြာဖြစ်သွားပြီး သဂြိုဟ်မယ့်လူတောင် အဲဒီပြာကို ဘယ်မှာရှာရမှန်းသိမှာ မဟုတ်ဘူး”ဟု ဆိုလိုက်လေရာ ကြားရလေသူအပေါင်းတို့မှာ အသိတရားထားရင်း မဆိုင်းမတွဘဲ ရယ်မောကြရလေသည်။



“ဒီလိုတော့လည်း ဟုတ်ပါ့မလား သမီးရယ်၊ အလိုလေးကွယ့်၊ တကယ်ပါပဲ၊ နင့်ကောင်က ဒီလိုသားကောင် သားရေနဲ့အကျီမှ ချုပ်ဝတ် ခိုင်းတယ်ဆိုတော့ ဟိုနိုင်ငံရောက်မှ လူစင်စစ်က တိရစ္ဆာန်စိတ်ဝင်သွားပုံရတယ်။ တန်ဟဲ့ ... သမီး ဒီလိုကောင်မျိုးနဲ့ ကမ္ဘာပတ်ပြီးပြန်လာတောင် မပေးစားဘူး၊ နောင်ကိုမပတ်သက်စေနဲ့”

## လှတောသားစွပ်မယ့် ပန်းကုံး

လှတောရွာ ကိုရင်တာတီးမှာ မလေး၌ နှစ်စေ့၍ သင်္ကြန်အမီ ပြန်ရောက်လာလေသည်။ တခြားနယ်စုံပယ်စုံမှ မြန်မာပြည်သားများနှင့် အတူ အသွားတုန်းက အဝမလည်လိုက်ရသော ရန်ကုန်ရွှေမြို့တော်ကြီး တွင် ရွာပြန်လက်ဆောင်များ ဝယ်ရင်းခြမ်းရင်း ခြေဆန့်နေလေ၏။ ညဘက်တွင်မူ ရန်ကုန်သား မိတ်ဆွေအပေါင်းအသင်းများ ကောင်းမှု ကြောင့် ညကလပ်တစ်ခုတွင်းသို့ ရောက်ရှိသွားလေ၏။

ကလပ်တွင်းသို့ ရောက်လေသော် မမြင်ဖူး မူးမြစ်ထင်ဟုဆိုသော် လည်း သဘာဝတရားကို လက်ကိုင်ထားသော တာတီး၏ မှတ်ချက် စကားမှာ ဤသို့ဖြစ်လေ၏။

*"အလိုလေး, ညကလပ်ဆိုတာပါလား၊ မြို့ပြယဉ်ကျေးမှုတဲ့၊ မငြိမ်းချမ်းလိုက်လေကွယ်၊ ကနေလိုက်ပုံတွေကလည်း မီးလောင်နေတဲ့ စာခြောက်ရုပ်တွေ လေထဲလွင့်နေသလိုပါပဲလား၊ ဒီကြားထဲ ကိုယ်တော် ချောတို့က ငွေကုန်ခံပြီး ပန်းကုံးတွေကို စွပ်ရရှာသေးတယ်။ ပန်းကုံးစွပ်လို့ သူတို့ ဘာရလဲတော့မသိဘူး၊ ပန်းကုံးစွပ်လို့ ရတာချင်းတူရင် ငါတော့ သူတို့ကို မစွပ်တော့ဘူး၊ ငါတို့ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ရွာက ငါ့နွားကြီး တွေကိုပဲ ပြန်စွပ်တော့မယ်"*ဟု ဆိုလိုက်လေရာ ဘေးမှ လိုက်လာသော မြန်မာပြည်သားအပေါင်းတို့၏ ရယ်မောသံများဖြင့် ဖုံးလွှမ်းသွားတော့ သည်။

## ရှူး... ရှူးပါစေတော့ကွယ်


သာဝနှင့် သာလှသည် အမြွှာမွေးညီအစ်ကို ဖြစ်ကြသည်။ အမြွှာ ဆိုသည့်အတိုင်းလည်း သိပ်ချစ်ကြ၏။ ဘယ်သွားသွား မခွဲတမ်း

အတူတူ မလေးရှားသွားတော့လည်း အတူတူပင်၊ သုံးနှစ်သုံးမိုး အလုပ်လုပ်ပြီးနောက် အတူတူပြန်လာကြလေ၏။

ရန်ကုန်သို့ရောက်သော ညီအစ်ကိုနှစ်ယောက် အတိုးချလည်ပတ်ရင်း ကရဝိတ်ကျွန်းတစ်နေရာတွင် ရိုက်ကွင်းတစ်ခုနှင့် ကြုံလေရာ မြန်မာပြည်မှ တက်သစ်စမင်းသမီးလေး ရုပ်ရှင်ရိုက်နေသည်ကို အားရပါးရ ကြည့်ရှုခွင့်ရခဲ့လေသည်။ တစ်စုံတစ်ခုကို စဉ်းစားကာ အပြန်လမ်းတွင် ထူးဆန်းစွာ ငြိမ်သက်ရင်းပါလာသော ညီဖြစ်သူ၏ ရင်ဖွင့်ပုံမှာ ဤသို့ဖြစ်၏။

*"ဥမ္မာဒန္တီရဲ့အလှကြောင့် သီဝိမင်းကြီး ရူးရှာတယ်ဆိုတာ ဟုတ်လောက်မယ် အစ်ကိုရ၊ အခုလည်း ဒီမင်းသမီးလေးကိုကြည့်ပြီး ရင်ထဲမှာ တလှပ်လှပ်နဲ့၊ နှလုံးပဲ လေဟပ်သလား၊ ကလီစာထဲက သွေးတွေများ ပြောင်းပြန်စီးကုန်ရော့သလား မသိသေးဘူး၊ ကတုန်ကယင်ကြီးနဲ့ ဘယ့်နှယ်ဖြစ်မှန်းလို့ မသိဘူးအစ်ကိုရာ"*ဟု ဆိုလိုက်လေရာ **အစ်ကိုဖြစ်သူ၏ စိုးရိမ်တကြီး တုံ့ပြန်ပုံမှာ ဤသို့ဖြစ်၏။**

*"ဒီလိုဆိုရင်တော့ မင်းတော့ ဒုက္ခပဲ...၊ မင်းကို ငါပြတဲ့မင်းသမီးက ဒီမှာ အစေအပါးအဆင့်ပဲ ရှိသေးတယ်။ မင်းက ရူးမတတ်ဖြစ်နေရှာပြီ၊ မင်းသမီးအစစ်ကို ပြလိုက်ရင်ဖြင့် ငါ့ကောင် နေရာမှာတင် သေမယ်ထင်တယ်။ အမျိုးထဲမှာတော့ ပြောစရာဖြစ်တော့မယ်။ မယားတရူး၊ ကုတဲ့ဆေး မြို့မှာပတ်ရှာရအောင်လည်း ဘယ်ဆီရှာရမှန်းမသိ။ တန်တော့ ငါတို့ညီအစ်ကို ရွာကို မြန်မြန်ပြန်ချေမှ"*ဟု ဆိုလေရာ ပါလာသော အဖော်ဖြစ်သူတို့၏ ရယ်မောသံများဖြင့် ဆူညံသွားလေသည်။






"နိုင်ငံခြား နိုင်ငံခြားနဲ့ သိပ်လည်း အထင်မကြီးကြနဲ့၊ ပွဲစား၊ ပွဲစားနဲ့ဆိုပြီးတော့လည်း ချင့်ပြီးတော့ ယုံကြဟေ့"

"ပခန်းက ဘလှကြီးတစ်ယောက်တော့ သုံးနှစ်ရှိပြီ၊ စာမလာသတင်းမကြားနဲ့၊ မလေးရောက်သလိုလို၊ စင်္ကာပူရောက်သလိုလိုနဲ့ တော်တော်ကြီးပွားနေပြီထင်တာ၊ လက်စသတ်တော့၊ ကိုယ်တော်ချောက ပွဲစားအလိမ်ခံနဲ့မိပြီး ရန်ကုန်မှာတောင်းစားနေရပါရော့လား"






# တိုက်ကြက်နှင့် ထိုဥပမာ

ပခန်းရွာ၏ ရွာဦးကျောင်း အလှူနေ့တစ်နေ့တွင် ဖြစ်လေ၏။ အလှူမို့ လူစုံသလို စကားလည်းစုံလှသည်။ ထိုအထဲမှ လူအစည်ကား ဆုံးဝိုင်း၍ ပြောဖြစ်နေသော အကြောင်းအရာမှာ တောင်ပိုင်းမှ ဦးအေး အကြောင်းဖြစ်သည်။

ရွာခံတစ်ဦးမှ စတင်၍ ဤသို့ပြောလိုက်၏။

*"ဦးအေးတို့များ တကယ်ပါပဲ၊ သူ့သားကို မလေးပို့လိုက်တုန်းကတော့ ငွေတွေ တစ်လနှစ်လအတွင်း လှည်းတစ်စီးတိုက်လောက်ဝင်တော့မလိုပါပဲ၊ ထောင်လွှားနေလိုက်ပုံများတော့ သူကြီးဦးဖိုး ရနိုင်ကဝယ်လာတဲ့ ဆယ်သိန်းဆိုတဲ့ အထိုင်နွားကြီးတောင် သူ့လောက်မထောင်ရှာပေဘူးကွယ့်"*ဟု ဆိုလိုက်လေရာ သက်ကြီးစကား သက်ငယ်ကြားဆိုသလို ရွာခံလူငယ်တစ်ဦးကလည်း ဤသို့ ထောက်ခံလေသည်။

*"ဟုတ်ပါ့ အဘရယ်၊ သူ့သားကို ပို့ခါစကတော့ ဟိုလူ့ကြွားရ၊ ဒီလူ့ကြွားရနဲ့ သေချာပေါက်ကြီးပြောဆိုနေလိုက်ပုံများတော့ ရွာဦးကျောင်းမှာ တိုက်ဖက်မရှိလို့ အေးမဲ့ပေးထားရတဲ့ တိုက်ကြွက်ဖကြီးလိုပဲ၊ ခေါင်းကိုမော့ ရင်ကိုကော့လို့ပေါ့။*

*"အလိုလေး... အခုများတော့လည်း နှစ်ပတ်လည်ပါပကော စာလည်းမလာ၊ သတင်းလည်းမကြား အတိုးကတက်၊ နွားကထွက်ဆိုတော့ သနားစရာပေါ့လေ တကယ်ပါပဲ ဖြစ်နေလိုက်ပုံများတော့ ခွပ်ပြီးရှုံးလာတဲ့ ကြက်ဖကြီး ကြက်နာပါထပ်ဝင်လေရော့သလားမှတ်ရ"*ဟု ဆိုလိုက်လေရာ အလှူရှိစကားဝိုင်း၌ ရယ်မောသံများဖြင့် ဆူညံသွားလေတော့သည်။

## ကမ္ဘာမြေကြီးတစ်နေရာ...

မလေးရှားနိုင်ငံ၏ မြို့တော် ကွာလာလမ်းပူ၏ မိုးထိမြင့်မားလှသော အဆောက်အဦးများမှာ တခြားလူများအတွက် မဆိုထား ရန်ကုန်မြို့သို့ပင် နှံ့စပ်အောင် မရောက်ဘူးသော လှတောရွာသား ချက်ကြီးအတွက်မူ မြင့်မြင့်သမျှ အထူးအဆန်းချည်းသာတည်း။

ဈေးနေ့တစ်နေ့တွင် မြို့ထဲသို့ ရန်ကုန်သားများအား အမှီသဟဲပြုရင်း လိုက်ပါခဲ့လေ၏။ မြို့လည်ခေါင်လည်း ဖြစ်သဖြင့် မြင့်မြင့်သမျှ အဆောက်အဦးများမှာ မျှော်၍ကြည့်၍ မဆုံးရှိလှပေရာ အံ့သြမဆုံးဖြစ်နေလေတော့သည်။

ဈေးမှအပြန်တွင်မူ လှတောသား ကိုရင်ချက်ကြီးက ဤသို့မှတ်ချက်ပြု၏။

*"အလိုလေးကွယ်... တကယ်ပါပဲ၊ ငါ ဉာဏ်မှီသလောက် စဉ်းစားမိတာကတော့ ငါတို့က မြေကြီးပေါ်မှာနေတယ်။ မြေကြီးပေါ်မှာ ကြီးတယ်။ ငါတို့ရဲ့ တောသူတောင်သားတွေရဲ့ အိမ်တွေဟာ မြေကြီးနဲ့ ဘယ်သောအခါမှ ကင်းကွာမှုမရှိရဘူး"*

*"ဟော... အခု သူတို့နေတဲ့ အိမ်တွေက မြင့်လွန်းလို့ တိမ်တွေ ကြားထဲ ရောက်တော့မယ်။ အင်း... ဒီလူမျိုးတွေဟာ ကောင်းတော့ မဟုတ်မှလွဲရော, ဟိုဘဝက မုန်တိုင်းမိပြီး အစုလိုက်အပြုံလိုက် သေသွားရှာတဲ့ ဆောင်းခိုငှက်တွေဖြစ်မှာပဲ"* ဟု ဆိုလေရာ ကြားမိသူတိုင်းမှာ မပြုံးဘဲ ဝါးလုံးကွဲရယ်ချလိုက်လေသည်။

## ချမ်းသာပေးပါ, ပွဲစားရယ်

ပွဲစားတဲ့, ပွဲစားအမျိုးမျိုးရှိလေသည်။

ယနေ့ခေတ်မှ ပြန်ပြောင်းလှန်ရသော် ဘကြီးတော်ဘုရားခေတ် အဆုံး ကျေးလက်ဒေသများတွင် ခေတ်အဆက်ဆက် မတိမ်ကောခဲ့သော ပွဲစားမှာ နွားပွဲစားဖြစ်လေ၏။ ထိုနောက်တွင်မှ စပါးပွဲစား၊ မြေပွဲစား စသဖြင့် ပေါ်ပေါက်လာရာမှ ယခုပေါ်လာသော ပွဲစားတစ်မျိုးမှာ ခေတ်နှင့်အတူ ပေါ်ပေါက်လာသော မလေးပွဲစားများပင် ဖြစ်လေ၏။


သူတို့မှာလည်း ခေသူများမဟုတ်ကြပါ။ အမျိုးမျိုးရှိကြ၏။ လက်ငင်းပွဲစား၊ တစ်ဝက်ပွဲစား၊ တရစ်ချင်းသွင်းပွဲစား၊ လပေးပွဲစား၊ အကြွေးပွဲစား စသည်ဖြင့် အမျိုးအမယ် စုံလင်လှသည်။ ယခုလည်း ပခန်းသူ အရီးလေးငွေခင်၏ သားတော်မောင်၏ မလေးရှားခရီးစဉ် အတွက် ပွဲစားများ ခြေရှုပ်နေကြသည့်အထဲက မြို့မှ ပွဲစားတစ်ယောက် အိမ်သို့ရောက်ရှိလာချေ၏။

ကိုရွှေပွဲစားတို့ ထုံးစံအတိုင်း လိုရာဆွဲသွင်းသော စကားများကို
လိုသည့်ထက်ပိုအောင် ပြောဆိုလျက် ထွက်ခွာသွားလေ၏။ မကြာမီ
ပြန်လာခဲ့ပါမည်,တဲ့။

ထိုပွဲစား ထွက်ခွာသွားပြီးနောက် ပခန်းသူ မငွေခင်၏ ပွင့်လင်းလှ
သော မှတ်ချက်စကားမှာ ဤသို့ဖြစ်လေ၏။

*"အလိုလေး… ဟဲ့, တကယ်ပါပဲတော်၊ ဒီမှာ ငါ့သား နင့်ပွဲစာ
ကတော့ ပြောသွားလိုက်တာ ငွေမလိုပါဘူးတဲ့၊ အရစ်ကျစနစ်ဆိုလား
ဘာလား၊ ပြောသွားလိုက်တာ မိုးဦးမကျခင်တိုက်တဲ့ မြောက်ပြန်လေ
လေး ကျနေတာပဲ ဖြူးလို့၊ ဒါပေမယ့် နင် ငွေမှန်မှန်မပို့နိုင်ရင်တော့
မင်းကတော်ဖြစ်မယ့် ဟိုအငယ်မပဲ ပါမလား၊ စိုးကတော်ဖြစ်မယ့်
အကြီးမကိုပဲ သိမ်းမလား၊ တစ်ခုခုပဲ၊ ထမင်းသာစားနေတယ် စိတ်က
ထမင်းမှာရှိဟန် မတူဘူး၊ အတွင်းခန်းကိုပဲ လှမ်းလှမ်းကြည့်နေလိုက်
တာ၊ မျက်လုံးကြီးကလည်း ဗိုလ်စံဖဲရွာကို ဝင်စီးတဲ့မျက်လုံးကြီး ကျ
နေတာပဲ၊ ရဲရဲကြီးအေ့၊ ဒီတင်မဟုတ်သေးဘူး နှာခေါင်းထိပ်ကြီးကလည်း
နီပြီးတော့ ပွယောင်းယောင်းနဲ့အေ့, တို့ ရွာဦးကျောင်းက မြောက်
စပ်ဖင်ကို လေးခွမှန်ထားတဲ့အတိုင်းဘဲ"*ဟု ဆိုလိုက်လေရာ တအူထုံ
ဆင်း အထက်အောက်ဖြစ်သော ညီမဖြစ်သူ၏ ဝင်ရောက်ထောက်ခံပုံ
မှာ ဤသို့ဖြစ်လေ၏။

*"အင်း… ဘကယ်ပါပဲ၊ ဟုတ်ပါ့ အစ်မရယ်၊ ပြန်တော့ခါလည်း
မဖြောင့်ဘူး အရှေ့ပေါက်နဲ့ နွားတင်းကုတ်ပေါက်မှားလို့မှား၊ လှေခါး
ပေါက ဆင်းပါတယ်၊ ဖြောင့်ဖြောင့်မဆင်းရှာနိုင်ဘူး၊ အပေါ်ကိုလှမ်းပြီး
ကြည့်ရှာသေးတယ်။ မျက်လုံးကိုက တောဇီးကွက်မျက်လုံး လေထိုး
ထားသလိုပဲ၊ ကြည့်တော့လည်း 'ဘယ်'တစ်လုံး 'ညာ'တစ်လုံးအေ့"*ဟု
ဆိုလိုက်လေရာ အိမ်ဝိုင်းတစ်ခုလုံး ရယ်မောသံများဖြင့် ဖုံးလွှမ်းသွား
လေသည်။



# ရွှေခေါင်းပြောင်၏ စန်းထပုံ

လှည်းတောရွာမှ နိုင်ငံခြားယောင်ယောင်၊ မြို့ယောင်ယောင်ဖြစ်နေသော လူငယ်များနှင့် ပတ်သက်လေတိုင်း ဆုံးမရာတွင် ရွာလယ်မှ ဖိုးကတုံးမှာ စံပြဖြစ်၏။

ယခုလည်း အလုပ်ကို လက်ကြောသိပ်မတင်းဘဲ ရည်းစားထား၍ စိတ်လေချင်ဟန်ရှိနေသော ငယ်ရွယ်သည့် သားဖြစ်ကိုကြည့်ရင်း ဖခင်ကြီး၏ ဆုံးမပုံမှာ ဤသို့ဖြစ်လေသည်။

*"ငါ့သား လူလေကြီး၊ ရွာလယ်က ဖိုးကတုံးကိုကြည့်စမ်း လူကမွေးကတည်းက ဆံပင်မပေါက်ဘူး ခု မလေးကပြန်လာတော့ သုံးခေါက်ရှိပြီ၊ ရုပ်ကိုလည်း ကြည့်ပါဦး၊ မီးသွေးရောင်းတဲ့ကုလား နှာချေးပုံထဲကျပြီး ထလာတာတောင် သူ့ထက်လှဦးမယ်၊ အကျီကမပါနဲ့ ရွာရိုးလျှောက်သွားလည်း သူ့မိဘက သွားတောင်းရင် ဘယ်သမီးရှင်က ငြင်းဝံ့လို့လဲ၊ လာတောင်းပါစေလို့တောင် ကျိတ်ဆုတောင်းနေဦးမယ်၊ သူ့ကို မမင်ရင်တောင် အလုပ်ကောင်းတာကိုမင်လို့ 'မျက်စိကိုမှိတ် ခေါင်းကို ညိတ်၏'ဆိုတဲ့ မိန်းမတွေလည်း အပုံ၊ အဲဒါ အလုပ်ကောင်းတဲ့ ယောက်ျား ဘုန်းရှိတာလို့ခေါ်တယ်။*

*"ယောက်ျားတို့ဘုန်း လက်ရုံး"ဆိုတဲ့ ဆိုရိုးစကားဟာ အလကားဟုတ်ပ့ါမလား။ ယောက်ျားဆိုတာ ဘုန်းရှိချင်ရင် အလုပ်ကြိုးစားရတယ်။ ဒီအခါ လူလေးနားမှာ အပုံအပင် ဝိုင်းစုပါလိမ့်မယ်ကွယ့်"*ဟု ဆုံးမပြောဆိုနေလေရာ ကြားရလေသူတိုင်းမှာ မှန်သောစကားပင် ဖြစ်သော်လည်း ရယ်မောနေရလေသည်။



မိုးရာဇ်ကြာအုပ်

# မလေးရှားသွားတဲ့ ကျွန်မရည်စား

**"ယောက်ျားမှာ အစား၊ မိန်းမမှာ အကြွား"** ဟူသော အရပ်စကား တစ်ခုရှိလေ၏။ ထိုဆိုရိုးစကား မှန်မမှန် မသိရသော်ငြားလည်း လှတောရွာသူ မယ်ခင်နှင့်မူ အတော်ကြီး ကိုက်ညီလျက်ရှိသည်ကို တွေ့ရပေသည်။ စကားကို ခပ်ကြွားကြွားလေး ပြောတတ်လေသူ မယ်ခင်အဖို့ ယခုတစ်လော ခေတ်ထနေသော မလေးသွားသည့် ရွာနီးချုပ်စပ်မှ လူငယ်တစ်ဦးနှင့် လူငယ်တို့ဘာဝ ရည်ငံကြလေသော် အရှူးကို ဘုံမြှောက်လိုက်ဘိသကဲ့သို့ ရှိချေ၏။

ထိုအကြောင်းနှင့် ပတ်သက်၍ ရောက်လေရာ စုလေရာတိုင်း၌ အပ်ကြောင်းထပ်မက ပြောဆိုနေလေတော့ရာ အနားနီးမှ ပြောဆိုသံတို့မှာ ဤသို့ဖြစ်လေ၏။

*"အလိုလေးကွယ် ဖြစ်ရလေမယ်ခင်ရယ်၊ နည်းနည်းတော့လည်း လျှော့လေဦးကွယ့် သူငယ်မရဲ့၊ ဟိုမှာက ရောက်မှရောက်သေးရဲ့လား မသိ၊ ဒီမှာ ကြွားချက်က မလေးရှားတစ်ပြည်လုံး နံ့ပျံ့နေပြီ။*

*အလိုလေး... မောင်မင်းကြီးသား မလေးရှားသွားလို့သာပေါ့။ ဒီထပ်နည်းနည်းကြီးတဲ့ နိုင်ငံသာသွားရင် ဒီကောင်မ မရှိရှိတာရောင်းပြီး မြန်မာရုပ်မြင်သံကြားက အော်ပြီးကြေညာမယ့်ရုပ်"* ဟု ဆိုလိုက်ပေရာ နဂိုကတည်းမှ ပြောဟန်ပြင်နေသော ဘေးမှတစ်ယောက်ကလည်း ဤသို့ နာနာလေးနက်ပြန်လေ၏။

*"အလိုလေး တကယ်ပါပဲတော်၊ ဒီကောင်မ ကြွားချက်ကတော့ ညြချလောက်ပါရဲ့၊ ပြောလိုက်ရင်ဖြင့် မလေးရှားသွားတဲ့ ကျွန်မရည်းစား ဆိုတာကို ပါးစပ်ဖျားကနေကို မချဘူး။ အံ့ဩမိပါရဲ့၊ ဒီနိုင်ငံခြားသွား*

**တယ်ဆိုတဲ့ကောင်တွေဆိုတာ ယုံရတာမဟုတ်ဘူး၊ စူဠလီပ်နဲ့ တအူတုံဆင်းတွေလားမှတ်ရ၊ အေးပေါ့ဟယ် စားမလာ၊ သတင်းမကြားပြန်မလာရင်တော့လည်း မလေးရှားသွားတဲ့ ကျွန်မရည်းစားလို့ လိုက်မပြောတော့ဘဲ ပျောက်သောလင် ရှာသော်မတွေ့ လို့သာ ရွာစဉ်တကာလှည့်ပြီး အော်ပေတော့ပေါ့**”ဟု ဆိုလိုက်လေရာ အပျိုမတစ်သိုက်၏ ရယ်မောသံတို့ဖြင့် ရွာတန်းရှည်တစ်လျှောက် ပျံ့လွင့်သွားလေတော့သတည်း။

# လှေတောသားစကား

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကမ္ဘာ့အကြီးဆုံး ပီဇာမျှော်စင်ကြီးရှိလေသည်။

ရန်ကုန်သားတချို့က ဦးဆောင်၍ အထင်ကရနေရာများကို အားလပ်ရက်၌ လိုက်လံပြသရာ ထိုအထဲ၌ ချည်ပါသား၊ ပခန်းသားနှင့် လှေတောသားတချို့လည်း ပါလာလေ၏။

မျှော်စင်ကြီးကို မြင်သာလောက်သော နေရာသို့ရောက်သော် ချည်ပါသားက လှေတောသားအား…

“ကိုရင်… ဒီမျှော်စင်ကြီးအကြောင်းကို သိသလား”

“ဟော… ငါမသိဘူးပဲထားလိုက်ပါဦး၊ မောင်ရင် သိသလောက်လေး ပြောကြည့်ပါဦး”

ထိုအခါ ချည်ပါသားက…

“ဒီမျှော်စင်ကြီးဟာ သူတို့နိုင်ငံရဲ့ ဂန္ထဝင်အဆောက်အအုံကြီးတစ်ခုပေါ့ဗျ၊ ကမ္ဘာ့အကြီးဆုံး မျှော်စင်တွေထဲမှာပါတယ်။ ခင်ဗျားကြည့်ရတာ မျှော်စင်နဲ့တူတာဆိုလို့ ရန်ကုန်မြို့က စိန်ပေါ(လ်)တို့၊ စိန်ဂျွန်း

မျှော်စင်တို့လောက်တောင် သိပုံမရဘူး၊ မျှော်စင်နဲ့တူတာဆိုလို့ ရွာက ကောက်ရိုးစင်လောက်ပဲ သိပုံရတယ်၊ မသိရင်လည်း ကျုပ်ပြောတုန်းကို သေသေချာချာ မှတ်ထားဗျ၊ နောက်ဆို ကျုပ်မပြောတော့ဘူး"

ချည်ပါသား၏ စကားသံအဆုံးတွင် လှတောသား၏ ပြန်လည် ပြောဆိုပုံမှာ ဤသို့ဖြစ်၏။

***"အလိုလေး... တကယ်ပါပဲ၊ အံ့ဩစရာပါလား၊ မောင်ရင်တို့ ချည်ပါသားတွေ အဲဒီလောက် ဗဟုသုတ မကြွယ်ဝတန်ဘူးထင်ထားတာ၊ ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ မောင်ရင်ပြောတာတွေ မှန်လား မှားလားသိရ အောင် ကျုပ်က မသိချင်ယောင်ဆောင်ပြီး နားထောင်နေတာကလား၊ အခုတော့ မောင်ရင်က မဟော်သတာနဲ့ ပညာပြိုင်ပြီး ရှုံးသွားလို့ ချီးနဲ့ အလူးခံရတဲ့ ပုဏ္ဏားတွေလောက်နီးနီး တော်ပါပေရဲ့"***ဟု ဆိုလိုက်ရာ ကြားရလေသူ မြန်မာပြည်သားအပေါင်းတို့၏ ရယ်မောသံတို့ဖြင့် တသောသော ဆူညံသွားလေတော့သတည်း။

## မြွားနတ်မောင်လည်း မကယ်နိုင်

လှတောရွာ၌ မြွားနတ်မောင် များစွာရှိလေ၏။ ယခုလည်း ရပ်သိရွာသိ ဇာတ်လမ်းတစ်ပုဒ်တွင် မြွားနတ်မောင်များပင် လက်လျှော့ ရမလိုဖြစ်နေသော ဇာတ်လမ်းတစ်ပုဒ်အကြောင်းကို ပြောဆိုနေကြလေ သည်။

***"အလိုလေးအေ၊ တကယ်ပါပဲ၊ ဟိုတစ်မြန်နေ့က လူကြီးချင်း စကားကမ်းလှမ်းတာ အဆင်မပြေလို့ ဖြစ်နေလိုက်ပုံများတော့ နေမထိ ထိုင်မသာနဲ့ ဘီလူးဝမ်းနှုတ်ဆေးစားပြီး လျှောက်ပြေးနေသလိုပဲအေ"***

ဟု ဆိုလိုက်လေရာ အခြားတစ်ဦးကလည်း ဤသို့ဝင်ရောက်ပြောဆို ပြန်လေသည်။

"ငွေရှိတယ်ဆိုပြီး ထင်ရာလုပ်လို့ကတော့ ဟုတ်ပါ့မလားအေ၊ မေတ္တာဆိုတာ ငွေနဲ့ဝယ်လို့မရဘူးဆိုတာ ဒင်းတို့ မသိလေရော့သလား အေ"

*"ဖြစ်နေလိုက်ပုံများတော့ မိန်းမသွားတောင်းတာ မရလို့ စိတ်တွေ ဆိုးပြီး မျက်နှာကြီး နီရဲနေလိုက်ပုံများတော့ ဘီရူးစွာန်ရုံက မျောက်ဖင်နီ ရဲ့ဖင်တောင် သူ့လောက်နီမှာမဟုတ်ဘူးအေ့"* ဟု ဆိုလိုက်လေရာ ကြားရလေသူတိုင်းမှာ ပါးစပ်မပိတ်နိုင်ဘဲ ရယ်မောနေကြရသည်။

❐





“ဟုတ်ပ, ကိုရင်ရယ်၊ တန်တော့ သူဌေးဆိုတဲ့ သတ္တဝါတွေဟာ သွေးစုပ်ဖုတ်ကောင်သေပြီး၊ ဝင်စားတဲ့ ကောင်တွေဖြစ်ရမယ်။ ငွေပေးတဲ့အပေါ်မှာ တန်ဒအောင်ခိုင်းချက်ကတော့ တီရွှောန်ရုံက ပါးစပ်ကြီးတွေဖြဲပြီး နေပူစာလှုံနေတဲ့ မိကျောင်းကောင်တွေရဲ့ပါးစပ်ကြီးတွေသာ ပိတ်ရင်ပိတ်သွားမယ်။ ဒင်းတို့ရဲ့ပါးစပ်ကတော့ ခိုင်းနေလို့ကတော့ (၁၂)ရာသီမပိတ်ဘူးသာမှတ်”

## အခန်း(၄)



## မြန်မာပြည်သားနှင့်လှတောသားဟာသများ

# အရှုးကို အမဲသားကျွေးတော့ ...

လှတောရွာ အရှေ့ပိုင်းမှ ဒေါ်ငွေခင်၏သားမှာ ဂုဏ်သိက္ခာကြီးမားသော လူပျိုကြီးဖြစ်လေသည်။ လူပျိုကြီး စစ်လိုက်သမျှ 'မ'ဆိုလျှင် ယင်မတောင်မသမ်းဖူးသေးသော လူပျိုကြီးစစ်စစ်ဖြစ်သည်။ ယခုမူ ထိုလူပျိုကြီးတစ်ယောက် ထီးကျိုးစည်ပေါက်၍ အနိစ္စသဘောဖြင့် ကိစ္စချောကာ မိန်းမတို့လက်တွင်း သက်ဆင်းရတော့မည့် အရေးမှာ လှတောရွာ စကားဝိုင်း၌ အရေးပါလှချေတော့၏။ နေရာတိုင်း၌ ပြောဆိုနေကြသော စကားသံတို့အနက်မှ အချို့မှာ ဤသို့ဖြစ်လေ၏။

***"လူတစ်ယောက်ကို ချီးမွမ်းချင်ရင် သေပြီးတဲ့အခါမှ ချီးမွမ်းရမယ်လို့ လူကြီးသူမများ ဆိုရိုးစကားရှိတယ်, မဟုတ်လားအေ့"***

***"အခုတော့ အပြောကြီးတဲ့ လူပျိုကြီးတစ်ယောက် မိန်းမလည်သိန်းကြွယ်နဲ့ တွေ့ရှာပကောအေ့"***

*ဒီလို လူပျိုကြီးတွေကို မိန်းမပေးစားတာဟာ အရူးကို အမဲသားကျွေးမိသလိုမဟုတ်ဘဲ အမဲသားစားဖူးတဲ့ အရူးလို နွားမြင်တိုင်း လက်ညှိုးထိုးနေတော့မှာပဲအေ့"* ဟု ပြောသူများရှိသလို ထမင်းမစားရရင် နေပါစေ၊ ရေသောက်ပြီးပြောပါရစေဟူသော အမျိုးအစားထဲမှ တစ်ဦးကလည်း–

*"အလိုလေးလေး... ဒီလိုတော့လည်း ဟုတ်ပါ့မလားကွယ်၊ တို့မြန်မာ ဗုဒ္ဓဘာသာတွေမှာ အသက်တစ်ချောင်း ကယ်ကောင်းပါတယ်ကွယ့်, နို့မဟုတ်ရင် မိန်းမ မရလို့သေတဲ့မသာ ပေါ်တယ်ဆိုပြီး လူတောနာမည်ကြီးနေဦးမယ်"* ဟု ဆိုလိုက်လေရာ ရယ်မောသံများမှာ တော်တော်နှင့် မစဲနိုင်တော့ချေ။ ။

## ဖေဖော်ဂျီသာ လှုပ်လိုက်ပါတော့ ...

လူတောရွာနှင့် စိုင်နိုင်ရွာ တွေ့ဆုံသော ဒိုင်းလုပွဲတစ်ခု၌ ဖြစ်လေသည်။

စိုင်နိုင် ဂိုးသမားမှာ လက်တွေ့လှ၏။ မည်သို့ကန်ကန် ဂိုးမဝင်ချေ။ လှဲအိပ်၍တစ်မျိုး၊ ပုတ်ထုတ်၍တစ်သွယ် အမျိုးမျိုး လှပစွာကာကွယ်နေလေသည်။

ဤအချင်းအရာကို ပရိသတ်ထဲမှ မနေနိုင်တော့သော လူတောရွာသားတစ်ဦး၏ ချီးမွမ်းပြောဆိုပုံမှာ ဤသို့ဖြစ်ပေ၏။

*"တော်လိုက်တဲ့ ဂိုးသမားနဲ့ ဘယ်လိုကန်ကန် ဂိုးမဝင်ဘူး ပေါ့ပါးလိုက်ပုံကလည်း ဇော်ဂျီဖိုဝင်သားစားထားသလား မှတ်ရတယ်၊ အလိုလေး... ဒီလောက်တောင် ပေါ့ပါးနေမှတော့ ဂိုးဖမ်းမနေပါနဲ့တော့,*

*ဆေးကြိမ်လုံးကိုင်ပြီး မေခေါ်ကျိုသာ လှပ်လိုက်ပါတော့လား"*ဟု ဆိုလိုက်လေရာ အနီးအပါးရှိ ပရိသတ်တို့၏ ရယ်မောသံတို့ဖြင့် ဆူညံသွားလေသည်။


## အနိစ္စကဒ်သာ ပြလိုက်ပါတော ...

ကိုယ်ဒေသ အပိုင်းအခြားနှင့် ဂုဏ်သိက္ခာအတွက် အရေးပါလှသော ခရိုင်အဆင့် ဘောလုံးပြိုင်ပွဲတစ်ခုတွင် ဖြစ်လေသည်။

ပွဲမှာလည်း ပွဲကြီးပွဲကောင်းဖြစ်သလို လှေတော်သာမက ပခန်း၊ စိုင်နိုင်၊ ဝက်လက်၊ ကျီးကန်သားများပါမကျန် စုံလင်လှသည်။

ပွဲမှာ ကြည့်ကောင်း၍ အကြိတ်အနယ် ရှိလှသည်။ ပထမပိုင်းပြီးချိန်၌ လှေတောအသင်းမှာ တစ်ဂိုးရှုံးနေသည်။ လှေတောမှ နာမည်ကြီး တိုက်စစ်မှူးမှာလည်း မည်သို့မှ မလှုပ်သာသည့်အပြင် တစ်ဖက်နောက်တန်းလူငယ်များ၏ လှုံ့ချကစားခြင်းကို ခံနေရလေသည်။ ထိုဘောလုံးသမားမှာ ဒိုင်လူကြီး၏ အကာအကွယ်ပေးမှုကို မခံစားရရှာပေ၊ ကံဆိုးလှပေစွ။ တစ်ခါမက ဘယ်နှစ်ခါမှန်းမသိသော လှုံ့ချခံရမှုအဆုံး၌ ပရိသတ်ထဲမှ မခံရပ်နိုင်သော လှေတောသားတစ်ယောက်က ဤသို့ဆိုလေ၏။

*"အလိုလေးလေး... ကိုရွှေဒိုင်ရယ်၊ ဒီတစ်ခါတော့ တကယ်ပါပဲ၊ တိုက်စစ်မှူးက သေတော့မယ်၊ ဒါတောင် သူက ဖောင်းမပေးတဲ့အပြင် သူက ပြုံးပြီးလာကြည့်နေရှာသေးတယ်။ ကြည့်မနေပါနဲ့တော့ ကိုရွှေဒိုင်ရယ်၊ တက်သာခုန်ကြည့်လိုက်ပါ။ သေပြီဆိုမှပဲ အနိစ္စကဒ်သာပြလိုက်ပါတော့"*ဟု ဆိုလိုက်လေရာ လှေတောသာမက တခြားရွာမှ ပရိသတ်များပါ ပွဲကျသွားကြလေသည်။



# ရေနစ်နေသော ပြိတ္တာ

နာမည်ကြီးနှစ်သင်း တွေ့ကျသော ခရိုင်အဆင့် ဘောလုံးပွဲတစ်ပွဲ၌ ဖြစ်လေသည်။

လှတောမှ အားပေးသောအသင်းတွင် ပါဝင်သော တိုက်စစ်မှူးမှာ ယနေ့ပွဲ၌ ခြေမပေါ်ချေ။ သူ့ဆီရောက်သော ဘောလုံးဆယ်လုံး၌ ကိုးလုံးမှာ လွဲချေ၏။ ဤသို့ အထင်နှင့်အမြင် လွဲနေသောအခါ အားပေးသော လှတောသားတို့၏ မချင့်မရဲ ပြောဆိုပုံမှာ ဤသို့ဖြစ်၏။

***"အလိုလေး… ပြောတော့ ရှိနာဒိုတဲ့။ ကမ္ဘာကျော်တွေမှ အားမနာ တကယ်လည်းကန်ရော ပြိတ္တာကြီး ဆယ်ဘီးကားကြိတ်ထားသလားမှတ်ရကွယ့်၊ လေးလိုက်တဲ့အကောင်"*** ဟု ဆိုသူရှိသလို နောက်တစ်ဦးကလည်း

***"ဟုတ်ပ့ါဗျာ ဘောလုံးကျွံတော့လည်း ဆင်းမဆယ်၊ ဘောလုံးရပြန်တော့လည်း တစ်လွဲနဲ့ အလိုလေးလေး လက်ရွေးစင်တဲ့ ဘောလုံးသမားရွေးပါဆိုတာ ဘယ့်နှယ့် ရေနစ်နေတဲ့ ပြိတ္တာတွေရွေးထားတာပါကလား"*** ဟူသော မချင့်မရဲ စကားသံအဆုံး၌ အနီးအနားမှ ရယ်မောသံများမှာ မစဲနိုင်တော့ချေ။ ။

# ဗီလီတဲ့လားကွယ်

လှတောရွာနှင့် စိုင်နိုင်သင်းတို့ တွေ့ကြသော ကျေးရွာဒိုင်းပွဲတစ်ခုတွင် ဖြစ်လေ၏။ ဘောလုံးကို ချစ်မြတ်နိုးသောစိတ်ကို အခြေခံ၍ မိမိတို့၏ ကျေးရွာဘက်ကို အားပေးသံများဖြင့် အထူးစည်ကားလှချေသည်။

မိုးရာဇာစာအုပ်

ဘောလုံးပွဲမှာ ခြေညီသဖြင့် ကြည့်ကောင်းလှ၏။ လှတောဘက်ရောက်လိုက်၊ စိုင်နိုင်ဘက်ရောက်လိုက်ဖြင့် ရှိနေစဉ် စိုင်နိုင် ကွင်းလယ်မှ တင်ပေးလိုက်သော ဘောလုံးမှာ လှတောဂိုးရှေ့သို့ ကျလာ၏။ ထိုသို့ ကျလာသော ဘောလုံးကို စိုင်နိုင်တိုက်စစ်မှူးက ရိုးရိုးမကန်သွင်းဘဲ ပီလီကစ် (နောက်ပြန်ကန်သွင်းခြင်း)ဖြင့် ဘောလုံးမှာ ထိချက်မမှန်ဘဲ လွဲသွားလေ၏။ လူမှာလည်း ခြေပစ်လက်ပစ် ကျသွားလေရာ ကာဒ်နှင့် ထမ်းထုတ်သွားရလေ၏။

ဤအချင်းအရာကိုကြည့်၍ လှတောသားတစ်ဦး၏ မြည်တွန်ပုံမှာ ဤသို့ဖြစ်၏။

***"အလိုလေး... ဖြစ်မှဖြစ်ရလေ၊ ဒီလူ့နှယ်၊ သေတာတောင်နည်းသေး၊ လူက လူလို ကောင်းကောင်းမွန်မွန် မကန်ဘူး၊ ဒီလိုကန်ရအောင် သူ့ကိုယ်သူများ ကင်းမြီးကောက်နဲ့ တစ်တီတူးက ပေါက်ထားတယ်များ မှတ်နေသလား မသိဘူး"***ဟု ဆိုလိုက်လေရာ ဘေးတစ်ဝိုက်မှ ရယ်မောသံကြီးများဖြင့် ဖုံးလွှမ်းသွားလေသတည်း။ ။

# ဖြစ်ရလေကွယ်၊ ငါ့သားရယ်

နိုင်ငံခြားတွင် အလုပ်လုပ်ရန် သွားခါနီးဖြစ်သူ သားအား ဖခင်ကြီးက ဘောင်းဘီရှည် ဝတ်ကျင့်ရှိစေချင်သည်။ ယခုကတည်းက ခတ်ဆန်ဆန်နေတတ်ရန် ပုံသွင်းချင်ပုံရလေသည်။

သို့သော် ရန်ကုန်သွားပြီး ပြန်လာသော သားဖြစ်သူ၏ ခေတ်ဆန်ခြင်းကိုစိတ်နာပုံမှာ ဤသို့ဤနှယ်ဖြစ်၏။

"အလိုလေး... အဘရေ၊ ကျုပ်က ခေတ်ဆန်ချင်လို့တော့ ဘောင်းဘီရှည် မဝတ်ချင်တော့ပါဘူးဗျာ၊ မြို့မှာဆို ဘောင်းဘီရှည်

ဆိုတာ မိန်းမတွေက ဦးဆောင်ပြီးဝတ်တာကလား၊ ဘောင်းဘီဝတ်တာ ဘယ်လောက်တောင်များသလဲဆိုရင် ထဘီဆိုင်တွေမှာ ဆန်ပြုတ်သောက်နေရပြီ၊ အဘရေ”ဟုသတည်း။

## ဒေဝဒတ်နဲ့ ရတဲ့ကလေး

လှတောသား ကိုသာဝတစ်ယောက် ပခန်းရှိ ငယ်သူငယ်ချင်းဆီ အလည်အပတ် ရောက်ခဲ့လေ၏။ လယ်ထဲနွားသွင်းချိန်နဲ့ ကြုံသမို့ ကိုသာဝအား အိမ်ရှိ ကလေးများအားအပ်ကာ စိတ်ချလက်ချ သွားလေသည်။ လယ်ထဲမှ သူငယ်ချင်းဖြစ်သူ ပြန်ရောက်လေသော် ကလေးထိန်းကိုသာဝတစ်ယောက် ကလေးများ၏ ဂုဏ်သတင်းကို ဤသို့ရင်ဖွင့်လေသည်။

***“အလိုလေး၊ တကယ်ပါပဲ၊ သူငယ်ချင်း၊ ဒီကလေးတွေဟာ မင်းနဲ့ရတာမှ ဟုတ်ရဲ့လားကွာ၊ ဒီလောက်ဆိုးပုံ၊ ဆော့ပုံ၊ ဒုက္ခပေးပုံထောက်ရင် မင်းမရှိတုန်း ဒေဝဒတ်နဲ့ရတဲ့ကလေးတွေဖြစ်မယ်။ ဟိုအငယ်ဆုံးကောင် ဆော့လိုက်ပုံများ ကျွဲဖင်မှာ မော်တာတပ်ထားတာမှ နေးဦးမယ်၊ လိုက်လို့ကိုမမီဘူး”***ဟု မောသံကြီးနှင့် ဆိုလိုက်လေရာ ပခန်းသား သူငယ်ချင်းဖြစ်သူက ထမင်းစားပြီး ရောက်တုန်းရောက်ခိုက် ညအိပ်ပါနေရန် ပြောရာ ဤသို့ ပြန်လည်ပြောဆိုလေသည်။

“အလိုလေးလေး… ပြောရက်ပါပေ့၊ သူငယ်ချင်းရယ်၊ ညပါအိပ်ရရင် မနက်ကျရင် အသက်မှရှိပါ့မလား၊ ပြန်ပါရစေတော့ကွာ၊ ရွာဦးကျောင်းက ဒီလောက်ဆော့တယ်ဆိုတဲ့ မျောက်ဆယ်ကောင် ထိန်းရတာဟာ ဒီလောက်အပန်းမကြီးဘူး၊ မင်းကလေးသုံးယောက် ထိန်းမယ့်

အစားတော့ကွာ ငါ့ဟာငါ တောထဲဝင်ပြီး ဆင်တွေကျားတွေပဲ သွား ဖမ်းပါရစေတော့ကွယ်"ဟု ဆိုပေရာ လင်မယားနှစ်ယောက်တွင်မက အိမ်နီးချင်းများပါမကျန် ရယ်မောနေကြလေသည်။

## ကြက်မွေးလန်

လှတောသား သားအဖနှစ်ယောက် ရန်ကုန်သို့ ဘုရားဖူးရင် အလည်ခရီး ရောက်ခဲ့ကြလေ၏။ ရန်ကုန်မြို့ထဲရောက်ခိုက် ရန်ကုန် သူ သမီးပျိုတို့၏ ခေတ်နှင့်အညီ ဆန်းပြားသော ဝတ်စားဆင်ယင်မှု ကို သားဖြစ်သူက အံ့သြတကြီးဖြင့် ဤသို့ချီးမွမ်းထောပမနာပြု၏။

*"အလိုလေး၊ ဟိုရှေ့က ဝတ်ထားတဲ့ အမျိုးသမီးအကျီက ငှက် ကုလားအုတ်ကြီး လမ်းလျှောက်လာသလိုပဲဗျ။ စကပ်ကို တိုထားလိုက် ပုံများတော့ ရွာက အောက်ပိုင်းမွေးမရှိတဲ့ ကြက်မွေးလန်ကျနေတာပဲ"* ဟု ဆိုလိုက်လေရာ ဖခင်ဖြစ်သူက ဗဟုသုတနည်းလှသော သားတော် မောင်အား ဤသို့ဖြည့်စွက်လေ၏။

"မင်းဟာ ငတုံး၊ ငတုံးမှ တော်တော်တုံးတဲ့ကောင်၊ အဲဒါ ငှက် ကုလားအုတ်နဲ့ ကြက်မွေးလန် ဖောက်ထားတာ မင်း မသိဘူးလား၊ ရန်ကုန်မှာ အဲဒီလိုသတ္တဝါတွေက လူစကားပြောနေပြီ"ဟု ဆိုလေရာ သားဖြစ်သူမှာ ပါးစပ်ဟနေရလေသည်။

''အလိုလေး ...ရန်ကုန်သူတဲ့ဗျာ၊ မတွေ့ခင်ကတော့ အထင်ကြီး လိုက်ရတာ၊ နတ်သမီး သုံးထပ်ကွမ်းလားရယ်ပေါ့. ဖြစ်ရလေကွယ်၊ ဖြူဖတ်ဖြူရော်တွေနဲ့၊ ကြက်မွေးလံ လေဖြတ်ထားတဲ့ရုပ်တွေပါ လားကွယ်''

## အဘပြောတဲ့ ရန်ကုန်သူ

အောက်ပြည်အောက်ရွာသို့သွားခိုက် လူငယ်တို့ ဘာသာဘာ
ရန်ကုန်သူတစ်ယောက်နှင့် ရည်းစားသနာ ဘာညာဘာညာ ဖြစ်ခဲ့ဟ
ရှိသော လှတောသား လူငယ်တစ်ယောက်အား ဖခင်ဖြစ်သူက ဤသ
နားချဆုံးမနေ၏။

*"အလိုလေးလေး၊ မပွင့်သေးတဲ့ ဘုရားတွေရော၊ ပွင့်ပြီးတဲ့ဘုရား
တွေရော ကယ်တော်မူကြပါ"*

"မင်း ဒီမိန်းမကို လိုချင်ရအောင် သူ့အကြောင်း ဘယ်လောက
သိလို့လဲ။ ရန်ကုန်သူကွ၊ ရန်ကုန်သူ၊ ဘာမှတ်သလဲ။ မိန်းမမာယ
သဲကိုးဖြာဆိုတာမျိုးဟာ သူတို့လိုဟာမျိုးတွေမှာရှိတာ။ ဒါကို သူတို့
သိပြီး သူတို့ပဲသုံးကြတာ၊ မင်း ဘာမှတ်နေလဲ၊ မင်းလောက်တော့မျ
လူစင်စစ်ကနေ ပြာတောင်ကျသွားမယ်။ နားလည်လား၊ ကင်းကင်
နေစမ်း"ဟု ဖခင်ကြီး၏ ဆုံးမသံအဆုံး၌ ကြားရလေသူ အိမ်နီးချင်
တို့မှာ ကျိတ်၍ ရယ်မောနေကြရလေသတည်း။

## မယ်တစ်ထမ်း မောင်တစ်ရွက်

ရန်ကုန်ရှိ အမျိုးအဆွေများထံသို့ အလည်အပတ်သွားရောက်
သော လှတောသား ကာလသားငယ်တစ်ယောက်မှာ အောက်ပြည်သ
တစ်ယောက်နှင့် လူငယ်တို့ဘာဝ ရင်းနှီးချစ်ကြည် ချစ်ရည်မျှခဲ့ကြလေ
သည်။

ရွာသို့ပြန်ရောက်လေသော် သတင်းသိုးသိုးသန့်သန့်ကြား၍ ဖခ

ကြီး၏ ရင်ပူခန်းမှာ ဤသို့ဖြစ်လေသတည်း။

***"အလိုလေး... တကယ်ပါပဲ၊ မင်းသားနဲ့ ကြိုက်ခဲ့တဲ့ အမျိုးသမီးဟာ ရန်ကုန်ပေါက်စစ်စစ်လား၊ သေချာမေးစမ်း၊ စစ်စစ်ဆိုရင်တော့ အကျိုးတော့နည်းပါပြီ၊ ငါ့ ရန်ကုန်ရောက်လေတော့ ရန်ကုန်သူတွေ အောက်တန်းစီးတဲ့ဖိနပ်တစ်ရံဟာ သုံးသောင်းတဲ့ကွ၊ ငါရှာတဲ့ငွေဟာ မင်းသားလုပ်ပုံနဲ့ ဆင့်ပါးစပ် နှမ်းပက်ဖြစ်တော့မှာပဲ"***

မိခင်ကြီးကလည်း ခေသူမဟုတ်ပါ။ ချေပပုံမှာ ဤသို့ဤနှယ်ဖြစ်လေ၏။

***"ဒီလိုတော့လည်း ဟုတ်ပါ့မလား ကိုရင်ရယ်၊ ချစ်လို့ယူကြပြီ ညားကြပြီဆိုမှဖြင့် မယ်တစ်ထမ်း မောင်တစ်ရွက်ပေါ့တော်၊ သိပ်လည်း စိတ်ပူမနေပါနဲ့တော် ရှင့်သား လှတောလေ မိသွားမှဖြင့် ကောက်ရိုးခင်းနဲ့နေပြီး မြက်ဖိနပ်လေးစီးတာ ကျွန်မဘ၀ပါ ဖြစ်သွားမှာ မြင်ယောင်ပါတယ်တော်"***ဟု အကောင်းမြင်ဘက်မှ ပြောလေသည်။

# လှ, လှရက်ပါပေ့ကွယ်

လှတောရွာသို့ ရန်ကုန်မှ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာကြလေသည်။ ရိုက်ကူးရေး ပြီးစီး၍ ထိုအဖွဲ့ ပြန်သွားလေသော် သိတော်မူကြသည့်အတိုင်း ရွာနီးချုပ်စပ်မှ ဘယ်မင်းသမီးက ဘယ်လိုချောကြောင်း၊ ဘယ်မင်းသားက ဘယ်လိုလှကြောင်းတို့မှာ အဖန်တစ်ရာထပ်ရချေပြီ။ လူလို၍ မရှိသည့်အဆုံး မရှိသုံးအဖြစ် တစ်ခန်းစနှစ်ခန်းစ ဆွဲရိုက်သွားသော လှတောသူ အပျိုချောတို့အကြောင်းမူ တစ်ဦးတစ်ယောက်မှ မပါချေ။

ဤဖြစ်အင်ကို လှတောသားများက လားလားမျှ မခံရပ်နိုင်ချေ။ ထိုသို့သော အခြေအနေတွင် တစ်ချို့သော အတွင်းသိအစင်းသိ ဇာတ်လမ်းအချို့အား လှတောသားများက ဤသို့ရင်ဖွင့်ကြလေသည်။

လူအများသုံးရသော အခန်းတွင် လှတောသူ ပျို့မမပကာသနီ တစ်ဦးအား ထည့်သွင်းအသုံးချမိသော ဒါရိုက်တာ၏ ဖြစ်ရပ်မှန် နှာခေါင်းဇာတ်လမ်းကို လှတောသားများက ဤသို့ အသက်သွင်းလေသည်။

*"သီတာဒေဝီကို မြင်ရတဲ့အချိန်မှာ ဒဿဂီရိဟာ ဆောက်တည်ရာမရဘူးဆိုတာဟာ ဒီလူ့ကို ဘယ်မှာမှီလို့လဲ။ ဒီလူကြီး တို့လှတောသူရဲ့ အလှကွန်ယက်မိပြီး ဖြစ်နေပုံများတော့ မျက်လုံးက တောစီးကွက် တော့မီးလောင်သလို တောင်တစ်လုံး မြောက်တစ်လုံး ဖြစ်လာတယ်ကွ။ နှာခေါင်းကတော့ မျှောက်ဖင်နီရဲ့ဖင် ပျားတိုးသလိုမျိုးပေါ့။ ပါးစပ်ကြီးကလည်းလေ ပြဲလာလိုက်တာလေ မိချောင်းတစ်ဝက် ဂေါ်ဇီလာတစ်ဝက် ပေါ့ကွာ၊ အလိုလေး, ဆံပင်တွေကလည်း ထောင်ပြီး ဖြစ်နေလိုက်ပုံများတော့ ဆံပင်ပေါက်ခါစ အရွး မိုးကြိုးပစ်သံကြားလို့ အိမ်သာကျင်း ပျက်ထဲ ခုန်ချမယ့်ဆဲဆဲပုံမျိုးပါကလား"* ဟု ဆိုသူရှိသလို နောက်တစ်ဦး ကလည်း။

*"ဟုတ်ပ၊ ကိုရင်ရယ်, ဇာတ်တော်လာထဲမှာ ဥမ္မာဒန္တီရဲ့ အလှကို မြင်ပြီး သီဝိမင်းကြီး ရူးရတယ်ဆိုတာ တကယ်တော့ ဟုတ်လောက်မယ်ကွ၊ တို့လှတောသူတွေရဲ့ အလှကိုမြင်ပြီး အဲ့ဒီ ရန်ကုန်က ဒါရိုက်တာဆိုတဲ့ဟာကြီး ဖြစ်နေလိုက်ပုံများ နှာခေါင်းကြီးက ဘူးသီးကို လေထိုးထားသလိုပဲ ပွလာတယ်ကွ၊ မျက်လုံးကြီးတွေကလည်း နီပြီး ဖရဲသီးလောက်ကြီးလာတယ်။ ခြေလက်ကားယားနဲ့ အယောင်အမှားမှား*

ဖြစ်နေပုံများတော့ အဝတ်မပါတဲ့ အရှုးကို ခွေးလှေးပျားတွေ လိုက်ထိုးနေသလားမှတ်ရ"ဟု စကားအဆုံးတွင်မူ ရယ်မောသံကြီးများမှာ ပြီးဆင်းသွားလေတော့သတည်း။ ။

# တောင်ဂေါ်လီနှင့် ရန်ကုန်သူ

ရန်ကုန်မြို့သို့ ဘုရားဖူးရင်း လိပ်ဥပါတူးရန် ကြံစည်လာကြကုန်သော လှတော်နှင့် ပခန်းတစ်ဝိုက်မှ တောင်ဂေါ်လီ လှေတော်သားတစ်သိုက်ရန်ကုန်မြို့၊ အင်းစိန်ရှိ ခြံကြီးတစ်ခြံ၌ တည်းခိုနေလေသည်။

ဤသို့ဖြင့် ရက်ကာလတို့ ရှည်ကြာလာလေသော် အေးခြံမှ အငှါးသူတို့၏ ငမ်းကြော်ဖြစ်ရရှာသော ရန်ကုန်သူတို့မှ လှတော် ကိုကို ကာလသားတို့အား ဤသို့ တီးတိုးစကားသံပေး၏။

"ဘယ်တောက သတ္တဝါတွေလဲ မသိဘူး၊ ဘုရားသွားတော့လဲ ထိုးထိုးထောင်ထောင်တွေနဲ့၊ မျက်စိနောက်စရာ၊ ကိုယ့်ကိုယ်ကိုယ်တော့ တောဂေါ်လီ့တဲ့၊ ဒီအကောင်တွေ ကြည့်ရတာဖြင့်၊ ဟိုအကောင်ကို ကြည့်စမ်း၊ ဥကထွက်ခါစ ငြိုပဲသားလားမှတ်ရ"ဟု ဆိုလိုက်သလိုနောက်တစ်ဦးအားလည်း ဟိုပုပြတ်ပြတ်ကောင်ကတော့ဖြင့် ဘောင်းဘီက မိုက်နဲ့မဆန့်၊ ကိုးရိုးကားယား ဖြစ်နေပုံများတော့ လေဖြတ်ထားတဲ့ မျောက်ဝံကျနေတာပဲ"ဟု ကဲ့ရဲ့သံပါသော ဝေဖန်ချက်ကို ပေး၏။

ဤသည်ကို ကြားသွားသော လှတော်သားတို့မှ ထိုရန်ကုန်သူတစ်သိုက် အပြင်သို့ထွက်ရန် လမ်းရှာပြလေသော် ရန်ကုန်သူတို့၏ ပုံပန်းနှင့် အသွင်သဏ္ဌာန်ကို ဤသို့ တစ်ဖန် စကားစစ်ပြုကြလေတော့သတည်း။

"အလိုလေး… ရန်ကုန်သူတဲ့ဗျာ၊ မတွေ့ခင်ကတော့ အထင်ကြီးလိုက်ရတာ၊ နတ်သမီး သုံးထပ်ကွမ်းလားရယ်ပေါ့၊ ဖြစ်ရလေကွယ်၊ ဖြူဖတ်ဖြူရော်တွေနဲ့၊ ကြက်မွေးလံ လေဖြတ်ထားတဲ့ရုပ်တွေပါလားကွယ်"ဟု စလိုက်လေရာ၊

နောက်တစ်ဦးအားလည်း "အလိုလေး၊ မျက်နှာမှာ လိမ်းခြယ်ထားလိုက်ပုံများ ဗုံးနိုကျင်းထဲက ထွက်လာတဲ့ လူ့မျိုးတွင်းထဲ ကျထားသလားမှတ်ရ"ဟု ဆိုလိုက်အပြီး၊ နောက်ဆုံး ပခန်းသားတစ်ယောက်မှ "အလိုလေး၊ ရန်ကုန်သူတွေရယ်၊ လမ်းလျှောက်ပုံများတော့ ရှေ့ကကြည့်ရင်ဖြင့် မုန်တိုင်းမိထားတဲ့ စာခြောက်ရုပ်ကို ခွေးချီပြေးနေသလားမှတ်ရ"ဟု ဆိုလိုက်အပြီး နောက်ဆုံးမှတ်ချက်မှာမူ ဤသို့ဖြစ်လေ၏။

"အလိုလေး၊ ဒီကြားထဲ ပန်းခြံထဲက ရန်ကုန်သူ အတွဲတွေများ အင်္ကျီက အကွဲအပြဲတွေနဲ့၊ အော်ချင်ရာအော်၊ ဖြစ်ချင်ရာဖြစ်နေပုံများတော့ ဆူညံဆူညံနဲ့ မျောက်ဖင်နီနဲ့ ခွေးအုပ်တွေ ရန်ဖြစ်နေသလားမှတ်ရပါကလားကွယ်"ဟု ဆိုလိုက်လေရာ ရန်ကုန်သူတို့မှာ တိတ်ဆိတ်သွားသလောက် လှတောသားအပါအဝင် မြန်မာပြည်သားတို့၏ ရယ်မောသံများမှာ ဆူညံသွားလေတော့သတည်း။

❐


''ယနေ့ခေတ်မှ ပြန်ပြောင်းလှန်၍သော် ဘကြီးတော် ဘုရားခေတ်အဆုံး ကျေးလက်ဒေသများတွင် ခေတ်အဆက်ဆက် မတိမ်ကောခဲ့သောပွဲအားမှာ နွားပွဲစား ဖြစ်လေ၏။ ထိုနောက်တွင်မူ စပါးပွဲစား၊ ခြံပွဲစားသေဖြင့် ပေါ် ပေါက်လာရာမှ ယခု ပေါ် လာသော ပွဲစားတစ်မျိုးမှာ ခေတ်နှင့်အတူ ပေါ် ပေါက်လာသော မလေးပွဲစားများပင် ဖြစ်လေ၏။ ''



"အလိုလေး၊ ညကလပ်ဆိုတာပါလား၊ မြို့ပြယဉ်ကျေးမှုတဲ့၊ မငြိမ်းချမ်းလိုက်လေကွယ်၊ ကနေလိုက်ပုံတွေကလည်း မီးလောင်နေတဲ့ စာခြောက်ရုပ်တွေ လေထဲလွင့်နေသလိုပါပဲလား၊ ဒီကြားထဲ ကိုယ်တော်ချောတို့က ငွေကုန်ခံပြီး ပန်းကုံးတွေကို စွပ်ရှာသေးတယ်။ ပန်းကုံးစွပ်လို့ သူတို့ဘာရလဲတော့မသိဘူး၊ ပန်းကုံးစွပ်လို့ ရတာချင်းတူရင် ငါတော့ သူတို့ကို မစွပ်တော့ဘူး၊ ငါတို့ရဲ့ကျေးဖူးရှင် ဖြစ်တဲ့ ရွာက ငို့နွားကြီးတွေကိုပဲ ပြန်စွပ်တော့မယ်"



"ဟုတ်ပ၊ ကိုရင်ရယ်႔
ဖာတ်တော်လာထဲမှာ ဥမ္မာဒန္တီရဲ႕
အလှကိုမြင်ပြီး သီဝိမင်းကြီး ရူးရတယ်ဆိုတာ တကယ်တော့ ဟုတ်
လောက်မယ်ကွ၊ တို့လှတောသူတွေ ရဲ႕အလှကိုမြင်ပြီးအဲ့ဒီရန်ကုန်က
ဒါရိုက်တာဆိုတဲ့ဟာကြီး ဖြစ်နေလိုက်ပုံများ နှာခေါင်းကြီးက ဘူးသီး
ကို လေထိုးထားသလိုပဲ ပွလာတယ်ကွ၊ မျက်လုံးကြီးတွေကလည်း
နီပြီးဖရဲသီးလောက်ကြီးလာတယ်၊ ခြေလက်ကားယားနဲ႔ အယောင်
အမှားမှားဖြစ်နေပုံ များတော့ အဝတ်မပါတဲ့အရူးကို ခွေးလှေးများတွေ
လိုက်ထိုးနေသလားမှတ်ရ"





အခန်း(၅)

## လှည်းတောသားစကားအလင်္ကာ

# ဖဲရှုံးလာသောဘီလူး

လှည်းတောသားတို့ စကားဝိုင်းနှင့် မနီးမဝေးမှာ အမူးသမားများ ဆဲရေးတိုင်းထွာနေကြသည်။ စကားဝိုင်းထဲမှ လူတစ်ယောက်မှာ အကြား မတော်သောကြောင့် ‘ဒီသူငယ်တွေ သွားပြောဦးမှပါ’ ဆိုကာ စကားဝိုင်း ထဲမှ လူတစ်ယောက်က ထရန်ဟန်ပြင်ရာ တစ်ယောက်က…

*“ဦးလေး… မသွားနဲ့ မသွားနဲ့၊ အစုမြင်နေရတဲ့ကောင်ဟာ အင်မတန် ရိုင်းတာ၊ ရိုင်းစိုင်းပုံများကတော့ အရက်မူးနေတဲ့ နာဠာဂီရီ ဆင်နဲ့ ဖဲရှုံးပြီး ပြန်လာတဲ့ အာဠာဝကဘီလူးနဲ့ စပ်ကျသလားမှတ်ရ”* ဟုဆိုလေရာ ရယ်သံများဖြင့် စကားဝိုင်းတွင် လွှမ်းသွားလေသည်။

## သိန်းထီပေါက်တဲ့ ဥစ္စာစောင့်

နွားဝယ်လိုသော လှတောသားများမှာ နွားရှင်ပြောသော ဈေးကြောင့် တွန့်သွားကြကာ...

***“အလိုလေး လူရယ်၊ ခွေးဖိုးတစ်ထောင်၊ ကြောင်ဖိုး တစ်သိန်းဆိုတဲ့စကားမှာ နွားဖိုးတစ်သန်းလို့ ထည့်ဖြည့်ရမလို ဖြစ်နေပါရော့လား”***

“အင်းလေ၊ ခင်ဗျားတို့က ကြိုက်နွားကို လိုက်ရှာကြတာ မဟုတ်လား၊ ကျုပ်ကလည်း ကြိုက်ဈေးခေါ်တာပေါ့”

နွားရှင်က ပြန်ဖြေသည်။

ထိုအခါ ***“နွားကိုကြိုက်တာကတော့ ဘာကယ်ပါပဲ၊ ခင်ဗျားဆိုတဲ့ ဈေးနဲ့တော့ လူစင်စစ်က ဝယ်နိုင်မှာမဟုတ်ဘူး၊ သိန်းထီပေါက်တဲ့ ဥစ္စာစောင့်မ ဆိုရင်တော့ ဝယ်နိုင်မလား မသိဘူး”***ဟု လှတောသားက ပြန်ဖြေကာ ရယ်ရယ်မောမောနှင့် ထွက်လာခဲ့ကြသည်။

## အလှူ့ဒါယိကာ လက်ဖက်ခွက်

လှတောရွာအနီးတွင် ဘတ်စ်ကားတစ်စီး ပျက်သည်။ ကားပေါ်တွင်ပါသော စပယ်ယာနှင့် ဒရိုင်ဘာတို့ တကုန်းကုန်း ရှိုက်နေကြစဉ် မကြာခဏ ရောက်ရောက်လာသော ကားများမှ အပေါင်းအသင်းများကလည်း ဝင်ရောက်ကူညီကြသည်။ ကားမှာမူကား မနိုးသေး၊ မကောင်းသေး။ နောက်ထပ် ရောက်လာသော ကားများမှ လူများလည်း ခဏရပ်ကာ ဝင်ရောက်ကူညီကာ ထွက်သွားကြပြန်၏။ ဤသည်ကို လယ်

ထွန်ရင်းမြင်နေသော လှေတောသားကြီး ပြောလိုက်ပုံမှာ...

***"အလိုလေးကွယ့်၊ ကားရယ်၊ လာလာသမျှလူတွေ တစွတ်စွတ် ဝင်ဝင်နှိုက်သွားလိုက်သွားလိုက်ကြတာ အလှူအိမ်က လက်ဖက်ခွက် ကြနေတာပဲကွယ့်"***

## မနေဝံ့လိုပါ

ဆိုင်ထဲမှ ထွက်သွားသော ရင်းနှီးသည့် မိတ်ဆွေကြီးအား ကြည့်ကာ ရယ်မောကျန်ရစ်ခဲ့ကြစဉ် မကုန်နိုင်သေးသော ထိုမိတ်ဆွေ ဂုဏ်ထူးဝိသေသကို တစ်ယောက်က ထပ်မံဖော်ထုတ်လိုက်ပုံမှာ ဤသို့ ဖြစ်၏။

***"ဒီလူကြီး ဝက်လက်မှာ မနေဝံ့လို့ ထွက်ပြေးလာလိုက်တာ၊ လှေတောမှာတောင် မနေဘဲ မဲကုန်းချောက်ထဲ သွားငုပ်နေပုံတော့ဗျာ၊ မြေပဲတောင့်လောက် ပညာပါတာပဲဗျို့၊ မြေအောက်လဲ တိုးဝင်သေး၊ အခွံနဲ့လဲ ဖုံးထားသေးသဗျ"***

## ကြိုဟ်စကား

ပျော်ရွှင်တတ်သော လှေတောသားကြီး၏ ဉယျာဉ်ထဲသို့ လူရွှင်က လေးများ ရောက်လာကြရာ မိုးမရွာသောကြောင့် လိမ်ခိုသေးလှီနေသော မေမြို့ပန်းခင်းကို မြင်သဖြင့်...

"ဘိုးလေးရဲ့ မေမြို့ပန်းတွေက တယ်သန်တာပဲ"ဟု ကျီစယ် လိုက်ရာ အခင်းရှင်က...

"ဟဲ့... ငနာလေး၊ ကြိုဟ်စကား လာမပြောနဲ့၊ မေမြို့ပန်းတွေ ကဖြင့် ပူဒီနာပင်လောက်တောင် မရှိဘဲနဲ့"ဟု ငေါက်လိုက်ရာ ဝါးခနဲ ရယ်မောကြလေ၏။

# စင်ပေါ်မှ တီကောင်

ထိုမှတစ်ဖန် ပူဒီနာခင်းရှင်၏ ဥယျာဉ်တွင်းသို့ လှည့်ပင်းဆန့်ကာ မျှော်ကြည့်လိုက်သောအခါ ညိုးခြောက်နေသော ပဲလင်းမြွေပင်များကို မြင်ရပြန်သည့်အတွက်...

"ဒါပေမဲ့ ပဲလင်းမြွေကတော့ သန်သားပဲ"

***"ပဲလင်းမြွေသီးတဲ့ကွာ၊ တီကောင်ကို သဘောဆေး အစိမ်းရောင် သုတ်ပေးပြီး စင်ပေါ်မှာ ဆွဲထားတာလောက်မှ မတင့်တယ်ပါဘူး"***

ဥယျာဉ်ပိုင်ရှင်ကပင် သရုပ်ဖော်ပြလိုက်ပြန်ပေ၏။

# လက်ညှိုးညွှန်ရာ

မူးရေလာပြီ။ လှတောသား လယ်သမားများ အပြေးအလွှားရေး သွင်းကြ၊ ထွန်ယက်ကြသည်။ လယ်တောမှာ ပွဲတော်တမျှ ပျော်စရာ ကြီးဖြစ်နေ၏။ လယ်သမားကြီးတစ်ယောက်သည် ကန်သင်းပေါ်မှာရပ် ပြီး သူ့လယ်ကွက် သူပြန်ကြည့်ရင်း...

***"နုပုံနဲ့ကတော့ စိုက်ရက်ပေးပါသေးတယ်ကွာ၊ စိုက်တယ်ဆိုတာက မြက်ပုတ်မြေသားတွေ နွားချေးတွေနဲ့ မူးရေနောက်တွေ သမနေပြီး မရေ အိုးပွက်သလို ပွက်ထနေမှ စိုက်လို့ကောင်းတာကွ"***

ထိုအခါ ကန်သင်းပေါ်ရောက်နေသူက…

"ဒီအချိန်ဟာ ပင်ထောင်လာကြည့်နေကျ အချိန်ပဲဗျ"

*"ဒီနှစ်တော့ အစုချိန်မှာ ပင်ထောင်ကြည့်ဖို့ ဆင်းလာကြရင်တော့ ဟောဒါပင်ထောင်ပါပဲဆိုပြီး ထန်းပင်ကို လက်ညှိုးထိုးပြလိုက်ရုံပဲကွ"*

လယ်သမားကြီးက လယ်စပ်မှ ထန်းပင်များကို ထိုးပြလိုက်လေ၏။

## နည်းလိုက်ပုံများတော့ …

ကန်သင်းပေါ်တွင် ထိုသို့ရပ်ပြီး စကားပြောနေကြရာသို့ အခြားရွာမှအသိများ ရောက်လာကြသဖြင့် ဝမ်းသာအားရ ကြိုဆိုသည်တွင် ဧည့်သည်က…

"ခင်ဗျားတို့ဘက်မှာ မိုးရွာတယ်ဆိုလို့ ဝမ်းသာပြီးလာကြည့်တာ"

"ရွာတော့ ရွာပါရဲ့ဗျာ၊ ဒါပေမယ့် ဖားခံတွင်း ချဉ်ရုံလောက်ပဲ ရှိတယ်"

လှေတော်သားကြီးက ပြန်ဖြေလိုက်ရာ ဧည့်သည်ကပင် ဆက်၍–

"မိုးရေကလဲ နည်းတယ်နော်"

"အလိုလေးလူရယ်၊ မိုးရေနည်းလိုက်ပုံများတော့ လူမမာ ဆလိုင်းသွင်းနေသလောက်ပဲ ရှိရှာလိုက်လေ"

## ယမမင်း၏ ဒယ်အိုး

ရွှေကျင်ရွာတွင် ကျင်းပသော ရှင်ပြုအလှူမင်္ဂလာတစ်ခုမှ လှေတော်သားများ တစ်စုတစ်ဝေးကြီး ပြန်လာကြရာ တစ်ဦးက စတင်၍

*"အလိုလေး အလှူပွဲရယ်, နတ်ရွာတံခါးဖွင့်တဲ့ ပွဲကြီးတမျှပါပဲ၊ ကျွေးလိုက်မွေးလိုက်တာကလည်း ထမင်းရည်ချောင်းစီး၊ ချက်တဲ့ပြုတ်တဲ့ အိုးကြီးတွေဆိုရင် ဂျွဲအုပ်ကြီးအိပ်နေသလား မှတ်ရ"*

အတူတူလာသော အခြားတစ်ယောက်ကမူ...

*"ဟုတ်ပါရဲ့၊ မိုးဖြိုဒယ်ကြီးတွေကတော့ တစ်မျှော်တစ်ခေါ်ကြီးပဲ၊ ဒါပေမဲ့ အဲဒါကြီးတွေမြင်ရတော့ ငရဲပြည်မှာ ငရဲသားကို စောင့်မျှော်နေတဲ့ ယမမင်းရဲ့ ဒယ်အိုးကြီးတွေနဲ့ တူလိုက်လေ"* ဟုဝင်ပြောလေသည်။ ဒုတိယသူမှာ အလှူပွဲကို ဘဝင်မကျခဲ့ဘူး ဖြစ်ပေမည်။

## ပျောက်ဆုံးသွားသောမိန်းမ

စက်ပေါက်စ ကွမ်းယာဆိုင်တွင် လူမရှိ။ ဝယ်သူလာမှ ပြေးလာသည်။ ပြေးလာသော်လည်း မထိုင်နိုင်သေး။ ဖုန်တွေကို အဝတ်စုတ်နှင့် ပုတ်ခါနေရသဖြင့် ကွမ်းယာဝယ်သူက...

"အုင်း... ဖုန်ခါရတာကိုက အလုပ်ကြီးတစ်ခုပါပဲလား" ဟု စကားစလိုက်ရာ လှတောသား ကွမ်းသည်က...

*"အလိုလေး, ဖုန်ပေါချက်ကတော့ မနက်က မိန်းမကို ဆိုင်,ထိုင်နိုင်းထားခဲ့ပြီး ညနေခါ ဆိုင်သိမ်းဖို့ ပြန်လာတာ၊ မိန်းမ ရှာမတွေ့တော့လို့ ကွမ်းယာဆိုင်နဲ့ မိန်းမကို ပေါက်ပြားနဲ့ယက်ပြီး ရှာရတယ်ဗျာ"* ဟု ပြန်ပြောလိုက်လေ၏။

''အလိုလေးအေ. တကယ်ပါပဲ၊ ဟို တစ်မြန်နေ့က လူကြီးချင်း စကားကမ်းလှမ်းတာ အဆင်မပြေလို့ ဖြစ်နေလိုက်ပုံများတော့ နေမထိထိုင်မသာနဲ့ ဘီလူးဝမ်းနှုတ်ဆေးစားပြီး လျှောက်ပြေးနေသလိုပဲ အေ့''



''ဒီလိုတော့လည်း ဟုတ်ပါ့မလား ကိုရင်ရဲ့။ ကိုရင့် ဘဝမှာ စာဥ လိုချင်တာကို ဖြစ်အောင်ဖန်တီးပေးမယ်ဆို၊ ကိုရင့်ကို မြင့်မိုရ်တောင်ကိုလည်း စာဥမတက်ခိုင်းဘူး၊ မဟာသမုဒ္ဒရာကြီး ကိုလည်း လက်ပစ်မကူးခိုင်းပါဘူး၊ ရွာထိပ်က ဘူကြီးသမီး ငွေခင်တို့ လောက်တော့ စာဥကို အနည်းဆုံးထားနိုင်အောင် ကြိုးစားပါ။ ဒီလိုဆိုရင် အဲဒီ စားလို့မရ ဖောင်းလို့မရတဲ့ သစ္စာတရားနဲ့ မေတ္တာ တရားတွေကို ကိုရင် ခေတ္တခဏထားပြီး မရှိမရှားမဖြစ်ရလေ အောင် မလေးရှားဆိုတဲ့ ဘုံရပ်ကြီးကို နောက်ဆုံးတစ်ခေါက် အနေး အမြန်ပြန်ပါလေဦး၊ ပြန်လေဦး''

## နှစ်သစ်ကူးလေရောသလားကွယ်

ဘောလုံးပွဲတွင် ရန်ဖြစ်ကြသည်။ ရိုက်ကြသည်။ လူတော သားများ ထွက်ပြေးကြသည်။ အပြေးနှေးသူတစ်စု အရိုက်ခံရပုံကို…

*"အလိုလေး၊ အဲဒီလူတစ်စု အရိုက်ခံရပုံများကတော့ တရုတ်နှစ်သစ်ကူးပွဲမှာ ဗျောက်အိုးဖောက်နေသလားမှတ်ရ၊ တဖြောင်းဖြောင်းနဲ့ နားပင်းလုမတတ်ပါပဲ"*ဟု အားရပါးရ ပြောကြလေသည်။

## ဆွဲမရ၊ ကိုက်မရ

ဧည့်သည်လူတောသားသည် ထမင်းကို အေးဆေးစွာ မစား၊ အိမ်ရှင်နှင့် ပြောမနာ ဆိုမနာ ရင်းနှီးနေသည်ကို အကြောင်းပြု၍–

*"ဒါလား ကြက်သား၊ မင့်ကြက်သားကတော့ ဆွဲမရ ကိုက်မရနဲ့ ပလပ်စတစ် ကြက်ရုပ်ကို ချက်ထားလား မှတ်ရ"*ဟုဆို၏။

အိမ်ရှင်သည် ရယ်မောနေပြီး "တခြားဟင်းတွေက ကောင်းပါတယ်" ဟုဖြေ၏။

*"မကောင်းပါဘူးကွာ၊ ဒီဟင်း ဒီထမင်းကို စားရတာ လည်ပင်းနင်ပါဘိတော့သကွယ်၊ လူ့ကို ငါးခုံးမအုပ်စားမိတဲ့ ဗျိုင်း အောက်ကျနေတာပဲ"*

## လှုပ်တာမြင်လေတိုင်း …

အဲသိမိတ်ဆွေများထဲတွင် နားလေးသူတစ်ယောက်ရှိသော လူတောသားများမှာ နားလေးသူမြင်အောင် ပါးစပ်မလှုပ်ရဲကြပေ။ သူ ဝင်လာတာ မြင်လျှင် ငြိမ်နေကြရ၏။

ယခုလည်း စကားကောင်းနေဆဲ ရောက်လာသဖြင့် မျက်နှာကို တစ်ဖက်လှည့်ထားကာ...

*"ဟော့... တိုးတိုးပြောပါဟ၊ ပါးစပ်လှုပ်တာမြင်ရင် သူ့အတင်းပြောတယ်ထင်ပြီး၊ ပါးစပ်ကျွယ်ကျွယ်ဟပြီး သမ်းပြန်တော့လည်း အခုဆိုတာ ဘာသီချင်းလဲ, စာသားပေးစမ်းပါ၊ အတင်းတောင်းပြန်ရော"* ဟု သတိပေးသည်။

## သားရေးသမီးရေး ရွှေရင်လေး

ကားဒုက္ခိတတစ်စီးသည် လှေတော်သားစုံသော လက်ဖက်ရည်ဆိုင်သို့ တလှုပ်လှုပ် တရွေ့ရွေ့ မောင်းနှင်ဝင်ရောက်လာရာ၊

"ကားခမျာ သနားစရာ၊ သားရေးသမီးရေး ရင်လေးနေရှာဟန်တူပါရဲ့၊ ရင်ဘတ်နဲ့မြေကြီးကို ပွတ်နေရှာပါလား"ဟု တစ်ယောက်စတင်လိုက်ရာ နောက်တစ်ယောက်က ဤသို့ ဝင်ရောက်ဖြည့်စွက်ပေးလိုက်၏။

"ကားခမျာမှာ ရင်ဘတ်နဲ့ ရှပ်တိုက်နေရတာလဲ မပြောနဲ့၊ ကားဘီးကိုလည်း ကြည့်ဦးလေ၊ တညင်းသီးခြမ်းတွေကို ကော်နဲ့ကပ်ပြီး တပ်ထားသလား မှတ်ရရှာလေ"

## မီးသွေးတုံးကို ရွှေချလိုက်တော့ ... !

လှေတော်ရွာသို့ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်မင်းသမီး၊ တေးသံရှင်များ ရောက်လာကြရာ တစ်ရွာလုံး အုံးအုံးကျွတ်ကျွတ် ရောက်လာကာ ကြည့်ရှုကြသည်။ ထိုအခါ လှေတော်သူ၏ ပါးစပ်သည် ငြိမ်မနေနိုင်တော့ပါ။

*"အလိုလေး ရုပ်ရှင်မင်းသမီးရယ်၊ လှလဲမလှဘဲနဲ့ ဝတ်စားထားလိုက်လေ၊ မီးသွေးတုံးကို ရွှေချထားသလားမှတ်ရ"*

သို့သော် လှပသူတစ်ယောက် ပါ,ပါသေးသည်။ သူကလေးကို ဤသို့ ချီးကျူးပေသည်။

"ဟိုမင်းသမီးကျတော့ လှလဲလှ၊ အသားကဖြူ၊ အသားနှယ်ဖြူလိုက်ရာလေ၊ စိမ်းစားဥကို အခွံခွာထားသလား အောက်မေ့ရတယ်"


## စာခြောက်ရုပ်တောင်မထားဝံ့ပါ

လှတောရွာသို့ အလည်အပတ် ရောက်လာသော ရန်ကုန်သားဧည့်သည်တစ်ယောက်သည် ပြန်မည့်ရက် နီးကပ်လာသောအခါ လှတောသား ကားသမားများထံတွင် ကားအနည်းအများ ဆုံစမ်းသည်။

***"ကားမရမှာများ ဘာမှမပူနဲ့၊ မနက်လင်းရင် ရွှေဘိုဘတ်(စ်)ကားတွေ တရဟော ထွက်လာလိုက်ကြတာ နွားအုပ်ကြီးကို ခြံထဲက ရိုက်ထုတ်လိုက်လား မှတ်ရ"***

"လှတောက တက်တော့ နေရာရပါ့မလား"

"အလိုလေး၊ ပူစရာမရှိ ပူနေလိုက်တာ အစ်ကိုရယ်၊ ကားဦးရေကများပြီး ခရီးသည်က နည်းနေတော့ ခရီးသည်ကို လုပြီးတင်နေရတယ်၊ ကားမောင်းရင်း မျက်စိက ကျီးကန်တောင်မှောက်ကြည့်ပြီး မောင်းကြတာဆိုတော့ လယ်ကွင်းထဲက စာခြောက်ရုပ် လေတိုက်လို့ လှုပ်တာတောင် သူတို့ကားကို တားတယ်ထင်ပြီး ရပ်,ရပ်ပေးနေကြလို့ စာခြောက်ရုပ်တောင် မထားရဲတော့ဘူး"





"အလိုလေးကွယ် ...တကယ်ပါပဲ၊ ငါညာက်မှီ သလောက် စဉ်းစားမိတာကတော့ ငါတို့ကမြေကြီး ပေါ်မှာနေတယ်။ မြေကြီးပေါ်မှာ ကြီးတယ်။ ငါတို့ရဲ့ တောသူတောင်သားတွေရဲ့ အိမ်တွေဟာ မြေကြီးနဲ့ ဘယ်သောအခါမှ ကင်းကွာမှု မရှိရဘူး၊ ဟော...အခုသူတို့နေတဲ့ အိမ်တွေက မြင့်လွန်းလို့ တိမ်တွေကြားထဲ ရောက်တော့မယ်။ အင်း, ....ဒီလူမျိုးတွေဟာ တော္တတော့ မဟုတ်မှလွဲရော, ဟိုဘဝက မုန်တိုင်း မိပြီး အစုလိုက်အပြုံလိုက် သေသွားရှာတဲ့ ဆောင်းခိုငှက်တွေဖြစ်မှာပဲ"

## အလှူရေစက် လက်နဲ့မကျာ

လှတောသား လယ်သမားများသည် လယ်တောမှအပြန် မိုးကြောင့် လယ်မကောင်းရပုံ၊ မိုးကြောင့် စပါးထွက်ညံ့မည် စိုးရပုံနှင့် စီးပွားရေး မချောင်လည်ပုံများကို တစ်ယောက်တစ်ပေါက် ညည်းတွားလာကြရာ ကျိုးကန်သားတစ်ယောက်နှင့် လမ်းတွင်တွေ့၍ မိုးလေဝသနှင့် လယ်မြေအခြေအနေကို မေးမြန်းစုံစမ်းသောအခါ ...

"ကျုပ်တို့ လှတောလား၊ မိုးလေကလည်းမှန် အောင်ရေကလည်း အဆင်ပြေပြေ၊ အလောတော်ရလိုက်တာမို့ အလှူရေစက် လက်နဲ့မကျာ၊ လှူလိုက်တန်းလိုက်ကြတာ၊ ဘုန်းကြီးကျောင်းတိုင်းမှာ ခေါင်းလောင်းသံ ဟဒ္ဒူဒူ၊ ကြေးစည်သံ တဝေဝေနဲ့ အသောကမင်းခေတ် ရောက်နေသလား မှတ်ရ"ဟု တစ်မျိုးပြောင်း ပြောပြန်လေသည်။

## မုဆိုးမ မျက်ရည်

မိုးတွင်ရေလာနေပြီး လယ်သမားတွေ ရေသွင်းကြ၊ ထွန်ယက်ကြ၊ ကြိကြနှင့် ကြိုးစားအားထုတ်ကြသည်။ စပါးပင်ကလေးတွေ အညှောက်ထွက်လာလျှင် မိုးကိုမျှော်ကြသည်။

မျှော်နေဆဲမှာပင် မိုးရွာ၏။ သို့သော် နည်းပါးသည်။ နောက် တစ်နေ့တွင် လယ်တောတွင် ဆုံမိကြသောအခါ တစ်ယောက်က ဝမ်းသာစွာပြော၏။

"မိုးရွာတာ ကောင်းတယ်ဗျို့၊ ကလေးတွေအတွက် ဟန်သွားပြီ"

ထိုစကားကို လက်မခံလိုသူ တစ်ဦးကမူ ဤသို့ပြောလိုက်ပေ၏။

"အလိုလေး, မိုးတဲ့ဗျာ၊ မုဆိုးမ မျက်ရည်ပေါက်လောက်တောင် မရှိဘူး၊ စပါးပင်ကလေးတွေ အပ္ပရှုပ်မှာတောင် စိုးရဲဆေး"

## မောင်ပေါက်ကျိုင်း ဝင်စားလေရောသလား

လှတောသား ကလေးငယ်တစ်ယောက်သည် မန္တလေးသို့လာသော မိဘများနှင့် အတူပါလာရာ စူးစမ်းသော အရွယ်ပီပီ မြင်မြင်သမျှကို မေး၏။


မေးသမျှကို မိခင်တစ်လှည့်၊ ဖခင်ကတစ်လှည့်ဖြေရာ၊ အတူပါလာသော လှတောသားတစ်ဦးက...

"အလိုလေးဟဲ့ ကလေးနှယ်၊ မေးလိုက်ရှာလေ၊ တကောင်းပြည်က မောင်ပေါက်ကျိုင်းသေပြီး ဝင်စားသလားမှတ်ရ"ဟု ဆိုလေ၏။

## မစီးနိုင်တဲ့ သည်ဘဝ

လှတောသားရွာတွင် ဘုံကထိန်ပွဲတော်ကြီး ကျင်းပရန် စီမံနေကြသည်။ ဦးစီးကွပ်ကဲသူများက မည်သူက မည်သည့်တာဝန်ယူ၊ မည်သူက မည်သည့်နေရာသွား စသည်ဖြင့် ခန့်ခွဲစီမံနေရာ လူငယ်တစ်ဦးအား အနီးရှိရွာသို့ ခိုင်းလိုသဖြင့် မင်းမှာ စက်ဘီးရှိတယ်မဟုတ်လား" မေးလိုက်ရာ–

"အလိုလေးလေးဗျာ၊ ကျုပ်မှာ စက်ဘီးနဲ့တူတာဆိုလို့ မုန့်လက်ကောက်တောင် တုတ်ထောက်ပြီး မစီးနိုင်တဲ့ဘဝပါဗျာ"ဟု အဖြေပေးလေသည်။



## ခြေဆင်းလို့ငိုမှဖြင့်...!

လှတောသား လယ်သမားများက မိုးကို မျှော်ကြပြန်ပြီ။ မိုးရွာလျှင် စပါးပင်တွေ မှူးရေနှင့် ကြီးပွားသည်ထက် ပိုပြီးကောင်းနိုင်သောကြောင့်ဖြစ်ရာ တစ်ဦးက အားပေးနှစ်သိမ့်၏။

***"ဒီလထဲမှာတော့ ရွာတော့မယ်မထင်ပါဘူး၊ လပဲကုန်တော့မှာ၊ နောက်လတော့ ရွာကောင်းပါရဲ့..."***

"နောက်လထဲရွာလို့ ဘာလုပ်မှာလဲကွ၊ တလင်းဖျက်မိုးပဲ ဖြစ်တော့မှာပေါ့"

ထိုအခါ တစ်ယောက်က အလန့်တကြား ဆိုလိုက်၏။

"အလိုလေး၊ ကောက်လှိုင်းတွေ တလင်းထဲရောက်မှ လာဖျက်ရင်တော့ မုန့်လုံးရေပေါ် ဖုတ်ထဲလွတ်ကျသလို ခြေဆင်းငိုရုံပဲ ရှိတော့ကလားကွယ့်ရို့"

## ပိုက်ဆံကို ချက်စားကြသူများ

ကျောင်းအနီးတွင် ရောင်းချသော မုန့်သည်ရှေ့သို့ ကျောင်းသားတစ်ယောက် ရောက်လာပြီး မုန့်ကို လက်ညှိုးထိုးပြကာ မည်မျှနှင့်ရောင်းသနည်းမေးရာ ဆယ်ပြားဟုဆို၏။

***"အလိုလေး၊ ဒေါ်ဒေါ်မုန့်က ဆယ်ပြားစေ့နဲ့တိုင်းပြီး လုပ်ထားတာပါလား"***

သူ့မုန့်ကို ငယ်သည်အဆိုခံရသောအခါ မုန့်သည် မခံနိုင်၊ လှတောသားပီပီ...

"ဆန်ဈေးက ဘယ်လောက်ကြီးတယ်မှတ်သလဲ၊ ဆန်ဝယ်မယ့် အစား ဆန်ဝယ်မယ့်ပိုက်ဆံကို ချက်စားရင် ပိုပြီးအဆင်ပြေလိမ့်မယ် ဟေ့"ဟု ချေပလိုက်သည်။

## အကော်မခံနိုင်တဲ့မုန့်

ဝက်လက်မြို့သို့ လှတောသားနှစ်ယောက်သည် ကိစ္စနှင့်ရောက် လာကြ၏။ အဆာပြေရန် မုန့်ဟင်းခါးစားမည်ဟု တိုင်ပင်ရာ...

"အဲဒီဆိုင်မှာတော့ မစားပါနဲ့ကွာ၊ ငါ တစ်ခါစားဖူးတာ တစ်ကျပ်ပေးရတဲ့ မုန့်တစ်ပွဲဟာ သုံးဇွန်းပဲ ကော်လိုက်ရတယ်၊ ကုန်ရောဟေ့"

"သုံးဇွန်းဆိုတော့ မင့်ဇွန်းက ယောက်ချိုလောက်ကြီးသလားမှ မသိတာ"

ထိုအခါ စတင်ပြောသူက ရှင်းပြပုံမှာ ဤလိုဖြစ်၏။

"မဟုတ်ရပါဘူး ကိုယ့်လူရာ၊ နားဖာကလော်တံနဲ့ ကော်တာ တောင် အပြည့်ကော်တာ မဟုတ်ရပါဘူး"

## ရာဇဝတ်အုပ်ရဲ့ ဥပမိဒိပနီ

ရှေးအခါက ရာဇဝတ်အုပ်တစ်ယောက်သည် လှတောရွာသို့ နယ်လှည့်ရင်း ရောက်လာ၏။ လူကြီးနှင့် ရွာလူကြီးများ ပျာပျာသလဲ ကြိုဆိုကြ၏။ ရွာသားအချို့လည်း တစေ့တစောင်း လာကြည့်ရာ မျက်နှာခွက်ခွက်၊ မျက်စိစောင်းစောင်း၊ နဖူးမောက်မောက်၊ မေးမှာ ကော့ချွန်းချွန်းရှိသော ရုပ်ကာကို မြင်ကြရရာ လှတောသားတစ်ဦးမှာ ဤသို့ပြောလိုက်မိရှာ၏။

"ရာဇဝတ်အုပ်ဆိုတော့ တူတူတန်တန် ဖြစ်လိမ့်မယ် အောက်မေ့ ပါတယ်၊ အလိုလေးဗျာ၊ မျက်နှာကိုက တာယာဖိနပ်ကို သည်းကြိုး တင်းထားတဲ့အတိုင်း ကော့လိမ်နေတာပါပဲလားကရို."

## ဖိနပ်ရက်ပါပေ့ကွယ်

အသားမည်းမည်း မျက်နှာစုတ်ချွန်းချွန်းတွင် မျက်ပေါက်ကျဉ်း သော လူတစ်ယောက်သည် ဆေးလိပ်တိုတို ပါးစပ်ရှေ့တည့်တည့်၌ ငုံခဲလျက် လျှောက်လာရာ ကားဂိတ်အလွန်၌ မေးချွန်ချွန် ပါးတစ်ခြမ်း ပိန်နှင့် ပါးသွယ်ကျသော သူငယ်ချင်းနှင့် ပက်ပင်းတိုးမိရာ...

"အလိုလေးလူရယ်၊ မင့်မလဲ ပိန်ထားလိုက်တာ မေးကိုချွန်းထွက် နေပါရောလား၊ မင်း မျက်နှာကြည့်ရတာ ဘိုကေတပ်ထားတဲ့ စမူဆာနဲ့ တူလိုက်လေ"

နှုတ်ဆက်ခံရသော လူကလည်း ဤသို့တုံ့ပြန်ပြော၏။

***"ခင်ဗျားမျက်နှာ မြင်ရတာကလည်း သစ်မြစ်ကို ပွေးစုပ်နေတဲ့ အတိုင်းပဲ ထင်မိပါတယ်ဗျာ"***

## ပြောရက်ပါပေ့ကွယ်

လှတောသား လယ်သမားများသည် စုပေါင်းစပါးရောင်းချပွဲ ဆင်နွှဲရန် စပါးအဝယ်ဒိုင်သို့ ပျော်ရွှင်စွာလာကြရင်း တစ်ဦးကိုတစ်ဦး ကျီစယ်လာကြ၏။

*"ဟော့... ဟော့ မင်းလှည်းထဲမှာ စပါးမှပါရဲ့လားကွာ၊ တင်းနဲ့ မခြင်ဘဲ တစ်ဇွေစီရေပြီး တင်လာရော့သလား"*

လှည်းတစ်စီးက လှမ်းပြောသည်တွင် အပြောခံရသောလှည်းက *"အလိုလေးကွယ်၊ သူကများ ငါ့ပြောရသေး၊ သူ့လှည်းကဖြင့် ဒိုင်သွင်းရမယ်ဆိုရင် တင်လာတဲ့စပါးက ရိုင်ပတ်ထဲမှာ မှန်ဘီလူးနဲ့ ရှာရတယ်၊ ဆန်ကြိတ်ဖို့များ တင်လာပြီဆိုတော့ မြင်းမိုရ်တောင်ကို ရိုင်ပတ်နဲ့ ပတ်ထားသလားမှတ်ရ"*ဟု ချေပလေ၏။



## အလှူရောက်မှ ဖြီးကြပါ

တောင်ပိုင်းအလှူမှ လူတစ်စု ဆူညံဆူညံနှင့် ပြန်လာကြသည်။ သို့ရာတွင် အချို့မှာ အလှူသွားရန် ပြင်ဆင်နေဆဲရှိသေးရာ အလှူထမင်းတွင်ပါသော ဟင်းချိုညံ့သည့်အတွက် ပြောချင်နေသူတစ်ယောက်က–

“ခေါင်းဖြီးချင်ရင် အလှူရောက်မှ ဖြီးကြဟဲ့၊ အလှူဟင်းချိုပန်းကန်ကို ငုံ့ကြည့်ပြီးဖြီးရင် မှန်အစစ်ထက်ကောင်းတယ်ဟဲ့”ဟု အော်ပြော၏။

## ခွေနေရှာသော မြွေစိမ်း


ဧည့်သည်များသည် ဥယျာဉ်ကို အဝေးမှ လှမ်းမျှော်ကြည့်ရင်း–

“ဟိုဟာက ဘူးစင်ထင်တယ်၊ ဘူးပင်တွေကတော့ ကောင်းလည်းကောင်း၊ သီးလည်း သီးပါကလား”

“ဟုတ်ကဲ့၊ ဘူးပင်က မဆိုးပါဘူး၊ တစ်ခြံလုံးမှာ မဆိုးတာဆိုလို့ ဘူးနဲ့ ကြက်ဟင်းခါးပဲရှိတယ်၊ အဲဒီ ရှိတာတွေပဲ တစ်နပ်ပြီးတစ်နပ် ချက်စားနေကြတာ ကြာလာတော့ ဗိုက်ထဲမလဲ မြွေစိမ်းကို ပဋိသန္ဓေ လွယ်ထားသလို ဖြစ်နေပြီ”

ဧည့်သည်များ ပြုံးနေစဉ် ဥယျာဉ်ရှင်က ဆက်ပြောပုံမှာ ဤသို့–

***“အင်း... ကိုယ်မစင်တောင် မြွေစိမ်းအခွေမှတ်ပြီး လန့်လွန်းလို့ ငုံ့မကြည့်ရဲတော့ဘူးဗျာ”***



## ချိုင်းယားသူ၏ ဒုက္ခ

ဝက်လက်သို့လိုက်မည့် လှတောသားနှစ်ယောက်မှာ လောဘကြီးလွန်းသော ကားသမားကို စိတ်ပျက်နေ၏။ အခြားခရီးသည်များလည်း ညည်းတွားပြီ။

***“လူတွေ ဒါလောက်ပြည့်ညပ်နေတာတောင် မထွက်သေးဘူးလား တော်၊ ကလေးတွေလည်း ငိုလှပြီ၊ လူတွေလည်း ညောင်းလှပြီ”***

အမျိုးသမီးတစ်ယောက်က စလိုက်သဖြင့် တစ်ယောက် တစ်ပေါက်ဝိုင်းပြောကြရာ ကားစက်နှိုးသည်။ ထိုအခါ လှတောသားတစ်ယောက်က–

***“ကားစက်နှိုးမိတယ်ဆိုပြီး ဝမ်းမသာကြနဲ့ဦး၊ လမ်းမှာတွေ့သမျှတင်ဦးမှာ၊ ကားလမ်းဘေးမှာ လျှောက်တဲ့သူတွေဟာ လက်တားတယ်ထင်ပြီး ဆွဲတင်မှာစိုးလို့ ချိုင်းယားတာတောင် မြှောက်ပြီး မကုတ်ရဲကြရှာဘူး”***ဟု ပြောလိုက်လေ၏။

## သူခိုးဒီပနီ

လုံခြုံရေးရဲဘော်များသည် လှတောသားများ ပြောသမျှကို တပြုံးပြုံး နားထောင်ပြီးနောက် စကားသံအစဲတွင် ဝင်ပြော၏။

“ခင်ဗျားတို့ လှတောသားတွေကတော့ တကယ်မလွယ်တာပဲ၊ ပြောစရာရှိရင် အလွန်အကျွံချည်းပဲ၊ ဟိုတစ်ခါ နွားခိုးမှုတုန်းက ပြောလိုက်ပုံများ ရဲခြေထောက်မှာ ချည်ထားတဲ့ ဒရဝမ်ရဲ့နွား အခိုးခံရတာလို့ ပြောကြတာမဟုတ်လား၊ ပြောရက်လိုက်ကြတာယ်ဗျာ”

ထိုစကားကို လှေတော်သားတစ်ယောက်က ချေပလိုက်ပုံမှာ ဤသို့...

*"အလိုလေး... လေး, ဆရာနှယ်၊ ဒီတစ်ခါနိုးရင်တော့ သူ့နိုးက ကြီးဖြုတ်နိုးတော့မှာ မဟုတ်ဘူး၊ စဉ်တီတုံးလုရ်ဖို့ ဒရမ်ဝမ်ကို မွေ့ယူ သွားတော့မှာခင်ဗျာ"*

## ရေရှားလေသောအခါ

လယ်ထဲသို့ အလုံညီဖြင့် ရေသွင်းနေစဉ် အခိုးခံရသော လယ်သမားတစ်ဦးသည် သူကြီးအိမ်သို့ ညဥ့်အချိန်မတော်တွင် လာရောက် တိုင်တန်းရာ...

"မင့်လယ်ထဲကရေကို ဖောက်ယူရအောင် မနှီလယ်ထဲမှာ ရေရှိ လို့လား"

*"ရှိပါသော်ကော သူကြီးမင်းရယ်၊ ဆင်ထောက်လို့တောင် မမီဘူး"*

"ဟ, များသားပဲကွာ၊ ယူပါစေ၊ အချင်းချင်းတွေပဲ"

ထိုအခါ တိုင်တန်းသော လယ်သမားက

*"ယူပါစေဆိုတာတော့ ဟုတ်တယ်၊ အခု ကျုပ်လယ်ထဲမှာ ရေက ယင်သောက်ဖို့တောင် မကျန်တော့ဘူးဗျ"*ဟု ပြောလေ၏။

''ရန်ကုန်သူကွ၊ ရန်ကုန်သူ၊ ဘာမှတ်သလဲ။ မိန်းမ မာယာသဲကိုးဖြာဆိုတာမျိုးဟာ သူတို့လိုပဲဟာမျိုးတွေမှာရှိတာ။ ဒါကို သူတို့ပဲသိပြီး သူတို့ပဲသုံးကြတာ၊ မင်း ဘာမှတ်နေလဲ၊ မင်းလောက် တောသူများ လူစင်စစ်ကနေ ပြာဖောင်းကျသွားမယ်။''

နိုးရာကိုရှာအုပ်

## အပေါက်မပါတဲ့ ပါးစပ်

ရန်ကုန်သို့ အရောင်းအဝယ်ကိစ္စနှင့် ရောက်လာကြသော၊ လှတောသားသုံးယောက်သည် အငှားကားနှင့် အဆင်မပြေသည်တစ်ကြောင်း၊ ဘတ်(စ်)ကားများ လူချောင်နေ၍ တစ်ကြောင်းကြောင့် ဘတ်(စ်)ကားစီးလာသည်။

နှစ်မှတ်တိုင်ကျော်လျှင် ပစ္စည်းပစ္စယ အပြည့်ထည့်ထားသော ပလပ်စတစ်ခြင်းကြီးနှင့် မိန်းမတစ်ယောက် တက်လာကာ လှတောသား၏ ခြေထောက်ပေါ် ပစ်ချ၏။ လှတောသားက ကန်ပစ်သဖြင့် မော့ကြည့်ပြီး "ဘာလုပ်တာလဲ"ဟု မေး၏။

"ပစ္စည်းထားချင်ရင်လဲ ခြေထောက်ကလေး နည်းနည်းတိမ်းပါလို့ ပြောပါတော့လား, ပါးစပ်မပါရဲ့လား"

"ပါတယ်၊ ပါတယ်"

*"ဟုတ်သားပဲ၊ ပါသားပဲ၊ ကျုပ်က ထင်တာက သူ့ခမျာ ပါးစပ်မှာ အပေါက်မပါဘူး၊ အရာပဲပါတယ် ထင်နေတာ"*

မိန်းမရိုင်းမှာ လူရွတ်ကို ကြောက်သဖြင့် ကားရပ်လျှင်ရပ်ခြင်း ဆင်းပြေးလေ၏။

**"တို့ ကိုးကွယ်တဲ့ ဘုရားပွင့်တော်မူခဲ့ကာလတွေမှာ မလေးရှားဆိုတာ မရှိသေးလေတော့ မလေးရဲဆိုတာ မရှိကြသေးဘူးပေါ့။ နို့မို့ သာဆိုရင် ရန်သူမျိုး ငါးပါးဆိုတာကနေ တစ်ပါး ထပ်တိုးလို့ ခြောက်ပါးလို့ ဆိုရလိမ့်မယ်ကွယ့်"**

# အညံ့ဆုံးသောနွား

လှည်းသမားတစ်ယောက်သည် နွားများကို ဆက်ကာဆက်ကာ ရိုက်နေသည်။ နွားများကလည်း ပေလွန်း ကတ်လွန်းသည်။ ဤမျှ ရိုက်ပါလျက်နှင့် နေ့ရာမှမရွေ့။

ရိုက်ရလွန်းသဖြင့် မောသွားသော လှည်းသမားမှာ ဤလို ညည်းရှာ၏။

*"အလိုလေးနွားရယ်, ညံ့ပုံများတော့ အံ့လောက်ပါရဲ့၊ လှည်းပေါ်မှာ ဆီအိုးတင်ပြီး ပြေးတာတောင် ဆောင်ဘင်ခတ်မှာ မဟုတ်ဘူးကွယ်၊ ဒါလောက်ရိုက်မှဖြင့် ရွှံ့နဲ့လုပ်ထားတဲ့ နွားရုပ်တောင် ကဆုန်စိုင်းပြေးလောက်ပြီ"*



## မုန့်တိုင်းမိသောအခါ

ဦးမောင်မောင်၏ ဆပ်ကပ်အဖွဲ့ကြီးသည် ရွှေဘိုမြို့ထောင့်စေတီဘုရားပွဲတော်၌ ကပြနေသည်။ လှတောသားတစ်စုသည် လှပသောဆပ်ကပ်မယ်ကလေးများကို အလွန်သဘောကျနေကြ၏။ လှုပ်ရှားပုံတိုင်းကို အံ့သြနေ၏။ နောက်ဆုံးတွင် မည်သို့မျှ မချုပ်တည်းနိုင်တော့ဘဲ...

*"အလိုလေးကွယ် ပေါ့ပါးလိုက်ပုံကတော့ ဖော့တုံး လေမုန်တိုင်းမိနေသလား မှတ်ရကွယ့်"*ဟု အော်ပြောလိုက်မိတော့သည်။

## သိဒ္ဓတ္တ၏ မြားရေး


**ဘော**လုံးကွင်းပွင် လှတောသား တစ်စုတစ်ဝေးကြီး ရောက်နေကြသည်။ အသင်းနှစ်သင်းတွင် လှတောရွာအသင်းက ခြေသာနေသည်။ တစ်ဖက်အသင်းမှ ဂိုးသမားကလည်း ကောင်းလှ၏။

ဂိုးသမားကောင်းပုံကို လှတောသားက–

*"ကောင်းလိုက်တဲ့ ဂိုးသမားရယ်၊ မျောက်အုန်းသီးပွေ့ထားတာနဲ့ တူလိုက်လေ"*

ထိုအခါ ဂိုးသွင်းပုံကိုလည်း တစ်ယောက်က ဤလိုချီးကျူးပြန်၏။

*"အလိုလေး၊ ဘောသမားရယ်၊ ဂိုးသွင်းလှပပုံ၊ကလည်း သိဒ္ဓတ္တ၊ မင်းသား မြားရေးပြနေသလား မှတ်ရ"*



ဒိုးရာစာအုပ်


## နှမြောလွန်းလို့ပါ

လက်ဖက်ရည်ဆိုင်ထဲမှ လှတောသားများသည် ဝက်လက်ကား တစ်စီးကိုကြည့်ကာ ဟားနေ၏။ ကားမှာ လူပြည့်သော်လည်း မထွက်သေးပေ။ ထိုအခါ ဝိုင်းထဲတွင်ရှိသော လှတောသား ကားသမားဘက်သို့ မြှားဦးလှည့်လာကြ၏။

***"မင်းတို့ ကားသမားတွေ 'လောဘကြီးလှချည်လား၊ ခရီးသည်တွေကို အားနာဖို့ကောင်းပြီ"***

***"အစ်ကိုနှယ် ကားသမားတွေ လောဘကြီးပုံကတော့ ကိုယ့်မစင်ပုံကို ဒီအတိုင်းတားပစ်ခဲ့ရမှာ နှမြောလှချည်ရဲ့ဆိုပြီး သံယောဇဉ်တငင်ငင်နဲ့ လှည့်ကြည့်နေတဲ့ လူစားတွေဗျ"***

လှတောသား ကားသမားက ပွင့်လင်းစွာ ဝန်ခံလိုက်ခြင်းဖြစ်ပေ၏။



## ဒီအတိုင်းသာဆိုရင်ဖြင့်

လက်ဖက်ရည်တစ်ခွက်သာ မှာသောက်ပြီး နောက်ထပ် မုန့်လည်း မစားဘဲ အကြွမ်းချည်းထပ်ကာ, ထပ်ကာ တောင်းနေသော လူစုအား လှတောသား လက်ဖက်ရည်ဆိုင်ပိုင်ရှင်သည် သည်းမခံတော့သဖြင့်–

***"အလိုလေး မင်းတို့ကို အကြွမ်းတိုက်ရတာ မလွယ်ပါတကား ကရို့၊ ဒီအတိုင်းသာဆိုရင်တော့ ရေနွေးကရားထဲမှာ လက်ဖက်ပင်စိုက်ထားပြီး ဧရာဝတီမြစ်ကြီးကို ပလောင်တောင်ပေါ်ကို သယ်သွားရပုံပေါက်နေပြီ"*** ဟု ဆိုလေ၏။



## ဖြန့်လို့မှ ရပါဦးမလား ...?

ရွာသားများသည် ကပ္ပိယကြီးနှင့် ဆုံမိစဉ် ကျောင်းတွင် အလှူ အတန်း ပေါမပေါ မေးမြန်းကြရာ ဤလို တုံ့ပြန်သွားလေသည်။

*"မနှစ်တုန်းကတော့ မိုးလေကောင်းလို့ စပါးတွေ ရကြတော့ အလှူတွေပေါလိုက်တာ၊ ပရိတ်ရွတ်ရလွန်းလို့ တို့ကျောင်းက ကိုယ်တော်တွေမှာ လျှာတွေပါးပြီး ပေါက်ကုန်ကြတယ်၊ ဒါပေမယ့် ဒီနှစ်တော့ အလိုလေး, ဒီမိုးလုပ်ပုံနဲ့သာဆိုရင် လျှာတွေ ခေါက်သိမ်းထားရလို့ လိုတဲ့အခါ ဖြန့်လို့မှရပါ့ဦးမလားကွယ်ရို့"*

## ရှည်ရက်ပါပေ့ကွယ်

ကပ္ပိယကြီးသည် စားသောက်ပြောဆိုပြီးနောက် ပြန်ရန်ထရာ အရပ်ရှည်သောကြောင့် မီးအိမ်နှင့် တိုက်မိသည့်အတွက် **"အရပ်ကလည်း ရှည်လှချေလား"**ဟု မေးသူကမေး၏။ ကပ္ပိယကြီးအမေ ဘယ်လိုလုပ်ပြီးများ မွေးပါလိမ့်"ဟု ခနဲ့သူက ခနဲ့၏။

ကပ္ပိယကြီးက ဖြေပုံမှာ ဤလိုဖြစ်၏။

"အေးကွာ၊ ဒီအရပ်နဲ့ပဲ စိတ်ညစ်ပါတယ်၊ မြင်းမိုရ်တောင်ထိပ်မှာ ဆယ့်ငါးတောင် ဝါးစိုက်ထားတာကမှ နိမ့်များနိမ့်နေဦးမလား မသိဘူး"

''အလိုလေး, ဒီကြားထဲပန်းခြံထဲက ရန်ကုန်သူအတွဲတွေများ အကျီက အကွဲအပြဲတွေနဲ့၊ အော်ချင်ရာအော် ဖြစ်ချင်ရာ ဖြစ်နေပုံများတော့ ဆူညံဆူညံနဲ့ မျောက်ဖင်နီနဲ့ ခွေးအုပ်တွေရန်ဖြစ်နေသလား မှတ်ရပါတယ..ကွယ်''

ဦးရာဇာလှဘုန်

## ရောက်ရာအရပ်မှာ ပျော်မဲ့သူ

နံနက် ဆယ်နာရီမျှသာ ရှိသေး၏။ လူတစ်ယောက်သည် သီချင်းတကြော်ကြော် အော်ဆိုကာ လူစုံသော လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်သွား၏။

***"စောစောစီးစီး မူးလာပြီ၊ ဒီလူတော့ ဘယ်နေ့ပြုတ်မယ် မသိဘူး"***

တစ်ယောက်က စတင်ပြောလိုက်ရာ အခြားတစ်ယောက်က ဤသို့ရှင်းပြ၏။


***"ပြုတ်ရင်တော့ မသိဘူးကွ၊ နယ်ပြောင်းလို့ကတော့ သူ့ကို သေနတ်ပြောင်းဝထဲ ထည့်ပစ်လိုက်၊ သူ့မိန်းမသာ ပါလာရင် ရောက်ရာအရပ်မှာ ပျော်မယ့်လူကွ"***



## ဆင်ဖမ်းသွားမယ့်မုဆိုး

လှတောသားကြီးသည် ကျောင်းလွယ်အိတ်ကိုယ်စီလွယ်ကာ သူ့ရှေ့သို့ လာရပ်သော ကလေးများကို စေ့စေ့စပ်စပ်ကြည့်သည်။ ကလေးသည် ငယ်သည်။ အရပ်က ပုသည်။ အတန်းမှာလည်း မူလတန်း၊ သို့သော် စာအုပ်ကိုမူ လွယ်အိတ်နှင့် မဆံ့၍ လက်က ကိုင်ထားရသေး၏။ ထို့ကြောင့် မြည်တွန်ပုံမှာ...

***"အလိုလေးကွယ်, မင်းတို့ ကျောင်းလွယ်အိတ်ကလည်း ဆင်ဖမ်းဖို့သွားတဲ့ သောနတ္တိုရ်မုဆိုးရဲ့ ခုနစ်နှစ်စာ ရိက္ခာတွေ ထည့်ထားတဲ့ လွယ်အိတ်လား မှတ်ရလေ"*** ဟူ၏။



## ပျော်ပျော်နေတော့ သေခဲ

ပျော်ပျော်နေတတ်သော လှေတော်သားကြီးသည် လူငယ်ကလေးများကြားတွင် တဟားဟား ရယ်မောနေရာ လမ်းတွင်တွေ့သော မိတ်ဆွေက အပြုံးဖြင့်မေး၏။

***"ခင်ဗျားကတော့ အမြဲနု အမြဲရွှင်နေတာပဲ၊ အခု အသက်နှစ်ဆယ်ပြည့်ပြီလားဗျ"***

"အဲဒါလောက်တောင် မရှိသေးဘူးထင်တယ်၊ ဟဲ... ဟဲ... ဟဲ"

ဤတွင် လူငယ်တစ်ယောက်က...

"အလိုလေးလေး... ဦးလေးအသက်နဲ့ နာယကဆရာတော်ရဲ့ အသက်ကို ချိန်ခွင်ပေါ်တင်ပြီးစက်ရင် ပေါက်ပိတ်နေမှာပေါ့ဗျာ"ဟု ဝင်ပြောလေသည်။

## ဘီလူး မူးလေသောအခါ ...!

ပွဲတွင် ရန်ဖြစ်သည့်အတွက် လှေတော်သားများ ပြန်ပြေးလာကြသည်။ ရွာသားများက အကျိုးအကြောင်းမေးရာ သရိုင်းသားတွေ ရန်ဖြစ်ကြောင်း ပြန်ဖြေသည်။

"သရိုင်းသားတွေ ဒါလောက်တောင် ရမ်းသလား"

"အလိုလေးတော်၊ ကြမ်းချက် ရမ်းချက်မှာတော့ ပုဏ္ဏကဘီလူး အရက်မူးလာသလားမှတ်ရ"

မှတ်ချက်။ ။ အကြမ်းအရမ်းတွင် နာမည်ကြီးသော ဝိဇ္ဇာစာတော်တော်လာ ပုဏ္ဏကာဘီလူး အရက်မူးလာပြီဟု ဆိုသောအခါတွင် ပြောစရာမရှိတော့ပေ။

## ဝိန်သွားချက်ရယ်က ...!

ရပ်ဝေးမှ ညှိသည်တစ်ယောက် လှတော့ရွာသို့ အလည်အပတ်ရောက်လာရာ ဝမ်းသာစွာ ဆီးကြို၍ နေရာထိုင်ခင်းပေးရင်း မေးကြမြန်းကြ၏။ ထိုသို့ပြောဆိုနေကြစဉ် တစ်ယောက်က ဝင်ဖောက်၍–

*"ခင်ဗျားကြည့်ရတာ ဝိန်သွားသလိုပဲ"*

*"ဝိန်သွားသလို မဟုတ်ပါဘူး၊ ဝိန်ပါတယ်၊ ဝိန်သမှ ငါးဖောင်ရိုးကို အိုးကင်းဖုတိုက်သလို ခြောက်မွေ့ရတယ်"*

တစ်ယောက်က ဝင်၍ဖြည့်စွက်လိုက်ရာ အခြားတစ်ယောက်ကလည်း–

*"အသားလည်း ပိုမည်းလာပုံများ သက်နံ့နက်ပန်းပုရုပ်ကို သစ်ဆေးအုပ်ထားသလား မှတ်ရ"*ဟု ပုံဖော်လိုက်လေ၏။


## သိုင်းသမား ဓားခုတ်လေသောအခါ ...!

ကလေးများက ဆိုသလော, မိခင်ကပင် စိတ်တိုလွန်းပြီး အရိုက်ကြမ်းသလားမသိပါ။ လှတောသားကြီးသည် ကလေးတွေကို သိမ်းရိုက်နေသော အိမ်နီးချင်း မိန်းမတစ်ယောက်အား အမြင်မတော်သဖြင့် လှမ်းပြောလိုက်ပုံမှာ...

"ဟဲ့ ... ဟဲ့ ကိုယ်မွေးတဲ့ကလေးပေမယ့် ဒါလောက်ရိုက်ရင် မိထွေးလို့ အထင်ခံရတတ်တယ်ဟဲ့"

"ဆိုးလွန်းလို့ပါ ဦးလေးရယ်၊ ပါးစပ်ကို စေ့မနေရဘူး"

"ကလေးပဲဟဲ့, မျောက်လောက်တော့ ဆော့မှာပဲ၊ ကမ္ဘာ့နာမည်ကျော် ... လိုတော့ ငြိမ်မနေဘူး၊ နင်ရိုက်ပုံက ဂျပန်သိုင်းကားထဲက သိုင်းသမားတွေ ... ဘားခုတ်နေသလားမှတ်ရ"



## ဦးမင်းကျော်၏ အရက်ပုလင်း

လှတောသားကြီးသည် ဧည့်သည်အား ထမင်းစားပြီးမှ ပြန်ရမည် ဆိုကာ အတင်းတားထားသည်။ ထမင်းပွဲသို့ ရောက်လာသောအခါ ထမင်း၏ အခြေအနေ မကောင်းသဖြင့် သူကဦးဆောင်ကာ ဤသို့ ပြော၏။

"အလိုလေးရှင်မရယ်, ဧည့်သည်ကို ထမင်းချက်ကျွေးပါဆိုတာ ကျောက်စရစ်ခဲပြုတ်တွေ ချလာရသလားဟဲ့၊ ဒီထမင်းကိုသာ ဝအောင် စားမိရင် အစာကြေဆေးပုလင်းကို ဦးမင်းကျော် အရက်ပုလင်းလွယ် ထားသလို လွယ်ထားရတော့မှာပဲကွယ့်"





## ကျောက်ပြင်မှန်ထားသလိုပ ...!

လယ်သမားများသည် မိုးရေလာလျှင် ရွှင်ပျနေ၏။ ရေမလာလျှင် ညည်းသည်။ ရေနည်းလျှင် ရှုံ့မဲ့နေသည်။ ယနေ့ စကားဝိုင်းတွင်မူ ရေနည်းသည့်အတွက် စိုက်ချိန်မမီမည်စိုးကြောင်း ပြောနေကြရာ စကားဝိုင်းဘေးသို့ နောက်ဆုံးမှ ရောက်လာသူတစ်ဦးက...

"***မိုးမှာ ရေနည်းတော့ နည်းတယ်, နည်းတယ်နဲ့ ဝိုင်းဝန်းပြီးတော့ စောင့်ရှောက်ကြမှပေါ့၊ အခု အလုပ်သမားတွေချည်း လွှဲချထားတော့ ကော နေလိုက်ပုံများ တချို့နေရာမှာဆိုရင် ကျောက်ပြင်လှန်ထားသလား မှတ်ရ***"ဟု တာဝန်သိစကားလေး ညှပ်၍ပြောလိုက်လေ၏။

## စိတ်ဆိုးတော်မူပါနဲ့

ပုသိမ်ဘက်တွင် တာဝန်ထမ်းဆောင်နေရသော လှေတော်သား တစ်ယောက်မှာ စိတ်ထဲတွင် မကျေနပ်နိုင်သော အကြောင်းအရာတစ်ခု ရှိနေ၏။ ထိုအကြောင်းကို ဘဝတူ လှေတော်သားတစ်ယောက်နှင့် ဆုံမိရာမှ ရင်ဖွင့်ဖြစ်လေသည်။

"***လူတွေကတော့ကွာ၊ မုန့်ဖက်ထုပ်ကို မုန့်ဖက်ထုပ်မခေါ်ဘူး၊ အညာသားကျောကုန်းတဲ့ကွာ၊ စော်ကားတာပဲ***"

ထိုအခါ လှေတော်သားက ရယ်မောပြီးပြော၏။

"အလိုလေးကွယ်၊ စိတ်ဆိုးတော်မူနေလိုက်တာ၊ ပန်းပဲဖိုက ပေတုံးကို ထုံဆေးထိုးပေးထားလား မှတ်ရ၊ ဒီတော့လည်း လွယ်ပါ သကွာ၊ မုန့်ကုလားမည်းကို အညာသားတင်ပါးလို့ခေါ်ပြီး တန်ပြန် လိုက်ပေါ့ကွ"

## မိတ်ဆွေတို့၏ဝတ္တရား

အသုဘတစ်ခုတွင် အမေးအမြန်းသွားရောက်သော လူတောသား တစ်စုသည် လက်ဖက်ရည်ဆိုင်တဲသို့ ဝင်လာပြီး ခြေပစ်လက်ပစ် ထိုင်လိုက်ကြသည်။

ဆိုင်ရှင်က "ဘာသောက်ကြမလဲ" မေးရာ...

*"နေစမ်းပါကွာ၊ ဒီမှာ စိတ်ညစ်ပြီး ပြန်လာရတာ၊ မိတ်ဆွေဝတ္တရား အတိုင်းပြောမှပဲ စိတ်ကူးပြီး တတ်သမျှ မှတ်သမျှဒလေးနဲ့ ပြောမိတော့ တအားထငိုလို့ မနည်းထပြေးခဲ့ရတယ်"* ဟု မောပန်းစွာပြော၏။ ထိုအခါ ဆိုင်ရှင်က...

"ခင်ဗျားက အနုမြူဗုံးပေါက်ရာမှာ လက်ပါးနဲ့သွားကာပလေဗျာ" ဟု အပြစ်တင်လိုက်တော့သည်။

## ထမီမနိုင်၊ ကလေးမနိုင်

စိုင်နိုင်ကြီးကထိန်ပွဲတွင် ဘောလုံးပြိုင်ပွဲ ပါဝင်သဖြင့် လူတောသားများ ဘောလုံးကစားရန် သွားကြရာ ယမန်နေ့ညက ဇာတ်ပွဲတွင် ဓားခုတ်မှုဖြစ်ကြောင်း အကြို့ရောက်နေနှင့်သော လူတောသားတစ်ယောက်က ဆီးကြိုသတင်းပေးရာ...

"ဒီလိုဆိုရင် ပွဲပျက်ရောပေါ့ဗျာ"

*"ပွဲတော့ မပျက်ဘူး၊ ရုတ်ရုတ်သဲသဲဖြစ်ပြီး ပြေးလိုက်လွှားလိုက် ကြပုံများတော့ သစ်ရွက်ခြောက်ပုံကို လေပွေမွှေသလိုပဲ၊ အမြီးမှန်း အမောက်မှန်း တောင်မှန်းမြောက်မှန်း မသိတော့ဘူး"*

"ကလေးတွေရော လူနှင်းခဲမှုသေးလား"

"အဲဒါတော့ မသိဘူး၊ မိန်းမတွေလည်း ကလေးမနိုင် ထမီမနိုင် နဲ့ ဆံပင်တွေ ဖိုးရိုးဖားရားဖြစ်ပြီး ပြေးလိုက်ကြတာများ ဆံပင်တွေ ကြွက်မြီးတန်းနေလေရဲ့"

## သျှောင်ထုံး, ထုံးဆောက်ပါရဲ့

လှတောသာ လတ်သမားနှစ်ယောက်သည် လယ်တောသို့သွားရင်း ကားလမ်းဘေးတွင် သန့်စွမ်းထွားကျိုင်းသော စပါးခင်းများကို မြင်ကြ သည့်အတွက် တစ်ယောက်က စတင်၍…

"ငါ့စပါးပင်နဲ့တော့ ကွာပါ့ကွာ"

"ကွာတာမပြောနဲ့လေ, ဒီလယ်တွေမှာ မြေဆီထည့်တာက ဗွက် ထရင် သဲခင်းသလို အိတ်လိုက်ပစ်ထည့်ကြတာဗျ"

အဖော်က အကြားကို အသိလုပ်ကာ ဖြေ၏။

"မြေဆီထည့်တိုင်းရော ကောင်းမလားကွ"

*"ကောင်းတာပေါ့ဗျာ၊ မြေဆီကြီးဖို့၊ မြေဆီအိတ်ထဲကို လက်နှိုက် ရဖန်များလွန်းလို့ လက်ဖမိုးက အမွေးတောင် သျှောင်ထုံး, ထုံးယူရ အောင် သန်လာတယ်"*

"အလိုလေး, ဖြစ်ရလေကွယ်၊ ဖောတိဂကိုမှ ထီကပေါက် စေရသေတဲ့လား။ ဒါကြောင့်ပြောတာပေါ့၊ ကိုယ် ကကြူးရင်ကိုယ့်ဒူး ဘာင်မယုံကြနဲ့ကွယ့်၊ အခုတော့ခများမှာ မဘဒ္ဒါလင်ပျောက်သလို ဖြစ်နေရှာတော့မှာပေါ့"




"ဒဿဂီရိဟာ ဆောက်တည်ရာမရဘူးဆိုတာဟာ ဒီလူ့ကို ဘယ်မှာမှီလို့လဲ။ ဒီ,ဒါရိုက်တာလူကြီးတို့လှတောသူရဲ့ အလှကွန်ယက်မိပြီး ဖြစ်နေပုံများတော့ မျက်လုံးက တောဇီးကွက် တောမီးလောင်သလို တောင်တစ်လုံး မြောက်တစ်လုံးဖြစ်လာတယ်ကွ။ နှာခေါင်းကတော့ မျှောက်ဖင်နီရဲ့ဖင် ပျားထိုးသလိုမျိုးပေါ့။ ပါးစပ်ကြီးကလည်းလေ, ပြဲလာလိုက်တာလေ မိချောင်းတစ်ဝက် ဂေါ်ဇီလာတစ်ဝက်ပေါ့ကွာ၊ အလိုလေး,ဆံပင်တွေကလည်း ထောင်ပြီး ဖြစ်နေလိုက်ပုံများတော့ ဆံပင်ပေါက်ခါစ အရှူး မိုးကြိုးပစ်သံကြားလို့ အိမ်သာကျင်းပျက်ထဲ ခုန်ချမယ့်ဆဲဆဲ ပုံစံမျိုးပါကလား"




## ဗွက်ကီရှိုင်းသား စကားပဒေသာ

# ဆိတ်ဖမ်းကြတဲ့ သားအဖ

စီးပွားရေးအဆင်ပြေဖို့ (သို့မဟုတ်) တစ်စုံတစ်ရာသော အတိုင်းအတာအထိ အထောက်အကူကလေးရရဆိုပြီး ဟိုဟာလုပ်၊ ဒီဟာလုပ် လုပ်ကြတယ်။ ကြက်၊ ဘဲမွေးတာ နို့စားနွားမွေးတာ၊ ဟိုဟာဒီဟာကလေး ဝယ်ရောင်းတာ စသည်ဖြင့်ပေါ့လေ။

ဒီလူကတော့ ရေမြေသဘာဝနဲ့ ရာသီဥတုကို အကဲခတ်ပြီး ဆိတ်မွေးတယ်။ သိုး သုံးကောင်လည်း အစမ်းမွေးကြည့်တယ်။

ဆိတ်အနေနဲ့ ဘာမှမရှိဘူးထင်ရတဲ့ ကန္တာရလွင်ပြင်ထဲမှာ အစာရအောင် ရှာစားနိုင်တဲ့ အရည်အချင်းရှိတယ်။

အဲဒါကြောင့် အဆင်ပြေမယ် ထင်ရပေမယ့် သိပ်ပြီးတွက်ခြေမကိုက်ဘူး။ တော်တော်ကြာ ခြေလက်နာရပြန်ပြီ။ တော်တော်ကြာ အနာပေါက်ရပြန်ပြီ။

ကနေ့လည်း ဆိတ်တွေကို စားကျက်က မောင်းလာအပြီးမှာ နေမကောင်းတဲ့ ဆိတ်တစ်ကောင်ကို ဆေးတိုက်ဖို့ သားအဖတစ်တွေ ပြင်ဆင်ကြတယ်။ မိခင်ဖြစ်သူက ဆေးခွက်ကိုကိုင်ပြီး ခြံထောင့်က စောင့်နေတယ်။ မအေနဲ့ သားက နေမကောင်းတဲ့ဆိတ်ကို ဖမ်းတယ်။

ဒါပေမယ့် သိတယ်မဟုတ်လား။ ဆိတ်ဆိုတဲ့အကောင်ဟာ အသည်းငယ်တယ်။ သတ္တိကြောင်တယ်။ အဲဒါကြောင့် ဟိုတိုးဒီဝှေ့ ပြေးလွှားတယ်။ ပုန်းရှောင်တယ်။ တော်တော်နဲ့ မမိဘူး။ မအေစိတ်ဆိုးလာတယ်။

“ထားလိုက်ပါ, အဖေရာ၊ မြန်မြန်မိလေလေ ဆိတ်သားဟင်း စားရလေပေါ့”

သားကလည်း ဒေါသနဲ့ အကြံပေးတယ်။

ဒီအခါ ဆေးခွက်နဲ့ စောင့်နေတဲ့ အမေ ငေါ့လိုက်ပုံက–

“အမယ်လေးဟဲ့… သားအဖတစ်တွေ ဆိတ်ဖမ်းနေပုံနှယ်၊ ဆိတ်မကလေးတစ်ကောင်ဖမ်းတာ ဂေါ်ဇီလာဆယ်ကောင် ဖမ်းနေသလားမှတ်ရ၊ တစ်ခြံလုံး ပြောင်းဆန်နေတာပဲ”

ဒီစကားကြောင့် ဖအေနဲ့သားတို့ စိတ်ဆိုးပေမယ့် ဆိတ်ခြံရဲ့ အပြင်ဘက်က ကလေးတွေက ညာသံပေးပြီး ရယ်နေကြလေရဲ့။

## ဒေဝဒတ်ရဲ့ ရေအိုး

ဝက်မြေဥတူးတဲ့ မိန်းမတွေ နေပူထဲမှာ တကုန်းကုန်း။ တကုပ်ကုပ်နဲ့ တူးနေလိုက်ကြတာ စကားပြောသံ၊ ရယ်မောသံတွေနဲ့ သီချင်းသံတွေကြောင့် ပျော်စရာထင်ရတယ်။

ဒါပေမဲ့ တော်တော်ပင်ပန်းတဲ့ အလုပ်ပါကလား။ သံတူရွင်းကြီးတွေနဲ့တူးပြီး အလွန်မာကြောတဲ့ မြေကြီးခဲတွေကို လှန်ရတာပဲ။ မြေကြီးတစ်ခဲ လန်လာအောင် မနည်းတူးရ၊ ကော်ရတယ်။

ချွေးသီး ချွေးပေါက်တွေကျလာအောင် တူးပြီးသော်လည်း ဝက်မြေစာဥ တွေ့ချင်မှတွေ့ရတာ၊ တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ဆက်တူးတာပဲ။

ဝက်မြေဥဟာ မြေစာဥ မဟုတ်ဘူး။ ပေါက်ပုံ၊ ပွားပုံက "မုန်ညင်းမြက်" ဥနဲ့ အတော်တူတယ်။ အရောင်လည်းတူတယ်။ အရွယ်နဲ့ အနံ့အရသာကတော့ အရှေ့နဲ့အနောက်။

အဲဒါနဲ့ နေဝင်ပြီး မှောင်တော့မှ အလုပ်သိမ်းပြီး လက်ခံဝယ်ယူသူဆီကို တောင်းတွေနဲ့ သယ်လာရင်း တစ်ယောက်နဲ့တစ်ယောက် မေးကြတယ်။

"ဟဲ့…၊ ဟိုအပုမ၊ ဘယ်လောက်ရလဲ"

"ဆယ်ပြည်လောက်တော့ ရပါတယ်"

"ဟိုအရှည်မကော"

"မရပါဘူး အစ်မရယ်၊ သုံးပြည်တောင် ပြည့်မှပြည့်ပါ့မလား မသိဘူး"

***"နက်နက်တူးပြီး နှိုက်ပါဆိုတာ မနှိုက်လို့ နေမှာပေါ့၊ ကောင်မရဲ့"***

***"အလိုလေးတော်၊ နက်နက်နှိုက်ဟဲ့ဆိုလို့ နှိုက်လိုက်တာ ငရဲပြည်က ငရဲမင်းရဲ့ ဦးထုပ်ချွန်ကို သွားစမ်းမိတယ် အစ်မရေ၊ ဒါထက်သာ နှိုက်ရရင် ဒေဝဒတ်ရဲ့ ငရဲအိုးထဲ လက်ရောက်သွားတော့မှာပဲ"***

ဖွတ်လှိုင်းသူကိုမှ အပြစ်တင်မိပလေ။ ရယ်မောသံတွေက သောသောညံလို့သာ သွားပါတော့တယ်။

# ငါးဒီပနီ

ဖွတ်လှိုင်းသားတစ်ယောက်ဟာ မြစ်ဝကျွန်းပေါ်အရပ်မှာ ရှိကြတဲ့ မိတ်ဆွေသားချင်းတွေရှိရာရွာကို အလည်အပတ်ရောက်လာတယ်။

သိတယ်မဟုတ်လား။ မိုးကရှားပါး၊ လုပ်ငန်းကမဖြစ်ထွန်းတဲ့ အရပ်ကနေပြီး ရာသီဥတုကောင်းတဲ့အပြင် သားငါးပေါတဲ့အရပ်ကို ရောက်သွားတဲ့ အညာသားတွေဟာ မပြန်ဖြစ်တာကများတယ်လေ။ အဲဒါကြောင့် အညာမှာကျန်ခဲ့တဲ့ ဆွေမျိုးသားချင်းတွေကပဲ အလည်အပတ် လာထတ်တယ်။

အခုလို ရောက်လာတဲ့ အညာသားအနေနဲ့ အောက်အရပ် အောက်ဒေသ မြစ်ဝကျွန်းပေါ်ကို ရောက်ခိုက်မှာ ငါးကို အထူးပြုပြီး လေ့လာတယ်။

"ဒါ ဘာငါးလဲ"

"ငါးနှပ်ခေါ်တယ်"

***"ဩော်... ငါးနှပ်ဆိုတာ ငါးဖောင်ရိုးလိုပဲနော် ဝိန်လိုက်တာ"***

ပါးစပ်အငြိမ်မနေဘဲ မှတ်ချက်လည်း ချတတ်သေးတယ်။ တစ်နေ့မှာလည်း အဲဒီလိုပဲ ငါးလှေပေါ်တက်ပြီး လေ့လာတော့ ဒါပုစွန်တုပ်၊ ဒါ,ပုစွန်ကြော့၊ ဒါ,ငါးခူ၊ ဒါ,ငါးရံ့ ဆိုပြီး ရေလုပ်သားက ရှင်းပြတယ်။

"ဒီငါးကိုကော ဘာငါးခေါ်သလဲ"

"ငါးသလောက်ယောက်ဖခေါ်တယ်"

***"ငါးသလောက်ယောက်ဖဆိုတာရှိရင် ငါးသလောက်ယောက္ခမတို့၊ ငါးကြင်းခယ်မ၊ ငါးရံ့ မေညီးခုမက်တို့လည်း ရှိမှာပေါ့နော်"***

ရေလုပ်သားကြီးမှာ ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားတယ်။

ဒါပေမယ့် ငါးတွေ သယ်ယူနေတဲ့ လူတွေကတော့ ဟားတိုက်ပြီး ရယ်ကြလေရဲ့။

# ပြောင်းဖူးဖုတ်တဲ့လားကွယ်

ဖွတ်လှိုင်းရွာသူ ရွာသားတစ်စု ရန်ကုန်ကို ကားငှားပြီး ဆင်းလာကြတယ်။ သာသနာ့အလံထိုးပြီး ဘုရားဖူးယာဉ် ဆိုင်းဘုတ်ကြီးချိတ်လို့ပေါ့။ သူတို့ဟာ ပဲခူးဘုရားတွေပါ ဖူးပြီးတော့မှ ရန်ကုန်မြို့တွင်းမှာ ခြေလျင်လျှောက်လည်ကြတယ်။

***"ဈေးဝယ်ကို မောက်မောက်မာမာ ဆက်ဆံပြီး ရိုက်လွှတ်တာ ဟာဒီဈေးပဲ၊ ဈေးသွားမဆစ်ကြနဲ့ဟဲ့"***

နောက်သလို အတည်ပြောတဲ့လူက ပြောတယ်။

"သိမ်ကြီးဈေးသာဆိုတယ်၊ မန္တလေးဈေးချိုနဲ့ ဘာများထူးလို့လဲ"

"အလို... ဘယ်သူက ထူးတယ်ပြောလို့တုန်း"

အဲဒီလိုနဲ့ပဲ ဆူးလေစေတီတော်အကာ်ကို တဖြည်းဖြည်း နီးကပ်လာတယ်။ (၃၂) လမ်းထိပ် အရောက်မှာ ပြောင်းဖူးဖုတ်သည်တစ်ယောက်ကို မြင်တဲ့အတွက် အမျိုးသမီးတစ်စု ချဉ်းကပ်သွားတယ်။

"အလိုလေး ပြောင်းဖူး ဖုတ်တာကလည်း ပေါက်ပေါက်လှော်နေသလားရ၊ တဖျောင်းဖျောင်းနဲ့ဟဲ့"

အဲဒီလို ပြောသူက ပြောနေတုန်းမှာ ပထမတစ်ယောက် ပိုက်ဆံပေးပြီး တစ်ဖူးဝယ်စားတယ်။ သုံးလေးချက်လောက် ကိုက်အပြီးမှာ နောက်ဝယ်မယ့်လူတွေကို လက်တားလိုက်ရာက...

"ဟဲ့... ဟဲ့ မဝယ်ကြနဲ့၊ အလိုလေး၊ ပြောင်းဖူးဖုတ်တဲ့တော်လက်နှီးစုတ်ကို ငါးရသလောက်မှ အရသာမရှိ၊ တော်... တော်"

မကျေနပ်တဲ့ မျက်နှာရှင် ပြောင်းဖူးဖုတ်သည်ရဲ့ ဒေါသဟာ အခုန်းခနဲပေါ်လာတဲ့ ရယ်မောသံကြီးအောက်မှာ ပျောက်ဆုံးသွားရရှာပါရောလား။

# မျိုးချန်ထားကြပါ

တင်မောင်ကိုအနေနဲ့ မြို့ရည်လည်သလောက် ကျေးလက်ဗဟုသုတ ခေါင်းပါးတယ်။ စေတနာကောင်းသော်လည်း မသိနားမလည်တဲ့အတွက် အပြောအဆိုခံရတယ်။ အဟားအလှောင် ခံရပေါင်းများပြီ။

သူက ပေါ့ပေါ့နေပြီး ပေါ့ပေါ့စားတဲ့လူပဲ။ မြို့ပေါ်မှာလည်း ဘာမှ လက်ကြောတင်းအောင်လုပ်တာ မဟုတ်ဘူး။ တောကမိန်းကလေးနဲ့ အိမ်ထောင်ကျလို့သာ ရွာပြန်ရောက်နေတာကလား။

ရွာပြန်ရောက်လာတော့ မျိုးစပါးအခက်အခဲ၊ မျိုးမြေပဲ၊ မျိုးနှမ်း၊ မျိုးငရုတ်၊ မျိုးနေကြာ အခက်အခဲတွေကို မကြာခဏ ကြားရမြင်ရတယ်။ တချို့က ဈေးကောင်းရတယ်ဆိုပြီး မျိုးကျန်မကျန် မစစ်ဆေးဘဲ ရောင်းပစ်တာ။ တချို့ကျတော့လည်း ချစိုက်တဲ့မျိုးက အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားလို့ နောက်ထပ် စိုက်နိုင်အောင် ခက်ခက်ခဲခဲ ရှာဖွေရ ဈေးကြီးပေးရတာ။

အဲဒါတွေကို နားမဆံ့အောင် ကြားထားရတဲ့ တင်မောင်ကိုဟာ တစ်နေ့သောအခါမှာ ရှားရှားပါးပါး "ထန်းလျက်ဖြူဆုပ်" တစ်ပိဿာ ကျော်ကျော် အိမ်ကိုရောက်လာတာသိတယ်။ စားကြည့်တော့ နူးညံ့တယ်၊ အရသာရှိတယ်။

အဲဒါကြောင့် ယောက္ခမကို လှမ်းပြီး သတိပေးတယ်။

***"အဘ… အဘ၊ အဲဒါတွေ အကုန်စားမပစ်ကြစေနဲ့ဗျာ၊ မိုးဦး***

*ကျရင် ချစိုက်ရအောင် မျိုးချန်ထားဖို့ပါ"*

ယောက္ခမကြီးက ထဆဲတယ်။ အိမ်သူ အိမ်သားတွေက ရယ်မောတယ်။ တစ်ရွာလုံးမှာတော့ အဲဒီအကြောင်းဟာ ပြောလို့မဆုံးတဲ့ ဟာသပေါ့။

# ကြွမ်းရက်ပါပေ့ကွယ်

လုံချည်မဲ ပေါက်တယ်ဆိုတယ်ဆိုလို့ အမျိုးသမီးတစ်ယောက် အထည်ဆိုင်ကို ပြေးသွားတယ်။ သူ့ရှေ့မှာ ဘယ်သူမှ လုလုယက်ယက် တိုးတိုးဝှေ့ဝှေ့ မရှိကြသေးလို့ ဝမ်းသာသွားတယ်။ ဒါပေမယ့် အထည်ဆိုင်ထဲကို လှမ်းအဝင်မှာ မိန်းမတစ်ယောက်နဲ့တိုးတယ်။ နင် ဘာလာလုပ်တာလဲမေးတော့...

"ထမီလာထုတ်တာ၊ ပုဆိုးဈေးကကြီး၊ ထမီဈေးကကြီးနဲ့ မဝယ်နိုင်တာကြာပြီ အစ်မရေ၊ အခုတော့ ဟန်တာပဲ"

"ဟဲ့... သွားမကုတ်နဲ့၊ အကြွမ်းကြီး"

သတိပေးသူက ပေးပေမယ့် အမျိုးသမီးက သဘောမပေါက်ဘူး။

***"ဘယ်လောက်ကြွမ်းကြွမ်း၊ ကြွမ်းချင်သလောက်ကြွမ်း၊ ကျုပ်တော့ ဝတ်မှာပဲ"***

ဒီအခါမှာ အမျိုးသမီးကြီးက အားတက်သရော ဖြစ်နေတဲ့ အမျိုးသမီးငယ်ရဲ့ ပိန်ကျုံလှတဲ့ ကိုယ်ခန္ဓာကို တစ်ချက်ငုံ့ကြည့်ပြီး–

**"ကြွမ်းတယ်ဆိုတာ ရိုးရိုးကြွမ်းတာ မဟုတ်ဘူး။ 'ထန်းစစ်'ကု ဆေးဆိုးပြီး အကွက်ဖော်ထားသလားထင်ရအောင် ကြွမ်းတာ"**

"အမယ်လေး တကယ်ပဲလား"

***"မယုံရင်သွားကြည့်ချေ။ အဲဒီလုံချည်သာ ညည်းဝတ်ရင်တော့***

*လုံချည်စားတာနဲ့ တစ်နေ့ကို အသားတစ်ကျပ်ခွဲသား နှစ်ကျပ်သားလောက် ပွန်းပွဲန်းပြီး ပါသွားလိမ့်မယ်။ အလိုလေး, စုနစ်ရက်လည်းကြာရော ညည်းလည်း လူစင်စစ်က အရိုးဖွေးဖွေးနဲ့ ကမ္ဘာ့ကွာန်းကောင်ဖြစ်ရော”*

ဆိုင်ထဲကို ဝင်ချေထွက်ချေ လုပ်နေသူတွေရော၊ သတိပေးခံရသူအမျိုးသမီးပါ ဟားတိုက်ရယ်မိသည်။

# ဇေတီအောက်က ကျောက်တုံး

ကားသမားမှာ ခရီးသည်အပေါ်မှ အကြောင်းပြစရာ အချက်အလက်တွေ အများကြီးရှိတယ်။ ကားတွေများတော့ များတဲ့အတွက် ဆီဖိုးတောင် မရဘူး အကြောင်းပြပြီး စီးရေလျော့ထွက်တယ်။ မာတ်ဆီကို အကြောင်းပြစရာ ရလာပြန်တော့ ဆီမရဘူး၊ ဈေးကြီးတယ်ဆိုပြီး စီးရေနည်းနည်းကလေး ပြေးဆွဲတယ်။

ခရီးသည်တွေမှာ ဒီတစ်စီးမှ မလိုက်ရင် နောက်တစ်စီးထွက်ဖို့ မထွက်ဖို့ မသေချာတဲ့အတွက် သေချာတဲ့ကားကို အလုအယက် စီးရတယ်။ အထဲမှာ ကြပ်ညပ်နေအောင် တိုးဝှေ့ကြတယ်။ ဝင်လို့မရတဲ့အခါ နောက်မြီးမှာ ပဒေသာပင်သီးသလို ဆွဲခိုပြီး လိုက်ကြတယ်။

ဖွတ်လှိုင်းက ဦးကြီးတစ်ယောက်ဟာ ကုတ်ကပ်ပြီး အစွန်းကဆွဲခိုပြီး လိုက်လာတယ်။ ကားထိုးရပ်တယ်။ လူတစ်ယောက် အတင်းတိုးပြီးတက်လာတယ်။ ခြေတစ်ဖက် ချစရာတောင် မရှိတဲ့အတွက်...

“ဘကြီး, ဟိုဘက်နည်းနည်းတိုးပါ”

*“အလိုလေး လူရာ, ငါဖြစ်နေပုံလည်း ကြည့်ပါဦး၊ ကျိုက်ထီးရိုး*

*စေတီတော်အောက်က ကျောက်တုံးလို တည်းတည်းကလေးပဲ ရှိတော့တယ်ကွယ့်၊ ဒါထက်သာ တိုးရရင်တော့ စုန်ချပြီး နေခဲ့ရုံပဲ ရှိပါတော့ကလား”*

စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေတဲ့ တန်းလန်းသမားတွေ ပြုံးရုံပြုံးပေမယ့် ထိုင်နေသူတွေကတော့ တသောသောနဲ့ ရယ်လို့မဆုံးကြဘူး။

## အသောင်းထည့်တဲ့ ခေါင်းပြင်

ဆောင်းရာသီရဲ့ အဲလှတွေထဲမှာ ထန်းမြစ်လို့ခေါ်တဲ့ ထန်းမြစ်လည်း ပါဝင်ပါတယ်။ ထန်းမြစ် စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ အရပ်ဒေသတွေမှာ ထန်းမြစ်ရယ်။ လူရယ်၊ ဆောင်းရယ် ခွဲခြားလို့မရဘူး။

ထန်းမြစ်ကို အများအားဖြင့် ဖုတ်စားကြတယ်။ အချို့က ပြုတ်စားကြတယ်။ စမ်းသပ်သူတချို့က ဆန်မှုန့်နဲ့တွဲပြီး ကြော်စားပေမယ့် ခါးတဲ့အတွက် အကြိုက်နည်းကြတယ်။

ဒါကြောင့် မီးဖုတ်စားကြတာပဲ များပါတယ်။

ဒါပေမယ့် မီးဖုတ်ရာမှာလည်း အနာအဆာကင်းတဲ့ ထန်းမြစ်မှသာ အနံ့အရသာကောင်းတာ။ အမြစ်ထွက်တဲ့နေရာကို ခေါင်းခေါ်တယ်။ အဲဒီနေရာက ပုတ်နေရင် အနံ့အရသာ ပျက်တော့တယ်။

တစ်ခုသော နံနက်မှာ မြေးတွေလှုံနေတဲ့ မီးဖိုကို အဘိုးရောက်လာတယ်။ ထန်းမြစ်ဖုတ်ထားပြီး ထန်းမြစ်ကိုယ်စီ ဝါးနေတဲ့ မြေးတွေက ဆီးကြိုပြီး ထန်းမြစ်တစ်ခုပေးတယ်။

“သိပ်ကောင်းတာပဲ အဘိုး၊ စား... စား”

အဘိုးက အခွံခွာပြီးစားတယ်။ သုံးလေးချက်လောက် ဝါးအပြီးမှာ တွေးပစ်လိုက်ရာက...

"နင်တို့ဟာကကာ ထန်းမြစ်ရယ်လို့ စားပါတယ်၊ အလောင်းထည့်တဲ့ ခေါင်းပြင်ကို ဝါးနေသလားမှတ်ရ၊ ထွီ... ခေါင်းပုပ်ကြီး"

မသာပျဉ်ထဲက ခေါင်းပျဉ်ဆိုတဲ့ ပျဉ်တစ်မျိုးဟာ ပုပ်စော်နံပါတယ်။ အဲဒါကြောင့် မြေးတွေရဲ့ ရယ်မောသံဟာ ညံလို့နေပါတော့တယ်။

## ဇူဇကာပုဏ္ဏား ဖုတ်ဝင်သောအခါ ...!

လူကြီးတွေရဲ့ စကားဝိုင်းဘေးမှာ ကလေးတစ်စု ကစားနေကြတယ်။ ဖုန်အလူးလူး၊ နှပ်အပေအတေကျံကျံနဲ့ ကစားနေတဲ့ အဲဒီကလေးအားလုံးလောက်နီးပါးဟာ မည်းမည်းပိန်ပိန် ကလေးတွေချည်းဖြစ်ပါတယ်။ တစ်ယောက်တည်းသာ ကွက်ပြီး ဝပါတယ်။

စကားဝိုင်းထဲက လူကြီးတွေက ဒီကလေးဝတယ်။ ခြေဖမိုးတွေများ ဖားပြုတ်မာန်ဖီနေသလား မှတ်ရလို့ ပြောဆိုချီးမွမ်းကြပါတယ်။

သူတို့ပြောနေကြဆဲမှာ နောက်ထပ်တစ်ယောက် ရောက်လာပြီး ဘာပြောနေတာလဲ၊ ဘယ်သူ့အကြောင်းလဲလို့မေးတယ်။

"ဟို... ကိုလူဝလေးအကြောင်း ပြောနေတာပါ။ ဝလွန်းလို့"

***"ဝတာက ရိုးရိုးဝတာ မဟုတ်ဘူးဗျ၊ ကလေးဖြစ်ပြီး လူကြီးနီးပါးစားတဲ့ကောင်၊ အဲဒါကြောင့် ဇူဇကာကို ဖုတ်ဝင်နေတုန်းမှာ အယောရောဂါဖြစ်နေတာ"***

**မှတ်ချက်။ ။ လျှုတာအကုန်စား၊ ဇူဇကာပုဏ္ဏားဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ဒါကြောင့်လည်း ဇူဇကာယော့ဆိုရင် အစားကြူးသူလို့ နားလည်ကြတယ်။ ဖုတ်ဝင်နေသူဟာလည်း မယုံနိုင်အောင် အစားကြီးတယ်လို့ ပြောစမှတ်ပြုကြတယ်။ ။**

အဲဒီ အခြေခံအချက်တွေကို နားလည်ထားတဲ့အတွက် ရယ်ရမှန်း သိကြတာပေါ့။

## သုဓမ္မာစာရီ၏ မျိုးဆက်

အဲဒီအထက်ပါ သူငယ်ချင်းတစ်စု အပြေးအလွှား သွားရတဲ့အကြောင်း၊ လှုပ်ရှားရတဲ့အကြောင်းကတော့ ကားမမီမှာစိုးလို့ပါ၊ ဖြည်းဖြည်းသွားရင် နောက်တစ်နေ့ ပြန်လာရလို့၊ ယာအလုပ်၊ လယ်အလုပ် ပျက်မယ်။ ပြီးစီးအောင် ဆောင်ရွက်ရမယ်။ ဒါပေမယ့် ဖြည်းဖြည်းဆိုရင်လည်း ဒီမှာ ညအိပ်ရမယ်။

အပြေးအလွှား လှုပ်ရှားဆောင်ရွက်ပေမယ့် နောက်ဆုံးကား မမီလိုက်ဘူး။ မောကြောဆိုက်တော့တာပဲ။

"ညည်းမနေနဲ့ကွာ လမ်းဆုံမှာ ပစ္စည်းတည်နေတာတို့ဘာတို့ရှိရင် တွေ့နိုင်သေးတယ်ကွ၊ ငါ ခဏခဏကြုံဖူးတယ်၊ လာ သွားကြစို့"

သူတို့ အပြေးသွားပေမယ့် မမီဘူး။ ဒါပေမယ့် လမ်းကြုံကားတစ်စီး တွေ့တဲ့အတွက် တောင်းပန်တိုးလျှိုးပြီး လိုက်လာကြတယ်။ အဲဒီလို ကားကြုံရတာဟာ ဈေးခွေးအခေါ်ခံရသူ အကြံကောင်းတဲ့အတွက် ဝိုင်းပြီး ချီးကျူးလိုက်ပုံက...

"မင်း ဉာဏ်ကောင်းပေလို့ဟေ့၊ နို့မဟုတ်ရင် ဝက်လက်မှာ အိပ်ရမှာ"

***"အလိုလေး, ဉာဏ်ကောင်းပုံကတော့ မယောင်သဓာနဲ့ သုဓမ္မာစာရီ မင်းသမီးရပြီး မွေးသလား, မှတ်ရဟဲ့"***

သုဓမ္မာစာရီဆိုတာ ပညာရှိမင်းသမီး ဖြစ်တယ်ဆိုတာ သိထားကြတဲ့အတွက် ရယ်လိုက်ကြတာ ကျွက်ကျွက်ကို ညံသွားပါရော့လား။

# ရက်စက်ပါပေ့, ဒေါက်တာရယ်

***"နေမကောင်းတာများ ဟိုသူငယ်လေးခေါ် ဆေးထိုးလိုက်ရင် ပြီးတာပဲ"***

"ဟဲ့... ဟိုဒေါက်တာကလေးနဲ့ ဆေးမထိုးဘူးလား"

အိမ်တွင် နေထိုင်မကောင်းသူရှိကြောင်း သတင်းရတာနဲ့ တစ်ပြိုင်နက် ပေးလိုက်ကြတဲ့ အကြံတွေ။ ဆရာလေးတဲ့၊ ဒေါက်တာလေးတဲ့၊ အဲဒီလူနဲ့ ဆေးထိုးရမယ်တဲ့။

လမ်းမှာပဲ ပြော, ပြောသွားကြ၊ အကြံပေးသွားကြတော့ လူနာဦးကြီးက သည်းခံနေပါတယ်။ တိုင်းရင်းမြန်မာဆေးနဲ့ကုလို့ သက်သာစပြုလာပါပြီ။ ရှင်းရှင်းမပျောက်သေးတဲ့အတွက် အစားအသောက် အနေအထိုင် ဆင်ခြင်နေရတာပါ။

ဒါပေမယ့် ဦးကြီးရဲ့ ဒေါသအိုး ပေါက်ကွဲဖို့ ဖန်လာပါတယ်။ ဖန်တီးသူက လူမမာဦးကြီးရဲ့ ညီမ။ စွာကျယ်ကျယ် ပြောတတ်တာက လွဲလို့ ဘာမှနားမလည်ဘူး။

***"အစ်ကိုကြီးက သိပ်ပြီး ခေတ်နောက်ကျတာပဲ၊ ဒေါက်တာလေးခေါ်ပြီး ဆေးထိုးလိုက်ရင် ပျောက်တာကြာပြီ"***

"ဘာဒေါက်တာလဲ၊ သူ့ကို ဘယ်သူက ဒေါက်တာဘွဲ့ပေးလို့ နင်တို့က ဒေါက်တာခေါ်နေတာလဲ၊ ဒေါက်တာရမ်းကု၊ လူသတ်သမား၊ သူဆေးထိုးပြီးသတ်တာ ဘယ်နှစ်ယောက်ရှိပြီမှတ်လဲ၊ သူသတ်ခဲ့တဲ့လူတွေရဲ့ အရိုးတွေက တောင်လိုပုံနေပြီ၊ အလိုလေး, အရိုးတွေ ဖွေးနေလိုက်ပုံနှယ် ထုံးပုံကြီးလားမှတ်ရ"

ညီမဖြစ်သူ ကုပ်ကုပ်ကလေး ဆင်းပြေးပုံကိုကြည့်ပြီး အိမ်သားတွေ ရယ်မောကြတယ်။

ဖိုးရာဇာစာအုပ်

## သီလဝင်ဓား

လူတစ်ယောက် ဓားဝယ်လာခဲ့တယ်။ သူ့ဓားက ထန်းသမားများ ထန်းတက်ရာမှာသုံးတဲ့ "ဓားနှီး"လိုဟာမျိုးပါ။ အဲဒီဓားကို မြင်ဖြစ်အောင်မြင်ပြီး ဘယ်ရွာကလဲ၊ ဘယ်လောက်ပေးခဲ့ရလဲ ခေါ်မေးကြတယ်။

"အစိတ်ပေးရတယ်"

"အမယ်လေး၊ ဖုတ်တတော ဓားများ အစိတ်ပေးရသလားကွာ"

လူတစ်ဖက်သား စိတ်အနှောင့်အယှက် မဖြစ်,ဖြစ်အောင် ပြောတာပါ။ ဒါကို တစ်ယောက်က ပြောအပြီးမှာ နောက်တစ်ယောက်က–

"ဓားနဲ့ အဆင်းရုပကာကဖြင့် "သီလဝင်" ဓား မှတ်ရဟေ့၊ တကယ်သုံးကြည့်တဲ့အခါကျမှ လေကိုခုတ်တာတောင် အသွားကျွေတယ်ကွ"

ဓားဝယ်လာခဲ့သူ စိတ်ညစ်ညူးဟန်နဲ့ ထွက်သွားလေရဲ့။ အဲဒီလူ အဲ့ဒါလို ဖြစ်သွားတာမြင်ရတော့မှ ရယ်လိုက်ကြတာ အားရပါးရပေါ့။

## ဝါးခြမ်းပြားရောဂါ

ဓားဝယ်လာတဲ့လူကို စိတ်မချမ်းသာအောင် ပြောလွှတ်လိုက်တဲ့လူစုမကွဲသေးဘူး။ ရောက်တတ်ရာရာတွေ လျှောက်ပြောပြီး တဟေးဟေး တဟားဟား ဖြစ်နေကြတယ်။

သူတို့ရဲ့ ...သံကြားလို့ လူတစ်ယောက် ဝင်လာတယ်။ အသားအရေက ဖြူဖပ်ဖြူရော်နဲ့ပါ။ မချိသွားဖြဲဆိုတဲ့ စကားအတိုင်း သွားဖြဲပြီး နားထင်နားရင်းတွေ ကျနေတဲ့ နာတာရှည် ရောဂါသည်လေ။ သူ့လည်း မြင်လိုက်ရော တစ်ယောက်က ကြိုဆိုပါတယ်။

"ဟာ... ကိုဖိုးပိန်၊ ဘယ်သွားမလို့လဲ၊ နေကောင်းရဲ့လား"

"ကောင်းလိုက် မကောင်းလိုက်ပါပဲကွာ"

အဲဒီလူ ထိုင်ဖို့အတွက် နေရာရှာနေတုန်းမှာ နောက်တစ်ယောက်က–

"ခင်ဗျားမှာလည်း ပိန်လိုက်တာဗျာ၊ ပိုးကျတဲ့ ဝါးရုံထဲကဝါးကို ခွဲစိတ်ထားတဲ့ ဝါးခြမ်းခြမ်း နာတာရှည်ရောဂါ ရနေသလားမှတ်ရ"

အုန်းခနဲ ရယ်သံကြီး ထွက်လာတဲ့အတွက် ကိုဖိုးပိန်လည်း ထိုင်တောင်မထိုင်တော့ဘဲ ထပြေးပါတော့တယ်။

## ဈေးသည်ဒီပနီ

**ဈေး**တန်းကို လျှောက်ကြည့်တဲ့လူတွေ အများကြီးရှိပါတယ်။ တခြားလူတွေကို မြည်းစရာမပေးဘဲ ဒီလူစုကို သွားပြီးပေးမိတာဟာ ဈေးသည်ရဲ့ အမှားပဲ။ ဈေးသည်က "မရွေး" မုန့်သည်လေ။ မန်းမရွေး။

ဈေးတန်းမှာ ထန်းလျက်သည်၊ ပေါက်ပေါက်ဆုပ် အနုဆုပ် ကရေကရာသည်၊ ကြံသကာ မြေပဲယိုသည်၊ အုန်းထန်းလျက် ဇီးထန်းလျက်နဲ့ မရွေးမျိုးစုံရောင်းတဲ့ ဈေးသည်တွေ တန်းစီနေတယ်။

***"ဇီးထန်းလျက်တွေ ဝယ်သွားပါဦး၊ အုန်းထန်းလျက်လည်း ကောင်းတယ်"***

ဝယ်နိုးနိုး မျှော်ကိုးရှုံသာမက ဝယ်ချင်စိတ်ကိုပါ အသံနဲ့လှုံ့ဆော်ပေးကြလေ့ရှိ၏။ ဝယ်ယူလည်းဝယ်၊ မဝယ်သူလည်း ကျော်သွားပေါ့။ ဒါပေမယ့် မန်းမရွေးသည်တစ်ယောက်ကတော့...


“အစ်ကိုကြီး၊ မန်းမရွေး ကြွပ်ကြွပ်ရွရွကလေး မြည်းကြည့်ပါဦး”
ဖွတ်လှိုင်းသားတွေ ကိုယ့်ပါးစပ်ကို ကိုယ်သိတဲ့အတွက် လှမ်းမယူပါဘူး။ အတင်းထိုးပေးတော့မှ လှမ်းယူပြီး ပါးစပ်ထဲထည့်တယ်။ ပါးစပ်ထဲရောက်မှတော့ ဖွတ်လှိုင်းသားရဲ့ ဇာတိပြပြီလေ။

*“အလိုလေး ကြွပ်လှပါတယ်၊ ရွလှပါတယ်ဆိုတဲ့ မရွေးရယ်၊ မာလိုက်ပုံများ ပုလင်းကွဲတွေ ဝါးနေသလား မှတ်ရဗျာ”*

ဈေးသည်တွေ ရယ်လိုက်ကြတာ အုန်းခနဲ ဝါးခနဲပါပဲ။ မြည်းကြည့်ဖို့ ပေးမိတဲ့ ဈေးသည်ပါ ရှက်ရှက်နဲ့ ရောနှောရယ်နေလေရဲ့။

**“ဟုတ်ပါ့အဘရယ်၊ သူ့သားကို ပို့ခါစကတော့ ဟိုလူ့ကြွားရ ဒီလူ့ကြွားရနဲ့ သေချာပေါက်ကြီး ပြောဆိုနေလိုက်ပုံများတော့ ရွာဦးကျောင်းမှာ တိုက်ဖက်မရှိလို့ ဘေးမဲ့ပေးထားရတဲ့ တိုက်ကြက်ဖကြီးလိုပဲ၊ ခေါင်းကိုမော့ ရင်ကိုကော့လို့ပေါ့”**

**“အလိုလေး …အခုများတော့လည်း နှစ်ပတ်လည်ပါပကော,စာလည်းမလာ၊ သတင်းလည်းမကြား၊ အတိုးတက်၊ နွားကထွက်ဆိုတော့ သနားစရာပေါ့လေ, တကယ်ပါပဲ၊ ဖြစ်နေ လိုက်ပုံများတော့ခွပ်ပြီး ရှုံးလာတဲ့ ကြက်ဖကြီး ကြက်နာပါ ထပ်ဝင်လေရောသလား, မှတ်ရ”**





"ညည်းအဖေပြောတာ အမှန်ပါပဲကွယ့်၊ တကယ်တော့ တစ်ကိုယ်လုံး လုံအောင်ဖုံးထားပြီး ခေါင်းမြီးခြုံထားတဲ့ မလေးရှားသူကို ကြည့်ရင်ဖြင့် လကွယ်ညသန်းခေါင်ယံမှာ မိုးကြိုးပစ်ခံထားရတဲ့ ကပ္ပလီတစ်ယောက် အသုဘရာ နက်လှတဲ့ တွင်းပျက်ကြီး ထဲကျသွားတာကို ငုံ့ကြည့်မိတဲ့ သူလိုပဲဟေ့၊ ဘာမှ မမြင်ရဘူးကွယ့်"






# ရက်စက်လှချည်ရဲ့...!

"မြေနီကုန်း တစ်ယောက် နှစ်ရာ၊ မြေနီကုန်းလား, လာလာ" အသံတစာစာနဲ့ ကားသေးသေးကလေးတစ်စင်းဟာ လမ်းသစ်ရိပ်သာ အရှေ့ဘက် ပလက်ဖောင်းမှာ ဝင်ရပ်တယ်။ ကားရှားပုံကလည်း ဒီလမ်းမှာ ပြေးဆွဲတဲ့ ကားသမားတွေ သေကုန်ပြီလား ထင်ရတယ်။ ခရီးသည်ပေါပုံက တခြားဘက်မသွားဘဲ ဘာကြောင့် ဒီနေရာကို သွားရတာလဲ မေးရမတတ်ပါပဲ။

ခရီးသည်တစ်ယောက် ပြေးလာတယ်။

"မြေနီကုန်း"

"မြေနီကုန်း အစ်ကို၊ တစ်ယောက် နှစ်ရာကျပ်"

ပြေးလာသူဟာ ရင်ဝဆီးအကန်ခံရသလို တန့်သွားပြီး...

“မြေနီကုန်း ဒီနားနဲ့ ဒီနားလေးကို နှစ်ရာကျပ်တဲ့လားကွာ, အမယ်လေး ‘ကား’ရယ်၊ ကြည့်တော့သာ ‘တညင်းဝက်’ အခြမ်းလေး ခြမ်းကို ကားဘီးနေရာမှာ ကော်နဲ့ကပ်ထားသလား မှတ်ရပေမယ့် ငွေတောင်းတာ ရက်စက်လှချည်လား”

ဓာတ်ဆီ “ဘာဖြစ်တယ် ညာဖြစ်တယ်” ပြောသံဟာ ရယ်သံ အောက်မှာ နစ်မြုပ်လို့သွားရှာတယ်။



# မြေလျှိုးတဲ့အမျိုး

**လစာထုတ်ချိန်ဆိုရင် သူ ပြေးရပြီ။ ပုန်းရပြီ။ မကောင်းမှန်းသိတယ်၊ ကိုယ်လိုချင်တုန်းက လွယ်လင့်တကူ ထုတ်ပေးခဲ့ပြီး ပြန်ဆပ်ချိန်ကျတော့မှ အိမ်မှာမနေ၊ ရုံးမှာမကပ်ဘဲ ရှောင်နေတာ၊ မကောင်းမှန်းသိပါရဲ့။ ဒါပေမယ့် မတတ်နိုင်တဲ့အတွက် ရှောင်နေရတယ်။**

ဒါပေမယ့် မလွတ်ပါဘူး။ ရှာတတ်တဲ့ ကြွေးရှင်နဲ့ဆိုတော့ မိသွားတယ်။ အိတ်ထဲကငွေတွေ မဝှက်လိုက်ရဘူး။ ပါသွားပြီ။ ငိုင်ပြီး ကျန်ခဲ့တဲ့အတွက် သူ့အဖြစ်ကို အစအဆုံးသိတဲ့ မိတ်ဆွေက…

***"ခင်ဗျားဗျာ လူဖြစ်နေပြီး မြေပဲဆန်လောက်မှ မလိမ္မာဘူး၊ မြေပဲစေ့ကို ကြည့်စမ်း၊ လူနဲ့တွေ့မှာစိုးလို့ အမြေးနဲ့မြှုပ်ထားတယ်၊ ပိုပြီး လုံခြုံအောင် အခွံထဲ ဝင်နေတယ်၊ လုံခြုံသည်ထက် လုံခြုံအောင် မြေကြီးထဲတောင် တိုးဝင်ပြီး နေလိုက်သေးတယ်"***

***"ခင်ဗျားဟာ ဘယ်မှာ လုံခြုံလို့လဲ။ ပါးစပ်ထဲ ရောက်တာပဲ မဟုတ်လား"***

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြတာ ပက်လက်ကို လန်ရော။

''ညည်းကိုညည်းလည်လှပြီလို့ ထင်မနေပါနဲ့အေ၊ ပါးလွှန်း တော့လဲ ပေါက်တတ်တယ်တဲ့၊ လည်လွန်းတဲ့ဘီး ချေးသင့်တဲ့အေ့၊ ရှစ်စပ်က ဂျင်ဂျင်လည်မကလို့ ဂျင်ပေါက ထုံးဖြစ်နေရင်တောင် ထုံးပေါက အစကနဲ့တွေ့တော့ မခက်ပါလား၊ ကိုယ့်ကိုယ်ကိုယ်တော့လည်း မိန်းမဟာ မိန်းမပဲဆိုတာ တော့လည်း သိထားဦး''

## ငါးဟင်းတဲ့လားကွယ်

လင်ရဲ့ ချီးမွမ်းစကားကို အလွန်ကြားချင်တဲ့မိန်းမ၊ လင်ကြိုက်တတ်တဲ့ ငါးဟင်း။ ဒါပေမယ့် ရေချိုငါး မတတ်နိုင်လို့ ပင်လယ်ငါးဝယ်ချက်တယ်။ လတ်လည်း လတ်ဆတ်တဲ့ ငါးရွှေပါ။

လင် အလုပ်ကပြန်လာပြီး မကြာမီမှာ ထမင်းပြင်ပြီး ကျွေးတယ်။ လင်ရဲ့မျက်နှာမှာ ကျေနပ်မှုအရိပ်အယောင် ပေါ်ရဲ့လား၊ မကြာခဏ မော့မော့ကြည့်ရတာ အမော။ ထမင်းစားလို့ ပြီးခါနီးမှာ၊ "ငါးဟင်း ကောင်းလားမောင်" လို့ မျှော်လင့်တကြီးနဲ့ မေးတဲ့အခါ၊

***"ဟုတ်လား ချစ်၊ ငါးဟင်းဟုတ်လား၊ အောင်မယ်လေး ငါးဟင်းတဲ့၊ မောင့်မှာ တမာသီးနဲ့ အဖျားဖြတ်ဆေး ရောပြီးချက်ထားတယ်မှတ်တာ"***
လို့ ဖြေလိုက်တယ်၊ တစ်ခါတည်း မယားရဲ့မျက်လုံးမှာ မျက်ရည်တွေဝဲလာတဲ့အတွက် အဲဒါကိုကြည့်ပြီး တဟားဟား ရယ်တော့တယ်။

## ဘုရားကိုးဆူဆရာ

အလုပ် သုံးနေရာအတွက် လျှောက်ထားဖြေဆိုသူ တစ်ထောင်ကျော်တယ်။ အခု လူတွေ့မေးမြန်းတဲ့အခါ သုံးရာလောက်ရှိတယ်။ တစ်ယောက် ထသွားရင် နောက်တစ်ယောက် အမည်ကို စာရွက်ထဲကြည့်ပြီးခေါ်တယ်။ နာမည်ရှင် ရောက်မလာဘူး။

ဒီအခါ တံခါးစောင့်က အော်ခေါ်ရတယ်။ တစ်ခါခေါ်နဲ့ ပြေးလာသူရှိသလို သုံးလေးခါအော်မှ ကြားတဲ့လူလည်းရှိတယ်။ မကြားတဲ့လူတွေကလည်း ကိုယ့်အလှည့် ဘယ်အချိန်ဆိုတာ မသိတဲ့အတွက်

ရေသွားသောက်နေတယ်။ မုန့်သွားစားနေတယ်။ ဒါကြောင့် အော်ခေါ် ရတာ။

ဒါပေမယ့် အော်ခေါ်ရတဲ့လူလည်း မသက်သာဘူး။ တတိယလူလည်း အော်ခေါ်။ စတုတ္ထလူလည်း အော်ခေါ်။ ဆယ်ယောက်တိတိ အော်ခေါ်ပြီးချိန်မှာ...

*"ခင်ဗျားတို့နော် ကျွန်တော့်ကို သနားကြပါဦး၊ ခင်ဗျားတို့ကို အော်,အော်ခေါ်ရတာ ဒီမှာ လျှာပြတ်တော့မယ်၊ တစ်ယောက်လာလည်း အော်ခေါ်ရ၊ တစ်ယောက်လာလည်း အော်ခေါ်ရနဲ့ ဘုရားကိုးဆူဆရာ ကြိုလ်ပင့်နေသလား မှတ်ရ"*

လို့ မောဟိုက်သံကြီးနဲ့ ညည်းလိုက်တဲ့အတွက် မြူးရွှင်စွာ ရယ်ကြလေရဲ့။

"**ဒီလူကြီး** ရွာထဲက လူငယ်စုံတွဲတွေ လိုက်လိုက်ပြေးတုန်းကတော့ ဖူးစာပါလို့, ညားတာပါလို့ တို့, နဖူးစာဆိုတာ ရှာလည်တဲ့ သဘောတို့ လူဆိုတာ သူ့အကြောင်းနဲ့သူတို့၊ လူငယ်တို့ သဘာဝဖြစ်တတ်တဲ့သဘောနဲ့ စုံနေတာပဲ"

"အလိုလေး ...အခုသူ့သမီး နုနုထွတ်ထွတ်လေး ပါသွားတော့ တရားနဲ့ ဖြေနိုင်တယ် မှတ်သလား။ ကြားတယ်မို့လား, သိန်းဝို(ရှိ)ပြည်ကို ဟနုမာန်မျောက်ကြီး မီးတတ်ရှို့နေသလား မှတ်ရတွယ်၊ တစ်ရွာလုံး ဆူပွက်နေတာပဲ"

"ဟုတ်ပ,ါ မောင်က သမီးဇောနဲ့ ဇာတိရုပ်တွေ ပေါ်လာပုံများတော့ ဘုရားလူကြီးနဲ့ မတူတော့ဘူး၊ အလိုလေး ... ဖြစ်နေပုံများတော့ ဒသဂီရိနဲ့ အာဠာဝကဘီလူးနှစ်ကောင် တစ်ပြိုင်တည်း ဝင်ပူးနေသလား မှတ်ရ။ ဒါတောင် ဝဏ္ဏတဘီလူးက ဘေးမှာဝင်ဖို့ အခွင့်သင့်စောင့်နေ ရှာသေး"



# ဆင်းရဲမှာစိုးလို့ပါ

**ပြောင်း**ဖူးပြုတ်သည်တွေ ဆားမဆောင်တာ ကြာပါပြီ။ ပထမ အသည်က ဆားမထားဘဲ ရောင်းကြည့်တော့ ဖြစ်တယ်။ နောက်တော့ ဘယ်ပြောင်းဖူးပြုတ်သည်မှ ဆားမဆောင်တော့ဘူး။ သိတယ်မဟုတ်လား။ စားသုံးသူ စိတ်ချမ်းသာရေးတက် ကိုယ်အမြတ်များများရရေး ဦးစားပေးကြတာလေ။

ဒါပေမယ့် အဲဒီလူက ဒါကိုမသိဘူး။ အခွံလှန်ထားတဲ့ ပြောင်းဖူးပြုတ်ကို ကောက်ကိုင် ဈေးမေးပြီး ဆားတောင်းတယ်။ ဈေးသည်က အထူးအဆန်းသဖွယ် မော့ကြည့်ပြီး ဖြေတယ်။

"ဆားလား, ဆားမရှိဘူး"

***"အလိုလေးဟဲ့, ဆားကလေး ငါးကျပ်သားလောက်ဆောင်ထားရင် ဆင်းရဲမှာစိုးလို့ထင်ပါရဲ့၊ အေး, ချွေတာကြ ချွေတာကြ၊ ထမင်းမစားရမသောက်နဲ့"***

အဲဒီစကား ကြားရတဲ့လူတိုင်း မရယ်ဘဲ မနေနိုင်ဘူး။ ရယ်တယ်။

# မီးသွေးစားကြသူများ

အိုးစုနားမှာရှိတဲ့ ရွှေညီရိရပ်ကွက် လူတစ်ချို့ တာမွေသုသာန် မြောက်ပိုင်းကို မီးဘေးဒုက္ခသည်အဖြစ် ခေတ္တပြောင်းရွှေ့ နေထိုင်ကြရတုန်းပေါ့။

စခန်းတစ်ခုလုံးမှာ လူမျိုးစုံ နေထိုင်ကြတယ်။ အသားမည်းသူဆိုလို့ သူတို့မိသားစုပဲ ရှိတယ်။ အိန္ဒိယသားထဲက အသားမည်းပါတယ်

ဆိုတဲ့ လူတွေတောင် သူတို့မိသားစုကို မမှီဘူး။

တစ်နေ့မှာ အဲဒီမိသားစုရဲ့ မိတ်ဆွေတစ်စုဟာ သတင်းမေးဖို့အတွက် ပစ္စည်းပစ္စယတွေနဲ့ ရောက်လာကြတယ်။ ဧည့်သည်တွေရှေ့မှာ စခန်းထဲကလူတွေနဲ့ တခြားဧည့်သည်တွေ ဖြတ်သွားတယ်။ သရေစာဆိုင်၊ လက်ဖက်ရည်ဆိုင်က လူတွေကိုလည်း လှမ်းမြင်နေရတယ်။ အဲ့ဒါကြောင့် ဧည့်သည်တစ်ယောက်က စကားစတယ်။

*"မီးသွေးကလည်းဟာ တစ်အိတ်သုံးဆယ်တဲ့၊ သုံးဆယ်မပေးရတဲ့အိတ်ကျတော့ အရွယ်ငယ်သွားတယ်။ အဲဒီလို ဘာဖြစ်လို့ မီးသွေးရှားသလဲသိလား။ ရွာမှာပေါ့ နင်တို့မိသားစု တစ်စုလုံး မီးသွေးချည်းစားနေလို့ပေါ့၊ မည်းတယ်ဆိုတာ ဂုဏ်ရှိတယ်မှတ်လို့"*

အိမ်ရှင်ရော ဧည့်သည်ပါ ရယ်လိုက်ကြတာ။ ကြဲဖန်ပြီး ပြောတတ်ပလေရယ်လို့။



# လူလိမ်ဝိဇ္ဇာ

ရဲတပ်ဖွဲ့ရုံးထဲမှာ ထိုင်နေတဲ့ တာဝန်မှူးရဲ့ရှေ့ကို ရဲတပ်ဖွဲ့ဝင်တွေက လူတစ်ယောက်ကို ခေါ်လာတယ်။

အဲဒီလူဟာ တစ်နေရာမှာ မောင်မောင်တာအမည်နဲ့ လိမ်ပြီး နောက်တစ်နေရာကျတော့ မောင်သိန်းလွင် ဖြစ်သွားရော။ တတိယနေရာမှာ သန်းစိုးဦး၊ စတုတ္ထနေရာမှာ တင်မောင်မြင့်၊ အမည်အမျိုးမျိုးနဲ့ ပြောင်းလိမ်နေသူပါ။ အဲဒါကြောင့် ရဲတပ်ကြပ်ကြီးတစ်ယောက်က...

"မျက်စိလည်ချင်စရာ ကောင်းလိုက်တာ မောင်စိန်ရာ၊ လက်စသတ်တော့ မီတာပုံးရမယ်ဆိုပြီး လိမ်သွားတာ မင်းတစ်ယောက်တည်းပါလား"

ဒီအခါမှာ အမှုလိုက်တစ်ဦးက ဝင်ပြောပြန်တယ်။

***"မီတာပုံးရမယ်ဆိုပြီး မင်း လိမ်သွားတဲ့အကြောင်း တိုင်တဲ့စာရင်းကလည်း ငစိန်ရာ။ အလိုလေးလေး၊ ထီပေါက်စဉ်လား အောက်မေ့ရသကွာ"***

ရယ်မောသံကြီးကတော့ စခန်းဝင်း အပြင်ကိုတောင် ရောက်တန်ရာရဲ့။

# ပုစွန်ဆိတ်မျက်လုံး

လမ်းဘေးဈေး ဆိုတဲ့အတိုင်း ပလက်ဖောင်းပေါ်ကာဆင်းပြီး ကားလမ်းရဲ့ ဘေးသားပေါ်ကို တက်ရောင်းတဲ့ လမ်းဘေးဈေးပါ။ အများအားဖြင့် ဆိုင်ကျတွေများတယ်။ အသီးအရွက် အသားငါးက အစ "လက်ပံ"ပဲ။

ရှုံး၀န်ထမ်းလို့ထင်ရတဲ့ လူငယ်တစ်ယောက်ဟာ အိမ်ကိုမပြန်နိုင်သေးဘဲ ဈေးကို၀င်လာတယ်။ လိုအပ်တာတွေထဲက ဈေးချိုတာတွေ့ရင် ၀ယ်မယ်ဆိုတဲ့ စိတ်ကူးနဲ့။

တစ်နေရာမှာ ငရုတ်သီးညှပ်ညှပ် အပုံကလေးတွေနဲ့ ကြက်သွန်သေးသေးကလေးတွေ ပုံထားတာ မြင်ရတဲ့အတွက်...

"ကြက်သွန် ဘယ်ဈေးလဲ"

"တစ်ရာဈေး"

***"အမယ်လေး, ကြက်သွန်ဈေးရယ်၊ ဒါလေးများ တစ်ရာဈေးတဲ့ ကြက်သွန်ကြည့်တော့ဖြင့် ပုစွန်ဆိတ် မျက်လုံးလောက်တောင်မရှိပါကလား"***

ပျော်ပျော်နေတတ်တဲ့ ဈေးသည်တွေပဲ၊ လိုမ့်ပြီးရယ်ကြတာပေါ့။

## ဒုံးပျံနဲ့အပြိုင်

အချိန်က ည (၇) နာရီလောက်ပဲ ရှိသေးတယ်။ အထူးယာဉ်ကလေးတွေက ဝေးဝေးမသွားတော့ဘူး သိမ်ကြီးဈေးဂိတ်ဆုံးတဲ့။ အဲဒီကားကို မဟာဗန္ဓုလပန်းခြံလမ်းထိပ်မှာ လူတစ်ယောက်က တားတယ်။

"တက်, ဆရာ တက်၊ သိမ်ကြီးဈေး နှစ်ရာကျပ်"

လှမ်းလိုက်တဲ့ ခြေလှမ်းဟာ တန့်သွားပြီး...

"ဟ... တစ်ရာပါကွ"လို့ ပြောတယ်။ ဒါပေမယ့် ကားပေါ်တက်တယ်။ ကားလည်း ဒုံးပျံနဲ့အပြိုင် မောင်းထွက်ရော စကားများတော့တာပဲ။

"တစ်ရာမရဘူး အစ်ကို၊ ဆီက အောက်ဆိုက်၀ယ်ရတာ သိပ်ဈေးကြီးတယ်"

"မင်းတို့မှာ ဒါပဲ ပြော,ပြောနေတာပဲ၊ မင်းတို့မှာ ဆီဘယ်ရှိမလဲ ကွ၊ မင်းတို့ပဲ ရောင်းစားနေကြတာ"

*"ဟုတ်တယ်, ဆီအကြောင်းပြပြီး မတရားယူနေတာ၊ ကလေး အကြောင်းပြ ထမင်းအိုးတစ်လုံးပျက်ဆိုတဲ့ အကောင်မျိုးတွေ"*

နောက်ပိုင်းက ပြောနေသံတွေကို ယာဉ်မောင်းက ကြားတဲ့အတွက် ထိုးရပ်တယ်။ ကားပျက်သလိုလိုပေါ့၊ ရပါတယ်။ ခရီးသည်တွေက ရယ်ကာမောကာနဲ့ ဆင်းပြီးလျှောက်သွားကြလေရဲ့။

## ဒိုက်ဦးက မုန့်ဖက်ထုပ်

"အစ်မရေ၊ မုန့်ဖက်ထုပ်ကြီးတွေ ကောင်းလိုက်တာ စားပါဦး"

နေရာက ဈေးဝယ်ကို ဈေးသည်က ဝိုင်းရိုက်လွှတ်လိုက်တဲ့ ဗိုလ်ချုပ်ဈေးသစ် ဆိုတာမှာပါ။ မုန့်ဖက်ထုပ်သည်ရဲ့ ဗန်းထဲက မုန့်ဖက်ထုပ်တွေ ကောက်ပြီး လှမ်းပြနေတော့ အပြခံရတဲ့သူက စားချင်လာတဲ့အတွက် ခေါင်းညိတ်တယ်။

သူ့လက်ထဲကို မုန့်ဖက်ထုပ် ရောက်လာလို့ ဖြေပြီး စားနေခိုက် "ကောင်းတယ်နော် အစ်မ"တဲ့ ခေါင်းညိတ်ပြတယ်။ တော်တော် ကြာအောင် အရသာခံ စားလို့ပြီးတော့ ဖက်ကို လူသွားလမ်းပေါ် ပစ်ချရာက...

*"အမယ်လေး... ကောင်းလိုက်တဲ့ မုန့်ဖက်ထုပ်ရယ်၊ ဒိုက်ဦးက အချိုမှုန့်စက်ရုံကြီး တစ်ခုလုံးများ ဌာပနာထားရော့လေသလားဟော့"*

လို့ မြည်တမ်းလိုက်တော့ ဝယ်ကျွေးရသူ သဘောကျပြီး ရယ် မောနေလေရဲ့။



# သဒ္ဒါရေဇော်ဒုက္ခ

**လူတစ်ချို့ရဲ့ ဝသီဟာ လူစုမိရင် စီးပွားရေး၊ ကြီးပွားရေး၊ ဗဟုသုတ တိုးပွားရေးကို မပြောဘူး။ အတင်းပြောတယ်။ အထူးသဖြင့် သူတစ်ပါး မကောင်းကြောင်းပေါ့။**

အခုကြည့်လေ။ ဈေးသွားတာ အေးအေးမသွားဘဲ ရပ်ပြီးအတင်းပြောနေတယ်။ လေးယောက်မှာ တစ်ယောက်က ဝက်ကြီးလိုပဲ ဝလိုက်တာတဲ့။

***"စန်းမြင့် ကုပ်နေပုံကဖြင့် ကြွက်နှာကလေး မှိုးမိနေသလား မှတ်ရတယ်"***


တစ်ယောက်က သံဝေဂရသံနဲ့ အဆုံးသတ်လိုက်တဲ့အတွက် အရပ်ပုပု မိန်းမက စကားဆက်တယ်။

"သူ့ယောကျ်ား လျှောက်ညာလို့ လိမ်လို့ရတာတွေနဲ့ ခဏတစ်ဖြုတ် ချောင်လည်တာကို ချမ်းသာလှပြီထင်ပြီး မောက်မာတာကိုး အစ်မရဲ့၊ တစ်လမ်းလုံးမှာ သူနဲ့ သင့်မြတ်တဲ့လူ မရှိဘူး။ ဆွေမျိုးနဲ့တောင် မခေါ်ဘူး"

"အင်း... အင်း၊ လိမ်ညာပြီး ချောင်လည်တုန်းက ကြွားခဲ့သမျှ၊ မောက်ခဲ့သမျှ၊ အခု လိမ်ရာပါတွေ ပြန်ပေးရ၊ ထွက်ပြေးနေရတော့ ဘာဖြစ်သေးလဲ"

***"ဘာမှမဖြစ်ပါဘူး၊ ရှိတာလဲပြောင်ရော၊ မျက်နှာမှာ ကျပ်မိုးစွဲနေတဲ့ အိမ်မြှောင်အခြောက်လား မှတ်ရ၊ မျက်နှာမွဲသွားလိုက်တာ"***

အဲဒီလိုပြောပြီး ရယ်လိုက်၊ ဆက်ပြီး ပြောလိုက်နဲ့ နေလိုက်ကြတာ ဈေးကို သူတို့ ရောက်သွားတော့ ဈေးကွဲသွားပြီ။



မိုးရာဇာအောင်

## အရှက်မရှိတဲ့ သရက်စေ့

**"စားစရာမရှိပေမယ့် လျော်စရာတော့ ရှိရမယ်"** ဆိုတဲ့ စကား အတိုင်းပါပဲ။ ခိုးရာလိုက်ပြေးတဲ့ သမီးမိန်းကလေးကို ယောကျ်ားလေး ဘက်က လာအပ်တော့ လက်ခံရတယ်။ နေ့ကောင်းရက်သာ ရွေးရ တယ်။

**ယောကျ်ားလေးဘက်က ဘယ်ရွှေ့ဘယ်မျှ အကုန်ခံပါ့မယ်၊ ပြောသွားပေမယ့် မိန်းကလေးရှင်က တစ်ပြားမှ အကုန်မခံဘဲ ငုတ်တုတ် ထိုင်နေလို့ ကောင်းပါ့မလား။ သမီး မျက်နှာငယ်မှာပေါ့၊ တစ်ဖက်က မေးငေါ့မှာပေါ့။ ဒါပေမယ့် ကုန်ကျစရာ ငွေကြေးမရှိတာ ခက်တယ်။**

အကြံရခက်နေတုန်း အိမ်နီးချင်းတစ်ယောက်က အကြံပေးတယ်။

***"မသောင်းရီရဲ့ သမီး မင်္ဂလာဆောင်တုန်းက လုပ်သလို လုပ်ပါ လား၊ သူတို့အနေနဲ့ ဖိတ်ရင် လူငါးဆယ်ပြည့်အောင် လာမှာမဟုတ် တော့ အပေါင်းအသင်းများတဲ့ လမ်းထဲက လူတစ်ယောက်ရဲ့ တူမလို့ ဖိတ်စာနဲ့ လိမ်တာမျိုးလုပ်ပေါ့"***

ဒီအခါမှာ ကာယကံရှင် အမျိုးသမီးက...

***"နောက်မြီးဆွဲအလုပ်တော့ မလုပ်ရဲပါဘူးရှင်၊ သူတို့ကတော့ အရှက်မရှိတဲ့ ဘဝမှာ သီဟိုဠ်သရက်စေ့လား မှတ်ရတယ်ရှင်"***

အကြောင်းသိ အစင်းသိတွေ ဖြစ်တဲ့အတွက် ရယ်လိုက်ကြတာ တစ်အားပါပဲ။

## သိဒ္ဓိပြီးသော နွားကြီး

**လူ့စိတ်နဲ့ မျောက်စိတ် အတူတူပဲဆိုတဲ့စကား အလွန်မှန်တာပဲ။ ကြည့်လေ။ ကိုယ်က သမီးပေးရတုန်းကတော့ "လင်နဲ့ ချွေး မကျေး**

**နဲ့" ဆိုတဲ့ စကားပုံရှိတယ်လို့ သမီးကိုဆုံးမတယ်။ လင်ကိုနိုင်ရတယ်။ သူ့ဘက်ကို နည်းနည်းကျွေးပြီး ကိုယ့်ဘက်ကို များများပေးရမယ်လို့ ဩဝါဒပေးတယ်။**

**ဟော... ကိုယ်က သားပေးရတဲ့အခါကျတော့ ဖြစ်လာပြန်ပြီ။ မယားဆိုတာ ကိုယ်က ရှာကျွေးတာမို့ ရသမျှ အကုန်မအပ်နဲ့။ မယား ဘက်ကို နည်းနည်းပေးပြီး ကိုယ့်ဘက်ကို များများပေးရတယ်၊ ပေးလိုက် တဲ့ ဩဝါဒတွေ။**

ဒါပေမယ့် သားက မလိုက်နာပါဘူး။ မယားဖို့ သုံးထောင်တန် လုံချည် (၅) ထည် ဝယ်လာတာတောင် အမေ့ဖို့ လက်ဖက်ငါးမူးဖိုး မပါဘူး။ အဲ့ဒါတွေသိတော့ မအေက ဆွေ့ဆွေ့ခုန်တယ်။

တစ်နေ့မှာ အိမ်ကို သားရောက်လာတယ်။ သားကိုကြည့်တော့ လည်း ဝဝဖြိုးဖြိုး မရှိရှာဘူး။ အဲဒါကြောင့် မိခင်က ဟောဒီလိုပြော တယ်။

***"မအေ့အိမ်ကိုတောင် တစ်လတစ်ခါ မလာနိုင်အောင် မှိုင်းမိနေ တယ်မဟုတ်လား။ နင့်မယားက နင့်ကို ထမင်းတောင် ဝအောင်မကျွေး ဘူး၊ ဘယ်ကျွေးမလဲ, နင့်ကို အဟာရသိဒ္ဓိပြီးတဲ့ နွားကြီးမှတ်နေတာကိုး"*** တဲ့။

အပြောခံရတဲ့သားနဲ့ အိမ်ရှိလူကုန် အားရပါးက ရယ်ကြတယ်။

# ကျိန်စာမိတဲ့ သစ်

သစ်ဆိုင်တွေက ပျဉ်အမျိုးမျိုး၊ သစ်အမျိုးမျိုး ရောင်းသူများ အနေနဲ့ ဝယ်သူကို စောင့်မျှော်နေကြပုံက ကတွတ်ပေါက်က ကျဆင်း လာမယ့် ငါးစောင့်တဲ့ ဗျိုင်းများအတိုင်းပါပဲ။

သူတို့ရဲ့ သစ်တွေက ကိုင်းဖျားကိုင်းနားက ထွက်ရှိလာတဲ့ အသားလည်းပါတယ်။ အိမ်ဟောင်း တိုင်ဟောင်းတွေကို ပြန်လည်ခွဲစိတ်၊ အပေါက်အနာကို လွှစာမှုန့်သိပ်ထားတာလည်းပါတယ်။

ဒါတွေကို သိတဲ့လူတစ်ယောက်ဟာ မလွှဲမရှောင်သာတဲ့အတွက် ပုဂ္ဂလိက သစ်ဆိုင်ကိုလာပြီး ပျဉ်ဝယ်ရတယ်။ ပျဉ်တွေကိုရွေးတယ်။ စိတ်တိုင်းမကျပေမယ့် မတတ်နိုင်ဘူး။ ဝယ်ရတော့မှာပဲ။

"တစ်ပေ ငါးရာကျပ် များပါတယ်၊ လျှော့ပါဦး"

"လျှော့လို့မရဘူး၊ တစ်ပေမှ ငါးကျပ်လောက်ပဲ စားရတာပါ၊ သစ်တွေက အကောင်းစားတွေမို့ လျှော့လို့မဖြစ်ဘူး"

***"အမယ်လေး အကောင်းစားသစ်တဲ့၊ ဒီဘက်ထိပ်ကတော့ (၆) ငါးမူး၊ ဟိုဘက်ထိပ်ကတိုင်းရင် (၆) တစ်မတ်ပဲရှိတယ်၊ ဘယ်ပဒ္ဒလက်အတတ်နဲ့ ကျိန်စာမိပြီး အခုလိုဖြစ်ရပါလိမ့်ဗျာ"***

# ကြောင်ကိုလိုက်သောခွေး

မင်္ဂလာဈေးထဲက နှစ်ယောက် ဖုန်နီနီတွေကို တိုးဝှေ့ပြီး ထွက်လာကြတယ်။ နေပူလွန်းလို့ နီးရာသစ်ပင်ရိပ်အောက်ကို ပြေးဝင်တဲ့အခါ ရောက်နှင့်နေတဲ့ လူသုံးယောက်ထဲက တစ်ယောက်က ဆီးမေးတယ်။

"မနေ့ညတုန်းက မစန်းမြင့်တို့အိမ်မှာ ဘာဖြစ်တာလဲ။ စကားပြောသံတွေ ကြားရတယ်၊ ထမကြည့်ဖြစ်ဘူး"

ရောက်လာသူ နှစ်ယောက်ထဲက ပုပုပိန်ပိန်က လူက ဖြေတယ်။

"ဒါလောက် ပြောဆို သတိပေးနေတဲ့ကြားက ဗွီဒီယိုအပြာတွေ ပြတယ်"

"ညတုန်းက ကားထုတ်မိလား"

*"မိတာပေါ့ကွာ၊ ဖဲသုံးချပ်သမားလားမှတ်ရ။ ဟိုဇုက် ဒီဇုက်နဲ့၊ ဒါပေမယ့် ပေါ်တာပါပဲ၊ ထွက်ပြေးလိုက်တဲ့လူတွေဆိုတာ ကြောင်ကို ခွေးလိုက်နေသလားမှတ်ရ၊ တဝုန်းဝုန်း တရုန်းရုန်းနဲ့ ညံနေတာပဲ"*

## ခွကျတဲ့သူများ

ဒီတိုက်ခံအိမ်ကလေးက လှတယ်။ ရပ်ကွက်ကလည်း သန့်တယ်။ နေရာထိုင်ခင်းကလည်း အကွက်အကွင်းကျတယ်။ ဒါကြောင့် လိုချင်သူတွေပေါတယ်။ မရောင်းပါဘူး နေဖို့ဆောက်တာပါ၊ ဖြေလိုက်သားနဲ့ သုံးခွဲတဲ့။ အိမ်ရှင်ကတော့ မရောင်းပါဘူးဘဲ ဖြေလိုက်တယ်။ တစ်ပတ်လောက်အကြာမှာ ဘိလပ်မြေပွဲစား ရောက်လာတယ်။

"ဆရာ့အိမ်ကိုလေ မေးချင်တဲ့သူ ရှိနေတယ် ဆရာ"

အိမ်ရှင်က ခေါင်းခါလိုက်ပြီး…

*"အတော်ခွကျတဲ့သူတွေပဲ၊ မကြိုက်ပါဘူး၊ ငြင်းနေတာကို နေ့ကောင်းရက်သာရွေးဖို့ လူကြီးတွေ ဘယ်နေ့လွှတ်ရမလဲ မေးသလိုပါကလား။ ပြောင်လိုက်တဲ့ မျက်နှာတွေရယ်၊ မှန်ကို ဆီသုတ်ထားသလား မှတ်ရကွယ့်"*

ရွှံ့မှုန့်ကို ဘိလပ်မြေလုပ်ရောင်းတဲ့လူ ထပြေးတော့မှ အားပါးတရ ရယ်ကြတယ်။

## ဗိုင်းကောင်းကျောက်ဖိ

ရပ်ကွက်တစ်ခုရဲ့ လမ်းထိပ်က အသုတ်စုံဆိုင်မှာ လျှာကြီးတွေ ထုတ်ထုတ်ပြီး မိန်းတွေ အသုတ်စုံ စားနေကြတယ်။ ဟင်းရည်ပေးပါဦး၊

ငရုပ်သီးမှုန့်က ကောင်းလိုက်တာ, ခေါက်ဆွဲတစ်ပွဲဆိုတဲ့ အသံတွေနဲ့ အတူ အတင်းပြောသံတွေကလည်း လူရိပ်လူကဲခတ်ပြီး ထွက်နေတယ်။

ထွက်နေတဲ့ စကားတွေကလည်း အကောင်းမပါဘူး။ လင်ရှိ မိန်းမတွေ ဖောက်ပြန်ပုံ၊ လင်မဲ့ မိန်းမတွေ သိက္ခာမဲ့ပုံ အစရှိတာတွေ ကြီးပါပဲ။ ဒါနဲ့ ဆိုင်ရှေ့က ကျောင်းလွယ်အိတ်လွယ်ပြီး ဖြတ်လျှောက် သွားတဲ့ မိန်းကလေးတစ်ယောက်အကြောင်း ရောက်သွားတယ်။

*"ဘယ်သူတွေ ဘာဖြစ်နေနေ၊ ဒါလေးကျတော့ မိုင်းကောင်း ကျောက်ဖီတဲ့"*

*"ဟုတ်ပ၊ သူကလေးကျတော့လည်း ပိပြားလိုက်တာ လမ်းကြိတ် စက်နဲ့ ကြိတ်ထားတဲ့ ဖလင်ခေါက်ပြားလားမှတ်ရရှင့်"*

လို့ တစ်ယောက်က ထောက်ခံလိုက်တဲ့အတွက် ရယ်သံတွေ ညံနေတယ်။



## ကောင်းခြင်းမင်္ဂလာ

အအေးဆိုင်ကို လူတစ်ယောက် ဝင်လာတယ်။ ထောပတ်သီးဖျော်ရည် တစ်ခွက်မှာပြီး ထိုင်တယ်။ တော်တော်နဲ့ ရောက်မလာတော့ "ဘယ်လိုလဲဗျ။ ထောလပတ်ပင်စိုက်ဖို့ မျိုးစေ့သွားရှာတုန်းပဲလား" တဲ့။ လှောင်တယ်။

ဒါပေမယ့် ရောက်မလာပါဘူး။ ဟိုဟာခပ် ဒီဟာကော်နဲ့ ခလောက်လို့ အားရတော့မှ လာချပေးတယ်။ အားရပါးရ ငုံ့သောက်လိုက်ချိန်မှာ–

"အချို… အလေး… အပေါ့ ကြိုက်သလို ပြောပါဆရာ"

***"မလိုပါဘူးဗျာ၊ အမယ်မင်း ကောင်းလိုက်ပုံနှယ်၊ ဖျားရည်မြစ်ထဲမှာ ဖာလူဒါသောက်ပြီး မိုးပေကိုရဲ့အကာကို ကြည့်နေရသလိုပါပဲလားဗျာ"***

ဆိုင်ရှင်က ဟက်ဟက်ပက်ပက် ရယ်ရသလို၊ တခြားလူတွေလည်း ရယ်တယ်။

## ကောက်ချက်ရယ်က …!

ရေဘုံဘိုင်မှာ တန်းစီထားတဲ့ ပုံးတွေက မနည်းပါဘူး။ အစုတ်တွေလည်းပါရဲ့၊ အကောင်းလည်းပါရဲ့။ ပိုက်ခေါင်းထဲကရေက ချည့်နဲ့နဲ့ကလေး ကျနေတယ်။ နေရိပ်ရတဲ့ နေရာမှာ လူတွေသွားစုနေကြတယ်။ ရေပြည့်ခါနီးတဲ့ ရေပုံးပိုင်ရှင်အနေနဲ့ အရိပ်ထဲက ပြေးထွက်သွားတယ်။ အဲဒီအခါ မိန်းမပျိုကလေးတစ်ယောက်က…

***"ဖြည်းဖြည်းသွားပါဟယ်၊ ဖင်ကောက်ကြီးနဲ့ပြေးတာ ကြည့်မကောင်းပါဘူး၊ တကတည်း ကောက်လိုက်တဲ့ဖင်၊ မုန့်လက်ကောက်***

ကျနေတာပဲ” လှမ်းအော်ရတယ်၊ ရယ်သံစဲအသွားမှာ အပြောခံရတဲ့ မိန်းကလေးက...

*“ငါကောက်တာ ဘာဟုတ်သေးလဲ၊ ကဝက်ကင်းက ငါ့အဒေါ်ရဲ့ ဖင်ကောက်လိုက်ပုံများ အိုးဆိုင်ဖွင့်လို့ရတယ်ဟဲ့”*

တဝါးဝါး၊ တဟားဟားပါပဲ။



“နတ်သမီးနှင့်တွေ့ပြီးမှ နတ်သမီးကွယ်သွားသဖြင့် ဘုရင်တစ်ပါးရူးဖူး၏။ အောင်မောင်း တစ်ယောက်ကား မရူးသေးသော်လည်း အမိပွါယ်ကင်းမဲ့စွာဖြင့် သူ့ရှေ့မှ စပါးထည့်ထားသော ပုတ်ကြီးကို စိုက်ကြည့်နေမိလေသည်။ ဘဝ၏ဆန်းကြယ်မှုတို့ကြောင့် မပိုင်ဘဲနှင့် ဝက်မွေးခဲ့လေရာ အချိန်ကြာမြင့်လေသော် ထိုဝက်ကြီးကို သံယောဇဉ်တွယ်မိချေပြီ”

# လင်ပဒေသာပင်

တချို့ရပ်ကွက်က အိမ်တွေရှေ့မှာ ခုံတန်းကလေးတွေ ရိုက်ထားတယ်။ ဒီခုံတန်းတွေဟာ ကောင်းတာရော၊ မကောင်းတာရော မြင်ရကြားရတယ်။ တစ်ခုသော ညနေမှာ မိန်းမတစ်စုဟာ နှစ်အိမ်ကျော်ခုံတန်းတစ်ခုကို လှမ်းကြည့်နေကြတယ်။ ရုတ်တရက် မိန်းမတစ်ယောက်က အလန့်တကြားနဲ့ ပြောတယ်။

"မြင်လား... မြင်လား လှဝင်းသမီး အကြီးမ၊ ဘယ်လိုဖြစ်တာလဲ"

"အဲဒါ ဘာဖြစ်လဲ၊ တော့်မှာ အခုမှ အဆန်းလုပ်နေ၊ ကျွန်မတို့ဖြင့် မျက်စိရှက်လို့ တစ်ဖက်ကို လွှဲနေရတယ်"

ဒီအခါ ပထမစတင်တဲ့ အမျိုးသမီးက...

***"ဟုတ်လား၊ ရှင်ဘို့မယ်တစ်သက်၊ မင်းဆက်ကငါးသွယ်ကို အားကျပြီး လင်ပဒေသာပင် သီးတယ်ပေါ့လေ၊ အံ့ပါရဲ့ဟယ်၊ အိမ်ရှေ့မှာ "ရောင်းသည်"လို့သာ ဆိုင်းဘုတ်ချိတ်လိုက်ပါတော့"***

ဟိုနှစ်အိမ်ကျော် အိမ်ရှေ့မှာရှိတဲ့ ခုံတန်းကကြားအောင် တအားရယ်ကြတယ်။

# အချိုဆုံးဖရဲသီး

သစ်ပင်ရိပ်ကောင်းရင် သူ နေရာယူထားတယ်။ သစ်ပင်ရှားတဲ့နေရာဆိုရင် တဲထိုးပြီး နေရာယူထားတယ်။ အဲဒါ ဘာလဲသိလား။ ဖရဲသီးလေ။ တောင်ပုံရာပုံ ဖရဲသီးတွေကို လူတွေက တအားစားကြတယ်။ ခွဲစိတ်ပြီး လည်ရောင်းတာကို ဝယ်စားရတာ မကျေနပ်လို့ အလုံးလိုက် လာဝယ်ကြတယ်။

ရောင်းသူက ဘာအခိပ္ပာယ်မှန်း မသိဘူး။ ခေါက်ကြည့်ပြီး "ဒီ အလုံးယူ၊ ဒီအလုံးကောင်းတယ်"လို့ပြောတယ်။ ဝယ်တဲ့ မိန်းမလှက–

"ကောင်းတယ်ဆိုလို့ ဝယ်သွားပြီး ခွဲပြီးစားမလို့ မချိုတော့ ဘယ်လိုလုပ်မလဲ"

"မချိုမှာ မပူနဲ့၊ စားမိတဲ့အခါကျတော့မှ အမယ်လေး ချိုလိုက်တဲ့ ဖရဲသီးရယ်၊ ဆေးသကြားတွေ ဘယ်နှစ်ပိဿာတောင် ထည့်ထားပါလိမ့်၊ အော်ယူရမယ်"

မိန်းမလှလေး တခစ်ခစ်ဖြစ်တာ ကြည့်ပြီး ဒီပြင်လူတွေလည်း ရယ်နေကြရတယ်။

## ကူးတို့ခပင် မရှိပါ

အနော်ရထာလမ်းရဲ့ တောင်ဘက် (၃၄) လမ်းကလေးထဲက လက်ဖက်ရည်ဆိုင်ရှေ့မှာ လူတွေ စည်ကားနေတယ်။ သော့တွဲကလေး ရှေ့မှာချလို့တစ်ဖုံ၊ လက်မှာဃမ်းလို့ တစ်ဝ။ ပြောလိုက်ရင်လည်း သိန်းစကားက အောက်ကမဆင်း။

နဖူးပြောင်ပြောင် အသားညိုညိုနဲ့လူက တစ်ဖက် စားပွဲမှာရှိတဲ့ တစ်ယောက်တည်းသမားကို လှမ်းမေးတယ်။

"မင်းကားကို ငါ ကြိုက်တယ်ကွာ ထုမလား"

တစ်ယောက်တည်းသမားက ခေါင်းခါပြသည်။

"ဒီလိုဆို မနေ့က စီးလာတဲ့ဟာကလေး ရောင်းပါလား"

"မိန်းမစီးဖို့ ထားတာပါကွ၊ မရောင်းပါဘူး"

"အသစ်တစ်စီး ဝယ်ပေါ့ကွာ"

“တော်စမ်းပါကွာ၊ မင်း မေးလိုက်ရင် သုံးသိန်းတန်နဲ့ လေးသိန်းတန်ချည်းပဲ၊ အိတ်ထဲမှာကြည့်တော့ ကူးတို့ခတောင် မပါဘဲနဲ့”

ရယ်သံကြီး ဝေါခနဲ ပေါ်လာပေမယ့် အပြောခံရသူက ဣန္ဒြေမပျက်ပါဘဲ။



“အရှင်ဘုရား ...စာပြန်ပွဲအတွက်သွားတာ ရက်နှစ်ဆယ်သာ ကြာလို့ပေါ့ဘုရား။ နောက်ထပ် ဆယ်ရက်လောက်သာဆို ပခန်းတစ်ရွာလုံး တရားတွေရကုန်ကြလို့ အရှင်ဘုရားပြန်လာရင် တစ်ရွာလုံး ကတုံးချည်းရှိမှာပါဘုရား။ ဒီလိုမဟုတ်ဘဲ ဆက်ပြီး နှစ်ရက် လောက် ဆက်ကြာနေရင်တော့ အကျွတ်တရားတွေရပြီး နိဗ္ဗာန်ရောက်ကုန်ကြလို့ အရှင်ဘုရားနဲ့ တောင်တွေ့ခွင့်ရလိမ့်မယ် မထင်ဘူး ဘုရား”



"ဒါဆိုရင် သတိကြီးကြီးထား ထားပေတော့၊ အလီဘာဘာနဲ့ တောက်ပြားရဲ့ မျိုးဆက်ကို ဇာတာနက္ခတ်နဲ့ ခန့်မှန်းပြီးတော့ ရွေးလာတာ၊ တခြားလူဟုတ်ရိုးလား… ဒီကောင်ကိုပြောတာ၊ ကျုပ်တောင်ကြောက်လွန်းလို့၊ ဒီကောင်ရှိရင် စကားပြောတာတောင် ရွေးရင်းပါ ပစ္စည်းကို လက်နဲ့အုပ်ပြီးမှ ပြောရတယ်ခေါင်၊ မပေါက်လို့ ဦးစရာမရှိလို့ ဖြတ်ခိုးသွားရင် မခက်ပါလား"




# မင်းသမီးကိုသာ ယူပါကွယ်

လှတောရွာ အရှေ့ပိုင်းမှ ကိုရင်သာဝမှာ မလေးရှားသို့ ရောက်ခဲ့သည်မှာ တစ်နှစ်မပြည့်သေးချေ။ အိမ်သို့ ငွေနှစ်ကြိမ်ခန့် တင်ပို့ပြီးနောက် သုံးကြိမ်မြောက် တင်ပို့သောအခါ၌ မိခင်ကြီးထံသို့ သီးခြားပေးပို့သော စာတစ်စောင် ပါရှိလာလေသည်။

စာပါအကြောင်းအရာတို့မှာ ရိုးရိုးလေးသာ ဖြစ်ပါ၏။

သို့...

မာတာမိခင် ကျေးဇူးရှင်

အမေဆိုလည်းဟုတ်၊ အဖေဆိုလည်းဟုတ်သော မိခင်ကြီးခင်ဗျား၊ လက်ဆယ်ဖြာမိုး၍ ရှိခိုးပြီး ဦးခိုက်ပြီး သားမောင် အသိပေးရင်ဖွင့်လိုက်ပါတယ်။သားမောင်ရွာမှာရှိစဉ်ကတည်းက ရွာတောင်ပိုင်းက ဒေါ်မယ်တင် သမီးလေးကို မေတ္တာသက်ဝင်

စုံမက်မိပါသည်၊ဒီအတိုင်းဆိုပါက နတ်သမီးတမျှ လှပသော သူမ၏ အဆင်းရူပကာကြောင့် သူတစ်ပါးလက်ဦးရန် သေချာသလောက် ရှိနေပါသည်။ သားမောင်ပြန်ရောက်သည့်အချိန်ထိ ခံမည်မထင်ပါ။ ဤအရေးကြောင့် အမေနှင့် မိဘချင်းနီးစပ်မှုလည်းရှိသည်ဖြစ်ပါ၍ မိဘတို့ ဝတ္တရားအတိုင်း စကားကမ်းလှမ်း၍ ကိုယ့်ဘက်က အပိုင်ဖြစ်အောင် စီစဉ်ထားပေးပါခင်ဗျား။

ဘုရား၌ ရှိခိုးဆုတောင်းရင်း အမေကြီးစာကို စောင့်ပါမည်။ ကောင်းသတင်းဖြင့် စာမပြန်မချင်း သားမောင် အိပ်ပျော်နိုင်မည်မထင်ပါ။

အမေကြီးသား

သာဝ

ဝေဠုမလေးရွာ

စာကိုဖတ်ပြီးလျှင်ပြီးချင်း မိခင်ကြီး၏ ရင်ဘတ်စည်တီး၍ ဟာစ်ကြွေးပုံမှာ ဤသို့ဖြစ်လေ၏။

"အလိုလေးလေး, ဖြစ်ရလေကွယ်... လူလေးကြီးရဲ့၊ မင်းအိပ်မပျော်တာကိုတော့ ကြက်ဟင်းခါးသီးနဲ့ ငွေးတောက်ရွက်တွေ အမေလူကြုံနဲ့ မကြာမကြာ ပို့ပေးပါ့မယ်ကွယ်။ မယ်တင်သမီးလေးကိုယူလို့ကတော့ ဝေသာလီပြည် ဘီလူးမ, ဝင်သလို နေမှာပါပဲအေ။ ပလိုင်းပေါက်နဲ့ ဖားကောက်ရင် ဘာကျန်တော့တာမှတ်လို့၊ ဟိုကနွားကြီး ပို့လိုက်တဲ့ငွေက သူဖြုန်းတာနဲ့ ကာမိပါ့မလား၊ သူဝတ်တာစားတာနဲ့ ဆင်ယင်ထုံးဖွဲ့မှုက ကျေးတောသူနဲ့မှ မတူဝဘာကလား၊ အင်း... ငါ့သား, အလှမက်ပြီးယူရင်တော့ 'လှတာမက်ရင် ညစာခက်မှာ မဟုတ်တော့ဘူး' ဘဝပါပျက်မယ့်ကိန်းကွယ့်"

***"အလိုလေး, ဝတ်ပုံစားပုံများတော့ မြန်မာပြည်က နာမည်ကြီးမင်းသမီးတွေ မဆိုထားနဲ့, သုဓိတာနတ်သမီးတောင် တမြန်နှစ် သကြိန်ကသိကြားမင်းနဲ့ အလည်လိုက်လာပါရောလား၊ နတ်သမီးဆိုတော့ သူ့***

***လောက် မြို့ထည်များတာ လူ့ပြည်မှာ မရှိလောက်တော့ဘူးပေါ့။ ရွှေဘို၊ မန္တလေးတောင် သုဓိတာ မရောက်ရှာပါဘူး။ သည်ကောင်မ ဝတ်ပုံစားပုံကိုလည်းမြင်ရော ငါ့ထက်အပုံကြီး သာပါကလားဆိုပြီး သုဓိတာ တစ်ယောက် ရှက်လို့ မဆင်းဝံ့တော့ဘူး"*** ဟု ဆိုလိုက်လေရာ ဘေးမှ အစ်မဖြစ်သူ၏ လေပင့်စကားသံလေးကလည်း ဤသို့ဖြစ်လေ၏။

"ဒီလိုတော့လည်း ဟုတ်ပါ့မလားအေ၊ ဒီကောင်မက နတ်သမီးတောင် ရှုံးတယ်ဆိုရင်တော့အေ၊ မပေးစားမါနဲ့။ ရန်ကုန်က နာမည်ကြီးမင်းသမီးတစ်လက်နဲ့သာ အမြန်ဆုံးရှာပြီး ပေးစားပါတော့။ ဒါမှ တို့လှတောရွာလည်း နာမည်ကြီးသွားမယ်၊ ငါလည်း မသေခင် မင်္ဂလာဆောင်လာတဲ့ နာမည်ကြီး မင်းသားမင်းသမီးတွေကို တစ်ဝကြီးကြည့်ရမှာအေ့"ဟု ထောက်ခံပြောဆိုနေလေရာ ကြားရသူအပေါင်းတို့မှာ မစားရဝ့ခမန်း ပြောနေကြသော မုဆိုးမ ညီအစ်မကိုကြည့်၍ ရယ်သံများမှာ အတောမသတ်နိုင်တော့ချေ။



## မလေးရှားရောက် ဇူဇကာ

ကွာလာလမ်ပူမြို့၏ ညဈေးတန်း တစ်နေရာတွင် လှတောသား အပါအဝင် မြန်မာပြည်သားတစ်စုတို့ ဘူဖေးထမင်း သုံးဆောင်နေကြသည်။

ထိုခဏ၌ လှတောသားမှာ သူ့ဝသီအတိုင်း ရှေ့စားပွဲဝိုင်းမှ ဆူဖြိုးလှသော မလေးကုလားကြီး၏ စားသောက်ပုံကိုကြည့်ရင်း ဤသို့ မှတ်ချက်ပြုလေ၏။

***“အလိုလေး, စားလှတဲ့ မုတ်ဆိတ်ကြီး ပန်းကန်ထဲမှာက မကုန်သေးဘူး၊ ဘေးမှာလိုက်ပွဲကမှာပြီးပြီ၊ သူ့ဗိုက်ကဖြင့် နေ့ချေလချေ အမြှာပူးဗိုက်ကို လေထိုးထားသလို ဖြစ်နေပြီ။ ဧကန္တ တော့ ဝေဿန္တရာဇာတ်တော်ထဲက ဇူဇကာပုဏ္ဏားဟာ ဖုတ်ဝင်ပြီး မလေးရှားကို ရောက်လာပြီထင်ပါရဲ့”***ဟု ဆိုလေရာ ဘေးမှ မြန်မာပြည်သားအပေါင်းတို့မှာ ရယ်မောကြရင်း ထမင်းသီးသူက သီးကုန်ကြလေသတည်း။

## အုံးလွဲနေသောအတိုင်ဒွား

ပခန်းရွာသား ချက်ကြီးမှာ မလေး၌ သုံးနှစ်သုံးမိုးနေခဲ့ပြီးနောက် ရွာ၏ အရိပ်အာဝါသအောက်သို့ တဖန်ပြန်လည် ခိုလှုံခဲ့သူဖြစ်လေသည်။ ***“မြိုးမြစ်ခြွေတာခြင်းသည် မင်္ဂလာတစ်ပါးမည်၏”*** ဟူသော မြတ်ဗုဒ္ဓ၏ တရားတော်နှင့် လျော်ညီစွာ သုံးနှစ်တာကာလ၏ ကြိုးစားအားထုတ်ခြင်း အသီးအပွင့်အဖြစ် သုံးကျပ်သားခန့်ရှိ အခေါက်ရွှေကြိုးကြီးက လည်၌ ဝင့်ကြွားစွာ နေရာယူထားလေသည်။

ရွာခလေ့ အကျႌဝတ်လေ့မရှိသော ချက်ကြီးတစ်ယောက် ရွှေဆွဲကြိုးကြီး တကားကားနှင့် အပျိုမတစ်သိုက်ကြား စန်းပွင့်နေပုံကို မြို့မှ အကျႌကောင်းကောင်းများ ဝယ်ဝတ်ထားသော်လည်း ချက်ကြီး၏စန်းနှင့် ယှဉ်လိုက်ပါမူ မဟာသမုဒ္ဒရာနှင့် ဗွက်ငယ်လေးပမာ အကွာခြားကြီး ကွာခြားနေပုံကို ကာလသားအချင်းချင်းက တိုးတိုးရင်ဖွင့်ကြလေ၏။

***"ကိုရင်ချက်ကြီးတို့ မျက်နှာပွင့်လိုက်ပုံများတော့ အကျႌမပါတာတောင် လုံမတွေ အုံနေလိုက်ပုံများ ဆဒ္ဒန်ဆင်မင်းကို ဆင်မတွေ ဝိုင်းနေတာကြနေတာပဲ"***ဟု ဆိုလိုက်လေရာ မနာလိုသူတစ်ဦးကမူ ဤသို့ ဝေဖန်ချက်ပေး၏။

"ချက်ကြီးက အရင်ကဖြင့် ခေါင်းကြီးက ဒီလောက်တော့လည်း မမော့ဘူးဟ၊ အခုများမှ ဆွဲကြိုးကြီးအရှိန်နဲ့ ဖြစ်နေလိုက်ပုံများ ငါ့ အိမ်ကအတိုင် နွားကြီး အုံးလွဲနေတာကျနေတာပဲ"ဟု ဆိုလိုက်လေရာ နားထောင်နေသော ကာလသားတို့၏ ရယ်မောသံများဖြင့် ဆူညံသွားလေသည်။

## အဖေကျော်မလာတဲ့ နတ်ကန္နားပွဲ

**လှတောရွာသား ကိုဟာတီးစ်၏ ကြက်ဝါသနာကား ကြီးလှသည်။** မလေးရှားမှ ပြန်လာခိုက် နားနေသည့်အခါသမယမို့ အိမ်ပေါက် ကြက်ကလေးများ၏ ခွပ်လက် (အရည်အသွေး) ကို မြင်တွေ့ချင်လှပြီ။

ယနေ့တွင် သူ့ဆန္ဒကား ပြည့်ဝချေပြီဟု ဆိုရမည်။ သူ့အိမ်မှ ကြက်ပေါက်ကလေးတစ်ကောင်နှင့် နယ်ကျော်လာသော သုံးအိမ်ကျော်မှ ကြက်ကြီးတစ်ကောင်တို့ အပြင်းအထန် ခွပ်ကြရာ သူ့ကြက်ဖကလေးမှာ လှလှပပ အနိုင်ရလိုက်လေ၏။ ဤအကြောင်းကို အိမ်ဝိုင်းအတွင်းသို့

လာသည့် လူမှန်သမျှကို စုံစေ့စွာ အသေးစိတ် ပြောပြနေလေရာ တစ်ပတ်ဆယ်ရက်ခန့် ကြာညောင်းသော်လည်း ထိုအကြောင်းအရာမှာ ပြော၍ မပြီးနိုင်သေးချေ။

ဤသည်ကို စိတ်မရှည်တော့သော ဘကြီးဖြစ်သူ၏ ရင်ဖွင့်ပုံကလေးမှာ ဤသို့ဖြစ်လေ၏။

*"ဟဲ့… ကြက်ဆိုမှကြက်၊ ဤမြို့မှာ နိုင်သူမရှိတဲ့ ကိုတာတီးရဲ့ကြက်"*

*"အလိုလေး… တော်ပါဦးကွဲ့, တာတီးရဲ့၊ ကြည့်ရတာ မင်းကြက်ကို လူ့ပြည်က ကြက်မဆိုထားနဲ့, ပခန်းနတ် ကိုကြီးကျော်ကြက်ကတောင် ခွပ်လို့နိုင်မှာ မဟုတ်ဘူး၊ မင်းလုပ်နေပုံက ခေါင်းရင်းအိမ်က မနက်ဖြန်နတ်ပွဲကို ကိုကြီးကျော် (အဖေကျော်) နတ်တောင်ပင့်လို့မှ ရပါ့အုံးမလားကွယ်၊ အဖေကျော့်ခမျာ မင်းကြက်ငှီကာကို ကြောက်လို့ ပခန်းကနေ လှတောကိုတောင် ကြွပါတော့မလား မသိဘူး"* ဟု ဆိုလိုက်လေရာ အိမ်ဝိုင်းအတွင်း ရယ်မောသံများဖြင့် သောသောညံသွားလေသည်။

## ဒါလေးတော့ ချမ်းသာပေးပါ

လှ တော့သားတစ်ယောက်မှာ ပွဲလေးသွားရန်အတွက် ပွဲစားမှ စီစဉ်ထားရာ ယခင်က ခြေဆော့လက်ဆော့ရှိသည်ဟု နာမည်ကြီးခဲ့သော ပခန်းသားတစ်ယောက်နှင့် တစ်သုတ်ထဲ အတူကျရောက်နေလေသည်။ ဤသည်ကို လှတောသူနှင့် အကြောင်းပါသူ ပခန်းသားဆွေမျိုးနီးစပ်တစ်ဦးက ဤသို့သတိပေး၏။

*"အလိုလေး, ဒါဆိုရင် သတိကြီးကြီးသာထားပေတော့၊ အလီဘာဘာနဲ့ တောက်ပြားရဲ့ မျိုးဆက်ကို စောရနက္ခတ်နဲ့ စန်းယှဉ်ပြီးတော့ မွေးလာတာ၊ တခြားလူဟုတ်ရိုးလား, ဒီကောင်ကိုပြောတာ၊ ကျွပ်တောင် ကြောက်လွန်းလို့၊ ဒီကောင်ရှိရင် စကားပြောတာတောင် မွေးရင်းပါ ပစ္စည်းကို လက်နဲ့အုပ်ပြီးမှ ပြောရဲတယ်မောင်၊ မတော်လို့ မိုးစရာမရှိလို့ ဖြုတ်မိုးသွားရင် မခက်ပါလား"*ဟု ဆိုလိုက်လေရာ နားထောင်နေသူတစ်စုမှာ အတိုင်းထက်အလွန် ရယ်မောကြကုန်၏။

# မင်းကတော်လေးပါနော်

လှ တောရွာသူ မယ်တင်တွင် တစ်ဦးတည်းသော သမီးချောလေး ရှိပြီး ဘယ်သူနဲ့မှ မတူဘူး၊ မတန်ဘူးဟု အမြဲအသာစီးပြောလေ့ရှိသူ ဖြစ်သည်။ နဂိုကတည်းကမှ အစွဲအလန်းကြီးသူတစ်ယောက်ကို ရွာဦးကျောင်းဆရာတော်၏ "မယ်တင်၊ နင် သမီးလေးမွေးလာခဲ့ရင် ကတော် ဆယ်ပါး တစ်ပါးထဲကကွဲ့"ဟု မိန့်ကြားချက်ကလည်း တကယ်တမ်း သမီးလေးမွေးလာလေသောအခါ အရှူးကို ဘုံမြောက်ပေးလိုက်သကဲ့သို့ ရှိလေ၏။

ရွာထဲမှ ငွေရှိ၊ ရွှေရှိ ကြေးရတတ်များ၊ ငွေမရှိသော်ငြားလည်း မေတ္တာအရင်းခံပြီး ချစ်ကြိုက်လွန်း၍ တစ်ပိုင်းသေနေသူများ၊ မလေးရှားပြန် ကိုကိုကာလသားများ၏ မျက်စိစာတတ်လိုက်ခြင်းကို ခံရသူကလေး မှာ မိန်းမချင်း၏ ကဲ့ရဲ့ပြောဆိုမှုကို လူ့သဘာဝအလျောက် မလွတ်ကင်း နိုင်ရှာချေ။

မယ်တင်သမီးလေးနှင့် ပတ်သက်၍ တီးတိုး တီးတိုး သဖန်းပိုး

စကားသံတို့မှာ ဤသို့ဖြစ်သည်။

*"ဟဲ့... ကောင်မတွေ၊ ညည်းတို့ ကြားဖူးလား၊ 'လင်စုံရွေး၊ လင်ခွေးနဲ့ ညားတတ်တယ်' ဆိုတဲ့ ရှေးဆိုရိုးစကား ရှိတယ်အေ၊ ပြောတော့ သူ့သမီးကို မျက်စိအောက်က အပျောက်ခံတာ မဟုတ်ဘူး တဲ့၊ တမြန်နေ့ကများ ပဒန်းက နတ်ကနားပွဲမှာ ကြည့်နေလိုက်ပုံများ၊ အလိုလေး မျက်လုံးကိုပြူးလို့"*

*"ငါထင်တာမလွဲရင်ဖြင့် ဘဘုန်းကြီးပြောတဲ့ ကတော်ဆယ်ပါး တစ်ပါးဖြစ်လိမ့်မယ်ဆိုတာ ကျွန် မင်းကတော် ဟုတ်မယ်မထင်ဘူး၊ နတ်ကိုယုံပြီး နတ်ပွဲတွေ သည်လောက်ကြိုက်နေမှတော့ ကြီးလာရင် နတ်ကတော်ပဲ ကျိန်းသေဖြစ်မှာပဲအေ၊ ပန်းကလည်းကြိုက်တတ်ပါ သဘိနဲ့"*ဟု ဆိုလေရာ အမှားအမှန်ကို ချင့်ချိန်ဝေဖန်တတ်သူတစ်ဦး ကမူ ဤသို့ မှတ်ချက်ပေးလေ၏။

*"ဒီလိုတော့လည်း ဟုတ်ပါ့မလားအေ၊ ဟုတ်တယ်ပဲထားဦး၊ ဒေါ်မယ်တင်ကြီး ဒီလောက်စိတ်ကြီးပုံနဲ့ ရှုးသွားလောက်တယ်အေ၊ ဘုရားရှင်လက်ထက်တော်မှာ မဘဒ္ဒါရှုးတာတော့ ဘာမှဖြစ်တယ်လို့ မကြားမိဘူး၊ ဒေါ်မယ်တင်ကြီး ရှုးသွားလို့ကတော့ သူ့ကို ထိန်းနေရတာ နဲ့ တစ်ရွာလုံး ဝမ်းစာစပါးတောင် ရမှာမဟုတ်ဘူး၊ အလိုလေးလေး မလုပ်လိုက်ပါနဲ့တော်"* ဟု ဆိုလေရာ ဘေးမှ အပျိုမတစ်သိုက်၏ ရယ်မောသံများဖြင့် ဆူညံသွားလေသည်။

**"ပွေ့တက်သောငါးတို့သည် ကြီးတတ်၏။ သတ္တလောက၏ ဖြစ်တတ်သည့် ဓမ္မတာသဘော တစ်ခုပင် မဟုတ်ပါလော...။ ဖွင့်မပြောရသေးသော ယောကျ်ား တစ်ယောက်၏ အချစ်သည် ဆုံးရှုံးမှုကြောင့် မျက်ရည် ဟိုက်ကို မဖန်တီးနိုင်သော်လည်း ရင်တွင်းတွင်ကား မချိချေ"**

# ဖြစ်တတ်တဲ့သဘော

**လှ** တောရွာ အရှေ့ပိုင်းမှ ဘသက်ရှည်မှာ အသက်ရှည်သူလောက် စကားပြောကောင်းသလို စကားကြောကလည်း ရှည်လှသည်။ ရပ်မိရပ်ဖပီပီ လူငယ့်အရေး၊ ရပ်ရွာရေးတို့တွင် သူမပါလျှင် မပြီးချေ။ ရွာထဲမှ လူငယ်တို့ ဘာသာဘာဝ ချစ်ကြိုက်လိုက်ညား ဇာတ်လမ်းများ၊ သဘောမတူညီမှုများတွင် ပြန်လည်စေ့စပ်ရသောအခါ ဘသက်ရှည်မှာ အရပ်ထဲမှ မြားနတ်မောင်ဖြစ်၍ သူမပါလျှင် မပြီးချေ။

တစ်နေ့တွင် သူ၏ ချစ်လှစွာသော တစ်ဦးတည်းသောသမီးကညာ လှဒါလီလေးအား မလေးရှားသွားရန် စိုင်းပြင်းနေသော တခြားရွာမှ ခပ်ကြော့ကြော့ လူငယ်တစ်ဦးမှ ခိုးပြေးသွားလေသည်။

ထိုအခါ၌ သူ၏ နေမထိထိုင်မထိနှင့် ယမ်းပုံမီးကျဖြစ်ရင်း မျောက်မီးခဲကိုင်မိသလို ဖြစ်နေပုံကိုကြည့်ရင်း အကြောင်းသိများက ဤသို့ မှတ်ချက်ပြု၏။

***"ဒီလူကြီး ရွာထဲက လူငယ်စုံတွဲတွေ လိုက်လိုက်ပြေးတုန်းကတော့ ဖူးစာပါလို့၊ ညားတာပါလို့ တို့၊ နဖူးစာဆိုတာ ရှာလည်တဲ့သဘောတို့ လူဆိုတာ သူ့အကြောင်းနဲ့သူတို့၊ လူငယ်တို့သဘာဝ ဖြစ်တတ်တဲ့သဘော နဲ့ စုံနေတာပဲ"***

***"အလိုလေး ... အခု သူ့သမီး နုနုထွတ်ထွတ်လေး ပါသွားတော့ တရားနဲ့ဖြေနိုင်တယ်မှတ်သလား။ ကြားတယ်မို့လား၊ သိန်းဂို(ရ်)ပြည်ကို ဟနုမာန်မျောက်ကြီး မီးတက်ရှို့နေသလား၊ မှတ်ရကွယ်၊ တစ်ရွာလုံး ဆူပွက်နေတာပဲ"***ဟု ဆိုလေရာ ဘေးမှတစ်ဦးကလည်း ဤသို့ ဝင်ရောက်

ထောက်ခံလိုက်လေသည်။

***"ဟုတ်ပ၊ မောင် ... သမီးအေ့နဲ့ ဓာတ်ရုပ်တွေ ပေါ်လာပုံများတော့ ဘုရားလူကြီးနဲ့ မတူတော့ဘူး၊ အလိုလေး ... ဖြစ်နေပုံများတော့ ဒသဂီရိနဲ့ အာဠာဝကဘီလူးနှစ်ကောင် တစ်ပြိုင်တည်း ဝင်ပူးနေသလား မှတ်ရ။ ဒါတောင် ပုဏ္ဏကဘီလူးက ဘေးမှာဝင်ဖို့ အရံသင့်စောင့်နေ ရှာသေး"***ဟု ခပ်ရွဲ့ရွဲ့လေး ဆိုလိုက်လေရာ ဘေးမှ နားထောင်နေသူ လူငယ်တစ်သိုက်မှာ ပါးစပ်မပိတ်နိုင်ရှာချေ။

## တော်သေးတာပေါ့

*ပီနန်ကျွန်း။ ။*

ပီနန်မြို့ ဈေးနေ့တစ်နေ့တွင် ဖြစ်လေသည်။ လူတောသား အပါအဝင် မြန်မာပြည်သားတစ်စု ဈေးဝယ်ထွက်ခဲ့ကြ၏။

အနို့လူတောသားမှာ ဟုတ်တိုင်းမှန်ရာကို ဖွင့်ဟဝန်ခံရလျှင်ဖြင့် ရန်ကုန်မြို့ကြီးကိုပင် စုံစေ့အောင် မြင်ဖူးသူမဟုတ်ရကား ဤမလေးမြေမှ မိုးထိအဆောက်အဦးတို့မှာ သူ့အတွက်မူ နတ်ပြည်ဓာမျှ ဖြစ်လေ၏။ ဤသို့ ဘယ်နေရာကြည့်ကြည့် မိုးထိအောင် မြင့်မားမှုနှင့် မဆုံးနိုင်ပုံကို မြင်ရသော လူတောသားမှာ ဤသို့ နှုတ်ထွက် စကားဆိုမိလေသည်။

***"အလိုလေး... တော်ပါသေးရဲ့၊ ဒီမလေးလူမျိုးတွေ လူတောကို မရောက်လာတာ တော်တော်ကံကောင်းတယ်လို့ မှတ်ရမယ်။ ဒီလို နေရာတကာ မြင့်မြင့်မားမား ကြိုက်ပုံမျိုးနဲ့တော့ တို့ရွာရောက်ရင် သစ်ကုလားအုတ်တွေကို လှည်းတပ်မောင်းမှာ သေချာတယ်။ ဒီလိုမှ ဖြင့်တော့ တို့ရွာက ကျွဲတွေ နွားတွေမှာ အလုပ်လက်မဲ့ဖြစ်ကုန်ရှာတော့***

***မှာပေါ့***”ဟု ဆိုလိုက်လေရာ ဘေးမှ အဖော်ပါလာသော မြန်မာပြည်သား အပေါင်းတို့၏ ရယ်မောသံတို့ဖြင့် ဆူညံသွားပေသည်။

## အမေကျော် ဒွေးတော်လွှမ်းတော့ ...

ပခန်းရွာမှ ဦးသာလှ၏ သားဖြစ်သူမှာ သူများ မလေးဖြစ်သော အခါ သူလည်း ခေတ်လူငယ်ဖြစ်သည့်အလျောက် မလေးဖြစ်ရာက သွားဖို့အရေး စိုင်းပြင်နေသူဖြစ်ပေသည်။

ဖခင်ကြီးမှာ မိရိုးဖလာ လက်ငုတ်လက်ရင်းကို လုပ်ကိုင်စေလို သော်လည်း မယားပြောတော့ တစ်ညဆိုသလို တခြား မလွန်ဆန်နိုင်သော အကြောင်းများကလည်း ရှိသေးသမို့ မလိုက်လျောချင်ပါလျက်နှင့် သဘောတူလိုက်ရလေသည်။ တခြားတစ်ဖက်တွင်လည်း ထိုမလေးရှားကိစ္စ ဝင်ရောက်လာကတည်းက အိမ်၌ သိုလှောင်ထားသည့် ဆန်၊ ပဲ၊ ပြောင်း၊ ငရုတ်စသော လယ်ယာထွက် လှောင်ကုန်များမှာ အသွင်ပြောင်း၍ မလေးရှားပို့ဆောင်ရေး လမ်းကြောင်းထဲ ဝင်ရောက်သွားရကာ တော်တော်တန်တန် အခြေအနေမှ လွန်ကဲလာသော တစ်နေ့တွင်မူ ဤသို့ ကြိမ်းဝါးစကား ဆိုလေသည်။

***“အေး... မင်းတို့ပါးစပ်က တစ်နေ့လာလည်း ဒီမလေးနဲ့ စကားပူက မချဘူး။ ငွေတွေလည်း သောက်သောက်လဲကုန်လှပြီ၊ စပါးကျီတွေ၊ ပုတ်တွေလည်း ကြွက်တောင်လာမနမ်းတော့ဘူး။ အမေကျော်ပြီး ဒွေးတော်လွှမ်းတဲ့ကောင်၊ မဖြစ်မြောက်ဘဲ ပြန်ရောက်လာလို့ကတော့ မျက်နှာကောင်းတော့ နည်းနည်းမှရမှာ မဟုတ်ဘူးမှတ်၊ အဲဒီအချိန်ရောက်မှ ဟိုမရောက် ဒီမရောက်နဲ့, ယောက်ျားကြီးတန်မဲ့ အရူးမ မဘဒ္ဒါ လင်***

*ပျောက်သလို ဖြစ်နေမှာကိုတော့ မြင်ယောင်မိပါသေးရဲ့"* ဟု ဆုံးမစကား ဆိုလေ၏။

## ကျော်မကောင်း၊ ကြားမကောင်း

**မ**လေးရှားနိုင်ငံ ပီနန်ကျွန်းတွင် အလုပ်သွားလုပ်မည့်သူများထဲတွင် အစားအလွန်ကြီးသော ပခန်းသားတစ်ယောက် ပါဝင်လေသည်။ ပို့မည့်လူမှာလည်း ကိုယ့်လူရင်းဖြစ်သလို အလုပ်များမှာလည်း စားသောက်ဆိုင်၊ ဟိုတယ်စသော အလုပ်များပါဝင်လေရာ အကြောင်းသိများက ဤသို့ သတိပေး၏။

*"အလိုလေး၊ ငါ့ကောင်ရယ်... ဒီကောင့်ကို ဟိုတယ်နဲ့ ထမင်းဆိုင်လိုမျိုးတော့ မပို့နဲ့မောင်၊ သည်မောင်အကြောင်းက ဒီလိုကွ။ တစ်ခါက တောင်ပိုင်းကအလှူတစ်ခုမှာ ဝက်သုံးကောင်ပေါ်ပါရော့လား၊ ချက်ပြီးလို့ ဘုန်းကြီးပွဲကပ်ပြီးရုံ ရှိသေးတယ်၊ ဟင်းအိုးက ကုန်လုပြီမောင်၊ ကြည့်လိုက်တော့ ကိုယ်တော်ချောက အိုးဘေးမှာမှောက်လို့။ အဲဒီတစ်ခါတုန်းကတော့ ဘဘုန်းကြီးက မဆူတဲ့အပြင် ဖုတ် (သံရဲ) ဝင်စီးပါတယ်ဆိုပြီး ရေမန်းတောင် တိုက်လိုက်သေး"*


*"နောက်တစ်ခါက ဘုန်းကြီးကျောင်းက ဘုန်းကြီးပျံပွဲတစ်ခုမှာ ဟင်းချက်နိုင်းပါတယ်။ ဟင်းခွက်တွေ မြည်းရင်းကုန်သွားလို့ အလှူရွေ့ရပါရော့လား။ ဒီတော့မှ ဘဘုန်းကြီးက ငါတော့ သူ့ခိုးကို ဘဏ္ဍာစိုး ခန့်မိသလိုဖြစ်ပြီဟဲ့ဆိုပြီး ရွာကမောင်းထုတ်လိုက်တာ၊ ရန်ကုန်ရောက်သွားပါရော။ ရန်ကုန်မှာလည်း ဒီလိုပါပဲ၊ နာမည်ကြီးလှတဲ့ တရုတ် စားသောက်ဆိုင်ကြီးဟာ ဒီကောင့်လက်ချက်နဲ့ပဲ ပြုတ်ပါရော့လား"*

*"ဒီကောင်ဟာ စုကောသေပြီး လူပြန်ဖြစ်တာ ဟုတ်ချင်ဟုတ်၊ ဒီလိုမဟုတ်ရင် တရုတ်ပြေးမင်း ဝင်စားတာပဲဖြစ်ရမယ်"* ဒီတော့ ဒီလိုကောင်မျိုးကို တခြားအလုပ်မျိုးကိုသာ ရှာသွင်းဖို့ စဉ်းစားပါကွယ်ဟု ဆိုလေရာ အလုပ်သွင်းပေးမည့်ပွဲစားမှာ သူ့လူကို သာသာထိုးထိုးပြော မှန်းသိသော်လည်း ရယ်မောရလွန်း၍ ပါးစပ်မပိတ်နိုင်ချေ။

**မှတ်ချက်။ ။ တရုတ်ပြေးမင်း (နရသီဟပတေ့မင်း)မှာ အစားအလွန် ကြူးသူဖြစ်ပြီး ဟင်းခွက်ပေါင်း တစ်ရာပြည့်မှ ပွဲတော် တည်သည်ဟု သမိုင်းများက ဆိုလေသည်။**

□

''ဒီလိုတော့လည်း ဟုတ်ပါ့မလား ကိုရင်ရဲ့။ ကိုရင့် ဘဝမှာ စာဥလိုချင်တာကို ဖြစ်အောင်ဖန်တီးပေးမယ်ဆို၊ ကိုရင့်ကို မြင့်မိုရ်တောင်ကိုလည်း စာဥမတက်ခိုင်းဘူး၊ မဟာ သမုဒ္ဒရာကြီးကိုလည်း လက်ပစ်မကူးခိုင်းပါဘူး၊ ရွာထိပ်က သူကြီးသမီး ငွေခင်တို့လောက်တော့ စာဥကို အနည်းဆုံး ထားနိုင်အောင် ကြိုးစားပါ။ ဒီလိုဆိုရင် အဲဒီ စားလို့မရ ရောင်းလို့မရတဲ့ သစ္စာတရားနဲ့ မေတ္တာတရားတွေကို ကိုရင် ခေတ္တခဏထားပြီး မရှိမရှားမဖြစ်ရလေအောင် မလေးရှား ဆိုတဲ့ ဘုံရပ်ကြီးကို နောက်ဆုံးတစ်ခေါက် အနေးအမြန် ပြန်ပါလေဦး၊ ပြန်လေဦး''





"အလိုဂလေးကွယ်, တကယ်ပါပဲ၊ ဘူဖေး ဘူဖေးနဲ့ နာမည် ကြားဖူးနေလို့ မျှော်လင့်လိုက်ရတာ နှုတ်ပြည်က နှုတ်သူဒွါကြီးလား၊ ဘာကြီးလား၊ မျှော်တလင့်လင့်နဲ့ပေါ့။ အလိုလေး, အခုမှ တော့လည်း ဘူဖေးဆိုတာ ဟိုခွက်ကနည်းနည်းနှိုက်၊ သည်ခွက်က နည်းနည်းနှိုက်နဲ့ ပန်းကန်ထဲလည်းရောက်ရော ရွာဦးကျောင်းက ဆွမ်းပေါင်းဟင်းနဲ့ မခြားပါပဲလားကွယ်ရို့၊ ကျလဲကျတတ်တဲ့ လူ တွေနော်"




# ခြေတစ်လှမ်း ကုဋေတစ်သန်း

"လူမှာအမျိုး၊ ကြက်မှာအရိုး" ဟူသော ဆိုရိုးစကားရှိသည်။ မျိုးနွယ်တို့၏ ဂုဏ်သိက္ခာကို သားသမီးတို့က စောင့်ထိန်းခြင်းဖြင့် သားယောက်ျားလေးရှိသူများက ဘုန်းကြီးသလို၊ သမီးမိန်းကလေး မွေးထားသူများမှာလည်း မျက်နှာပန်း ပွင့်လန်းလှသည်။

ယခုလည်း လှတောရွာ အရှေ့ပိုင်းမှ သမီးအချောပကေးလေး မွေးထားသူ မယ်တင်မှာ သူ့သမီးလေးကြောင့် မျက်နှာပွင့်လန်းလှသည်။ ရွှေဘိုဝက်လက်မှမကျန် လာရောက်ကမ်းလှမ်းသူများရှိသလို၊ ဆွေမျိုးနီးပါး စကားခေါ်သူများကလည်း မရှားလှချေ။

ဤအကြောင်းကို ရွာဓလေ့ ပြောဆိုကြရင်းဖြင့် သမီးမွေးရကျိုးနပ်ပုံကို ချီးမွမ်းပြောဆိုကြပုံမှာ ဤသို့ဖြစ်၏။

*"မယ်တင်တို့ သမီးမွေးရကျိုးနပ်ပုံများတော့ တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလိုပဲအေ့ တကယ်ပါပဲ။ လာတောင်းမယ့်သူကလည်း*

ဝိုင်းဝိုင်းကိုလည်လို့၊ ကာလသားတွေကြားမှာ ကြားမိတာကတော့ လမ်းလျှောက်တာလေးက မဓိတရို့လေးမို့ ဆင်မယဉ်သာလေးလို့ ဆိုသူကဆို၊ ခြေတစ်လှမ်းကို ကုဋေတစ်သန်းတန်ပါဘိလို့ ပြောသူကလည်း ပြောရဲ့။ ဒီကြားထဲ ရွှေချိန်ငါးဆယ်သားနဲ့ တင်တောင်းမယ်ဆိုပါရောလားကွယ်, ချစ်သူလေးရယ်လို့ ကောဦးသန်းသူကသန်းနဲ့၊ သမီးလေးက ဘုန်းကံကလည်းရှိ လီမ္မာရေးခြားကလည်းရှိဆိုတော့ လှတောကနေပခန်း၊ ချည်ပါမကဲ ရွှေဘို ဝက်လက်အထိတောင် ကျော်ပါ့တော်"ဟု ကောင်းသတင်းကို ချီးကျူးကြသူများရှိသလို မုဒိတာတရားဆိုသည်ကို နားမလည်ကြသေးသူအချို့ကလည်း ဤသို့ စကားဆို၏။

"ဒီလိုတော့လည်း ဟုတ်ပါ့မလားအေ၊ ညည်းတို့ကသာ ချီးမွမ်းနေကြတာ တမြန်နေ့က ဒီကောင်မလေး ဘုန်းကြီးဆွမ်းပို့ပြီးပြန်လာတော့ မြို့က အဆင်ဆန်းတွေ ဝတ်လာဟန်တူပါရဲ့၊ ဘယ်ခွေးက အမြင်မတော်လို့ ဟပ်မိလိုက်တယ် မသိပါဘူး၊ ထော့နင်း ထော့နင်းနဲ့ လျှောက်သွားပုံများအေ, အရုပ်ဆိုးလိုက်ပါဘိ၊ အလိုလေးအေ၊ တို့အိမ်က ပေါင်ကျိုးနေတဲ့ နွားမလမ်းလျှောက်တာတောင် ဒီထက်လှဦးမယ်၊ ဒါကိုများ ဘယ်လိုနှာခေါင်းကြီးတဲ့ နှာပွသတ္တဝါတွေက ကုဋေတစ်သန်းတွေဘာတွေ လုပ်နေကြသလဲ မသိပါဘူး။ ငါ့သားနဲ့ ကြိုက်လို့ကတော့ ကုဋေတစ်သန်းမပြောနဲ့, စပါးတစ်တင်းတောင် သားမျက်နှာနဲ့မို့ ချင့်ချင့်ချိန်ချိန် ထည့်မယ်လို့မှတ်"ဟု ဆိုလေရာ အဆုံး၌ ကိုယ့်ဖက်ယက်သော လိပ်မျိုးဟူသော အသိဖြင့် သဘောပေါက်သူများ၏ ရယ်မောသံများဖြင့် မဆုံးနိုင်ချေ။



# မိန်းမမာယာ သဲကိုးဖြာ

**မိန်း** မချော၊ မိန်းမလှကို ယောက်ျားတိုင်း တပ်မက်ကြလေ၏။

ယခုလည်း လှတောရွာတောင်ပိုင်းတွင် မလေးရှားမှ ပြန်ရောက်လာသော သားဖြစ်သူမှ သူကိုယ်တိုင် နှစ်သက်ပြီး ချစ်ခင်စုံမက်စွဲလမ်းရပါ၍ စကားကမ်းလှမ်းပါရန် မိခင်ကြီးအား ရင်ဖွင့်ပုံအား မိခင်ကြီး၏ တုံ့ပြန်ပြောဆိုပုံမှာ ဤသို့ဖြစ်လေသည်။

*"အလိုလေးကွယ်, ငါ့သားရဲ့၊ ဟန်ပ့ါမလားကွယ်၊ မယ်တင်သမီးဆိုတော့ အချောအလှကတော့ ပြောစရာမလိုဘူး၊ သို့ပေမယ့် မာယာများတယ်လို့တော့ ငါ သတင်းကြားမိတယ်။ မာယာများလိုက်ပုံများတော့ ငါ့သားရေ၊ မိန်းမမာယာ သဲကိုးဖြာလို့ ဆိုရိုးရှိပေမယ့် ဒီကောင်မလေးကတော့ ဆယ်တင်းဝင်တဲ့ပုတ်နဲ့တောင် သူ့ရဲ့မာယာတွေက မဆန့်ဘူးတဲ့၊ သေချာစဉ်းစားပါဦးကွယ်၊ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးချက်မပိုင်ရင် နောင်ပြင်ရန်ခက်တဲ့, ငါ့သားရဲ့"*

*"မာယာရှင်မကြီးက ပြုစားလိုက်လို့ ငါ့သား အချစ်ရူးကြီး ဖြစ်သွားမှဖြင့် အမေလည်း မျက်နှာပျက်စရာကွယ်"*ဟု ဆုံးမပြောဆိုလေရာ သားမှ ကြီးဒေါ်ဖြစ်သူ၏ ထောက်ခံပြောဆိုပုံမှာလည်း ဤသို့ဖြစ်လေ၏။

*"အလိုလေး, တကယ်ပါပဲ၊ မိန်းမဆိုတာ လောကကြီးမှာ ဒီတစ်ယောက်ပဲရှိတယ်လို့တော့ ဟုတ်ပ့ါမလားကွယ်၊ ငါ့တူရယ်၊ မင်းစိတ်ကနုပါဘိသနှယ်၊ ဒီမိန်းမပြုစားလို့, ငါ့တူလေး ရူးရတယ်ဆိုရင်လည်း အရပ်ထဲမှာ မယားတရူးကြီး၊ အချစ်ရူးကြီးဆိုပြီး အောင့်မယ်လေး အရပ်ထဲမှာ မကြားဝံ့မနာသာကွယ်"*ဟု ထောက်ခံပြောဆိုလေရာ

ဘောမှ ကြားရသူ အိမ်နီးချင်းအပေါင်းတို့မှာ ဆုံးမစကားဟု ဆိုသော်လည်း ပြုံးမိကြလေသည်။

## ရေပြည်က ကြက်

ပခန်းရွာသား ကိုရင်သာဝမှာ ကြက်ဝါသနာအိုး ဖြစ်သည်။ ယခုလည်း မလေးရှားမှ ပြန်လာပြီး မျိုးဖောက်ရန်အတွက် စိတ်ကြိုက် တိုက်ကြက်ဖတစ်ကောင် ရှာဖွေနေလေရာ ရွာရှိ တစ်ခြားညီအစ်ကိုနှင့် ဆွေမျိုးနီးစပ်များလည်း အနားမနေရချေ။ နှစ်ရက် သုံးရက်လည်းမက ငါးရက်နှင့်လည်း မပြီးပြတ်သေးသောအခါ ထိုတိုက်ကြက်ဖ မဟာရှာပုံတော်ကြီးကို ကြည့်မရတော့သော ဦးလေးဖြစ်သူ၏ အကြံပေးစကားမှာ ဤသို့ဖြစ်၏။

***"အေး... မင်းတို့ ကြက်ရှာနေတာ တစ်ပတ်ရှိပြီ၊ ပခန်း၊ ဝက်လက်၊ ရွှေဘိုလည်းကုန်ပြီ၊ တန်တော့ ဒီကောင်လိုချင်တဲ့ကြက်က ကြွေ လူ့ပြည်မှာ မရှိရှာဘူးထင်ပါရဲ့။ အေး မနက်ဖြန် ဒင်းလာရင် မင်းတို့ သူနဲ့အတူ လိုချင်တဲ့ကြက်ကို ရေပြည်မှာသာ ဆင်းရှာကြပေတော့"***ဟု ဆိုလိုက်လေရာ ကြားရသူ လူငယ်တို့မှာ ရယ်မောနေကြရလေသည်။

## အခုများတော့လည်း . . .

**လှ**တောမှ ကြက်ငိုက်ကာမှာမှု တစ်မျိုးဖြစ်လေသည်။

ကြက်ဝါသနာကြီးသူ ကိုရင်တာတီးတစ်ယောက် မလေးရှားမှ ပြန်ရောက်ပြီး ခရီးရောက်မဆိုက် ကြက်သမားတို့ ထုံးစံအတိုင်း ကြက်

ကောင်းကောင်းတစ်ကောင် ရှာဖွေနေလေသည်။ ဟိုကြက် မကြိုက် ဒီကြက် မကြိုက် စိတ်ထဲမတွေ့ရှိနေစဉ် ပခန်းဖက်မှ တိုက်ဝှဲသူမရှိ၍ ပယ်ထားသော ကြက်နီကလေးတစ်ကောင်အား ခွပ်လက်ကြည့်၍ ပြန်လာရာ ထိုကြက်ကလေးအားလည်း 'လိမ္မာလွန်းအားကြီး၍ ကြက်ခွပ်ကြောတယ်'ဟု သဘောမတွေ့ ရှိပြန်လေရာ စိတ်မတွေ့တော့သော ဦးလေးဖြစ်သူ၏ မှတ်ချက်ပြုစကားမှာ ဤသို့ဖြစ်လေ၏။

"အလိုလေးကွယ်, ဖြစ်ရလေ၊ ပခန်းက အောင်မောင်းရဲ့ ကြက်နီကလေးဟာ တော်တော်ခြေကောင်းတယ်။ ကြက်ပညာလည်း မဆိုးလှပါဘူး၊ ဒီလိုမျိုးကြက်ကို မင်းက မကြိုက်ဘူးဟုတ်စ၊ ငါ မပြောလိုက်ချင်ဘူး၊ ကိုယ့်တူကိုယ့်သား, ပြောရတာဟာ ကိုယ့်ပေါင်ကို လှန်ထောင်းသလိုပါပဲ"

*"ဒီကောင် မလေးရှားမသွားခင်က တိုက်ကြက်ဆိုတာကို မပြောနဲ့, ကြက်ဥ စားချင်ရင်တောင် ဘယ်အိမ်က မဒန်းမလေဥ ဥ,ဥမလဲ ထိုင်စောင့်နေရတဲ့ကောင်၊ ကြက်သားစားချင်ရင်လည်း မဝယ်နိုင်လို့ ဘယ်အိမ်ကကြက် နာလို့သေပါစေဆိုပြီး ဆုတောင်းနေရတဲ့ကောင်က အခုမှ ကြီးကြီးကျယ်ကျယ်၊ ရွှေဘို ဝက်လက်က အတော်ဆုံးကြက်ကို စိတ်မတွေ့တာနဲ့ ပခန်းက အကောင်းဆုံးကြက်ကို မကြိုက်ရတာနဲ့၊ မင်းတို့ ငါပြောတာမယုံကြနဲ့ဟော၊ ဒီကောင် သေလို့ရှိရင် မိုက်ကိုခွဲကြည့် လေဥနဲ့ ကြက်နာသားချည်းပဲ"*ဟု ဆိုချေရာ ကြားရလေသူဟိုင်း ဦးလေးဖြစ်သူ၏ ဒေါသကိုကြည့်ရင်း အူနှိပ်၍ ရယ်မောနေရလေသည်။

"အလိုလေး...မောင်မင်းကြီးသား မလေးရှားသွားလို့သာပေါ့။ ဒီထက်နည်းနည်းကြီးတဲ့ နိုင်ငံသာသွားရင် ဒီကောင်မ မရှိုမိုးဟား ရောင်းပြီး မြန်မာ့ရုပ်မြင်သံကြားက အော်ပြီးကြေညာမယ့်ချွပ်"

## ဘူဖေးဆိုတာ ဒါလားကွယ်

မ လေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ညဈေးတန်းတစ်ခုတွင် ရန်ကုန်သားအများစု ဦးဆောင်သော မြန်မာပြည်သားတစ်စု ညစာ စားသောက်ကြလေသည်။ **"ရောမရောက်တော့ ရောမလိုကျင့်"** ဆိုသည့် စကားရပ်အတိုင်း ဘူဖေးထမင်း စားကြလေရာ တစ်ခါမှ မမြင်ဘူး၊ မစားဘူးသူ လုတောသားက ဤသို့ အံ့ဩစကားဆိုလေသည်။

*"အလိုလေကွယ်, တကာယ်ပါပဲ၊ ဘူဖေး ဘူဖေးနဲ့ နာမည်ကြားဖူးနေလို့ မျှော်လင့်လိုက်ရတာ နတ်ပြည်က နတ်သုဒ္ဓါကြီးလား၊ ဘာကြီးလား၊ မျှော်တလင့်လင့်နဲ့ပေါ့။ အလိုလေး အခုများတော့လည်း ဘူဖေးဆိုတာ ဟိုခွက်ကနည်းနည်းနှိုက်၊ သည်ခွက်ကနည်းနည်းနှိုက်နဲ့ ပန်းကန်ထဲလည်းရောက်ရော ရွာဦးကျောင်းက ဆွမ်းပေါင်းဟင်းနဲ့ မခြားပါပဲလားကွယ်ရို့၊ ကျုံလဲကျုံတတ်တဲ့ လူတွေနော်"* ဟု တစ်ယောက်တည်း ညည်းတွားပြောဆိုလေရာ ဘေးမှ ကြားရသူ မြန်မာပြည်သားအပေါင်းတို့မှာ ရယ်မောနေရလေသည်။

## ပျားခွဲသောမုတ်ဆိတ်

မ လေးရှားနိုင်ငံ ပီနန်ကျွန်း စက်မှုဇုန်တစ်ခုတွင် ဖြစ်လေသည်။

အလုပ်အားလပ်ရက်၌ လုတောသားအပါအဝင် မြန်မာပြည်သားတစ်စုတို့ ပလာဇာတစ်ခုသို့ ဈေးဝယ်ထွက်လေရာ ရွှေဝါရောင်ပေါက်နေသော မုတ်ဆိတ်ဖားဖားကြီးနှင့် လူမျိုးခြားတစ်ဦးကို တွေ့လေရာ လုတောဝသီအတိုင်း ဤသို့ဆိုလေသည်။

"အလိုလေး ဖြစ်ရလေ၊ ရွှေကုလားကြီးရယ်၊ ကြီးလှတဲ့မုတ်ဆိတ် စာထဲမှာ ဖတ်ဖူးတဲ့ စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲတယ်ဆိုတာ ဒီလို မုတ်ဆိတ်မျိုးဖြစ်မှာပါပဲ။ ပျားကမကြိုက်လို့ ခံနိုင်ရိုးလား"

*"အလိုလေးကွယ်, ရွှေရောင်မုတ်ဆိတ်နဲ့ မစ္စတာဘာဘူရဲ့ ကြည့် ရင်း ကြည့်ရင်းနဲ့ တူလာလိုက်ပုံများ ရွာဦးကျောင်း မရမ်းပင်က နွေး လေးပွားအုံကြီးကို သေးနဲ့ပန်းထားသလားမှတ်ရ၊ အရောင်ဘလက်လက် နဲ့"* ဟု ဆိုလိုက်လေရာ မြို့လယ်ခေါင်ဖြစ်နေသည့်တိုင်အောင် အဖော် များမှာ လက်ဝါးကိုအုပ်၍ ရယ်မောနေကြရင်း ချည်ပါပခန်းသားတင် ဦး၏ ဝင်ထောက်ပုံမှာလည်း ဤသို့ဖြစ်လေသည်။

*"အေး... ခင်းပြောတာကလည်း သူ့အဓိပ္ပာယ်နဲ့သူ ဟုတ်မှာပါပဲ လေ၊ ဒါပေမယ့် ကမ္ဘာပေါ်မှာ ခြသေ့တွေ ရှားရှားလာတယ်ဆိုတာ ဘာကြောင့်မှန်း ရွာမှာနေတုန်းက တကယ်တော့ ငါ မသိခဲ့ဘူး။ လတ်* *တလော့တော့ ဒီနိုင်ငံမှာလာပြီး လူဖြစ်ကြတာပါကလား။ အလိုလေး ဘယ်နေရာကြည့်ကြည့် ခြသေ့မုတ်ဆိတ်နဲ့ သတ္တဝါတွေ ပြေးမလွတ်ဘူး"* ဟူသတည်း။

## ကမ္ဘာမြေကြီး တစ်နေ့ရာ

လှ တောသူတစ်ယောက်နှင့် အကြောင်းပါနေသော ချည်ပါပခန်း သားတစ်ဦးမှာ မလေးရှားမှ ပြန်လာပြီးနောက် ဘတ်ရွှေဖြင့် ပြုလုပ် ထားသော သုံးကျပ်သားခန့် ဆွဲကြိုးကြီးကို မချွတ်တမ်း ဆင်မြန်းထား လေသည်။ စကားပြောတိုင်းလည်း ထိုအကြောင်းအရာနှင့် ပတ်သက် သမျှကိုသာ ဆွဲယူပြောဆိုနေလေတော့ ကျောပူမြင်းကို ခံနိုင်၍ နားပူ

ခြင်းကို မခံရပ်နိုင်သော ဆွေမျိုးမကင်းသည့် လှေတောသားတစ်ဦးက ဤသို့ သတိစကားဆိုလေသည်။

*"အလိုလေး၊ ဖြစ်ရလေကွယ်၊ မောင်ရင့်ဘာသာ ငွေရှိလို့ သုံးကျပ်သားဆွဲကြိုးမကပို့ သုံးပိဿာလောက်ဆွဲထားရင် လည်ပင်းကျိုးလို့ မသာပေါ်လည်း ကို့အလုပ်က မုန့်ဟင်းခါးအဝစားဖို့ပဲရှိတယ်"*

*"လူပဲဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ် သင်္ခါရလောက သတ္တဝါမှန်သမျှဟာ သေဆုံးသွားရင် အရာအားလုံးဟာ ကမ္ဘာမြေကြီးတစ်နေရာပါပဲ၊ ငါ့လူရာ၊ သိ[illegible]ကော့လည်း ကြွားမနေစမ်းပါနဲ့"* ဟု ခပ်နာနာလေး နှက်လိုက်လေ[illegible]သားခမျာ ပါးစပ်ပိတ်သွားသော်လည်း ဘေးမှ ရယ်မောသံများမှာ မဆုံးနိုင်ချေ။

# အိုးကိုသာ လှန်ကြည့်ပါတော့

ဂ္ဂ္ဂ လာလမ်ပူမြို့၊ ဟိုတယ်ကြီးတစ်ခုတွင် လှေတောသားအပါအဝင် မြန်မာပြည်သားတစ်စု ဟာဝန်ကျလေသည်။ အားလပ်ရက်တစ်နေ့တွင် အချင်းချင်း တွေ့ဆုံကြရာ မမြင်ဘူး၊ မတွေ့ဘူးသည်များကို အံ့ဩမကုန် ဖောက်သည်ချကြပုံမှာ ဤသို့ဖြစ်လေ၏။

*"အလိုလေးကွယ်၊ တကယ်ပါပဲ၊ တစ်နေ့တစ်နေ့ သင်လိုက်ရတဲ့ ဟင်းချက်နည်းတွေ၊ မြည်းလိုက်ရတဲ့ဟင်းတွေဟာ ဘယ်မှာကုန်ဆုံးနိုင်တော့လို့လဲ၊ တန်တော့ ဇူကောဟာ မသေသေးဘူးထင်ပါရဲ့၊ ဒါမှ မဟုတ်ရင်တော့ ဒီဟိုတယ်ကို တရုတ်မြေးမင်း နရသီဟပတေ့ ဝင်စားတဲ့ လှူဟာ နေ့တိုင်းလာစားပုံရတယ်"* ဟု ခပ်ရွှဲရွှဲလေး ဆိုလိုက်လေရာ

ဘေားမှအဖော် လှတောသားတစ်ဦးကလည်း ဤသို့ ထောက်ခံလိုက်လေ၏။

"ဟုတ်ပါ့, ကိုရင်ရယ်... ဒီနိုင်ငံက လူတွေဟာ ထမင်းမှ မစားကြတာကလား။ ဒီမှာ ဟင်းအိုးတွေ များလိုက်ပုံများတော့ ရွာဦးကျောင်းက အလှူတွေက အမွှန်းပေးရတယ်။ အလုပ်များတဲ့နေ့များဆို အခန်းတောင် မပြန်ရတော့ဘူး၊ လာပြီးခေါ်လွှန်းလို့၊ ကျုပ်တော့ အဲဒီအိုးကြီးတွေထဲ ဝင်အိပ်ပစ်လိုက်တော့တာပဲ။ ဖိုမင်ဆိုတဲ့ နှုတ်ခမ်းမွှေးဘာဘူကြီးဟာ ကျုပ်ကို ရှာချင်ရင် အခန်းကို သွားမရှာနဲ့, မရှိဘူး၊ အိုးတွေကိုသာ လိုက်လှန်ကြည့်ပေတော့။ ကျုပ်ကို သေချာပေါက်တွေ့တော့တာပဲ"ဟု သူ့ဘဝဖြစ်အင်ကို ခပ်ညည်းညည်းလေး ဇာတ်စုံခင်းပြလေရာ ဘဝတူ ရွှေညီအစ်ကိုများ၏ ရယ်မောသံများဖြင့် ဆူညံသွားပေသည်။

"အော်... မင်းတို့ပါးစပ်က တစ်နေ့လာလည်း ဒီမလေးနဲ့စကားပူက မချဘူး။ ငွေတွေလည်း သောက်သောက်လဲကုန်လှပြီ၊ စပါးကျီတွေ၊ ပုတ်တွေလည်း ကြွက်တောင် လာမနမ်းတော့ဘူး။ အမေကျော်ပြီး ဒွေးတော်လွမ်းတဲ့ကောင်၊ မဖြစ်ဖြောက်ဘဲ ပြန်ရောက်လာလို့ကတော့ မျက်နှာကောင်းတော့ နည်းနည်းမှ ရမှာမဟုတ်ဘူးမှတ်၊ အဲဒီအချိန်ရောက်မှ ဟိုမရောက် ဒီမရောက်နဲ့, ယောကျ်ားကြီးတန်မဲ့ အရူးမ, မဘဒ္ဒါ လင်ဂျောက်သလို ဖြစ်နေမှာတော့ မြင်ယောင်မိပါသေးရဲ့"



# သည်တောင်ကို ကျော်နိုင်ပါမည်လော ... !

*နိုင်ငံခြား၏ မြင့်မားလှသော ငွေကြေးတန်ဖိုးကြောင့် ကျေးလက်နေ တောင်သူလယ်သမားတို့မှာ နိုင်ငံရပ်ခြားကို စိတ်ဝင်စားလာကြသည်။* နိုင်ငံခြားကောင်းမှုကြောင့် လယ်ပြုတ်သွားသူ၊ ယာခင်းပေါင်လိုက်ရသူ၊ နွားပါသွားသူ၊ အိမ်ရောင်း လိုက်ရသူ၊ ပွဲစားလိမ်သွားသူစသဖြင့်လည်း မနည်းလှပေ။ မြောက် မြားလှစွာသော အကျိုးအကြောင်း၊ အဆိုးအကောင်းတို့မှာ စင်စစ်အားဖြင့် မတူညီလှပေ။ မိမိတို့၏ဘဝပေးမိရိုးဖလာ လက်ငုတ်လက်ရင်းများကို ရင်းနှီးပေါင်နှံ၍ ငွေကြေးများစွာကိုရင်းနှီးပေးဆပ်ကာ ရရှိလာသော အကျိုးခံစားခွင့်တို့မှာ စေ့စေ့တွေးကြည့်မှရေးရေးပေါ်ဆိုသလို မထောင်းသာလှပေ။

ယခုလည်း ပခန်းရွာမှ ဘုရားဖူးသွားသော အုပ်စုတစ်ခုမှ ရန်ကုန်သို့ တက်သွားလေရာ မြို့၌ လွန်ခဲ့သော သုံးနှစ်ခန့်မှ မလေးရှားထွက်သွားပြီဟု အထင်ရှိသော ပခန်းသား ကိုလူကြွားတစ်ယောက်မှာ ရန်ကုန်မြို့၏ လမ်းဘေးတစ်နေရာ၌ မယ်ဒလင်တီးလျက် တောင်းရမ်းစားသောက်နေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရပေသည်။

အထက်ပါ အကြောင်းအရာနှင့် ပတ်သက်၍ ပခန်းရှိ လူငယ်များအား နိုင်ငံခြားကိစ္စနှင့် ပတ်သက်၍ ရွာခံသက်ကြီးဝါကြီးများက သတိပေးစကားဆိုပုံမှာ ဤသို့ဖြစ်ပေသည်။

*"နိုင်ငံခြား၊ နိုင်ငံခြားနဲ့ သိပ်လည်းအထင်မကြီးကြနဲ့၊ ပွဲစား၊ ပွဲစားနဲ့ဆိုပြီးတော့လည်း ချင့်ပြီးတော့ ယုံကြဟေ့"*

*"ပခန်းက ဘာလူကြီးတစ်ယောက်တော့ သုံးနှစ်ရှိပြီ၊ စာမလာ သတင်းမကြားနဲ့၊ မလေးရောက်သလိုလို၊ စကာပူရောက်သလိုလိုနဲ့ တော်တော်ကြီးပွားနေပြီထင်တာ၊ လတ်စသတ်တော့ ကိုယ်တော်ချောက*



"တို့လှ တောသား တွေက ကမ္ဘာသာ မကျော်တာ ဘောလုံး ပညာဘက်မှာတော့ မခေဘူးဟောင်။ တို့ရွာမှာ ရှိတုန်းက မြို့ကပွဲစား တစ်ယောက်က ထန်းတစ်ပျားကျော်အောင်ကန် ရမယ်ဆိုပြီး အလောင်း အစား လုပ်ပါရောလား။ ဒါနဲ့ တို့ရွာက ဘောသမားတစ်ယောက်က အပေါ်ကို ထောင်ကန်လိုက်တာ သိကြားမင်းခေါင်းကို သွားမှန်လို့ တိုးတော်သိကြားဟာ သုံးရက်လောက် နှံ့နှပ် ယူရသတဲ့"

ပွဲဘားအလိမ်နဲ့မိပြီး ရန်ကုန်မှာ ထောင်းစားနေရပါရောလား၊ ဘလှက မယ်ဒလင်တီးတက်တော့ တော်သေးတာပေါ့။ မင်းတို့ပုံစံတွေနဲ့ကတော့ အမိုက်သာ လိုက်ကောက်ကြပေတော့”ဟု ခပ်နာနာလေး နက်လိုက်လေရာ ဘေးမှ သက်ကြီးဝါကြီးတစ်ဦးကလည်း ဤသို့ ထောက်ခံလိုက်၏။

“ဟုတ်ပါ့၊ ဘကြီးရယ်၊ ခေတ်လူတွေကတော့ တကယ်ပါပဲ၊ ဘလှကြီးကတော့ အလိမ်ခံရပေမယ့် ရန်ကုန်တော့ ရောက်ရှာသေးသယ်။ ဘလေးတို့တွေ မပါးနပ်ပုံနဲ့တော့ အလိုလေးကွယ်၊ တကယ်ပါပဲ၊ ဒီလိုပုံစံတွေနဲ့ ဘလိမ်ခံရလို့ကတော့ နိုင်ငံခြားမပြောနဲ့၊ ရွှေဘိုဝက်လက်ကိုတောင် ကျော်နိုင်ပါ့မလားကွယ်ရို့၊ ရင်လေးလိုက်ပါဘိနှယ်”ဟု ဆိုလိုက်လေရာ ကြားလိုက်ရသူအပေါင်းမှာ မရယ်မောဘဲ မနေနိုင်ကြချေ။

# ကမ္ဘာတွေခြားလေပြီ

**ကျေး**ကန်သားကြီး ဦးဘတော၏ မျိုးရိုးအစဉ်အဆက်မှာ မုဆိုးမျိုးဖြစ်လေသည်။ အိမ်သို့ အကြောင်းရှိ ဝင်ထွက်သူများကို ဘကြီးတော်ဘုရား လက်ထက်မှစ၍ မျိုးရိုးအစဉ်အဆက် သိမ်းဆည်းထားခဲ့သော သားကောင်သားရေများကိုပြ၍ အမြဲတမ်း ဂုဏ်ယူဝံ့ကြွားလေ့ရှိသူဖြစ်သည်။

ဦးဘတော၏ ချစ်လှစွာသော သမီးလေးမှာ မလေးရှားသို့ အလုပ်သွားလုပ်သော ရွာတောင်ပိုင်းမှ လူငယ်တစ်ယောက်နှင့် လူငယ်တို့သဘာဝ ရည်ငံလျက်ရှိချေ၏။ တစ်နေ့တွင် သမီးဖြစ်သူမှာ ကြောင်ကြောင်ကြားကြား အင်္ကျီ၊ ဒေါက်မြင့်ဖိနပ်တို့ဖြင့် အိမ်ထဲမှ ထွက်လာ

လေရာ သေချာစွာကြည့်လိုက်လေမှ မိမိ နှစ်ကာလအလီလီ တန်ဖိုးထား၍ သိမ်းဆည်းထားသော ရိုးရာအမွေအနှစ် သားကောင်သားရေကို အင်္ကျီ ချုပ်ဝတ်ထားသည်ကို တွေ့လိုက်ရလေသည်။ ထိုအခါ ဖခင်ကြီးက ဒေါသတကြီးဖြင့်...

"တန်ဟဲ့, သမီး၊ ဒါ နင့်ကို ဘယ်သူမြှောက်ပေးလိုက်တာတုန်း" သမီးဖြစ်သူ၏ ဖြေရှင်းချက်မှာ...


*"ကိုရင် စာထဲမှာ နိုင်ငံခြားမှာ ဒါဟာ ဖက်ရှင်တစ်ခုလို့ ဆိုလို့ ပါအဘရယ်၊ နောက်ပြီး ကိုရင်က သူပြန်လာရင် ခေတ်လည်းဆန်ရ မယ်၊ ခေတ်လည်းမှီရမယ်ဆိုလို့၊ သမီး အခုကတည်းက ကိုယ့်ကိုယ် ကိုယ်းပုံစံပြောင်းပစ်နေတာပါ အဘရယ်"*

သမီးဖြစ်သူ၏ လျှောက်လဲသံအဆုံး၌ ကျီးကန်သားကြီး၏ ရင်ထု မနာ ရင်ဖွင့်ပုံမှာ ဤသို့ဖြစ်လေ၏။

*"ဒီလိုတော့လည်း ဟုတ်ပါ့မလား သမီးရယ်၊ အလိုလေးကွယ်၊ တကယ်ပါပဲ၊ နင့်ကောင်က ဒီလိုသားကောင် သားရေနဲ့အင်္ကျီမှ ချုပ် ဝတ်နိုင်းတယ်ဆိုတော့ ဟိုနိုင်ငံရောက်မှ လူစင်စစ်က တိရစ္ဆာန်စိတ်ဝင် သွားပုံရတယ်။ တန်ဟဲ့... သမီး ဒီလိုကောင်မျိုးနဲ့ ကမ္ဘာပတ်ပြီးပြန်လာ တောင် မပေးစားဘူး၊ နောင်ကို မပတ်သက်စေနဲ့"* ဟု ဒေါသတကြီး ဆိုလေရာ နဂိုကတည်းကမှ ရွှေယောက်ဖလောင်းကို အမြင်မကြည် ဟန်ရှိသော အစ်ကိုဖြစ်သူကလည်း အခွင့်ရခိုက်တွင် ဤသို့ထောက်ခံ လေ၏။

*"ဟုတ်ပါ့, မွေးသဖခင်ရယ်၊ ကောင်မလေး, ကြားလား၊ မိဘစကား မပယ်ကောင်းတဲ့ နင် နားထောင်လိုက်ပေတော့၊ နင့်အကောင်ကို ပြောပြလိုက် ငါ့ကိုယူချင်ရင် ကျီးကန်တစ်ရွာလုံးကို ရွှေချပေးမယ်ဆို ရင်တောင် မဖြစ်နိုင်တော့ပါဘူးလို့၊ စာပြန်လိုက်ပေတော့"* ဟု ဆိုလိုက်

လေရာ သားအဖနှစ်ယောက် အတိုင်အဖောက်ညီပုံကိုကြည့်ရင်း အိမ်နီးနားချင်းနှင့် တစ်ဝိုင်းတည်းနေသူတို့မှာ အိမ်ထဲမှ ကျိတ်၍ ရယ်မောကြကုန်လေသည်။



"တော်လိုက်တဲ့ ဂိုးသမားနဲ့ ဘယ်လိုတန်ကန် ဂိုးမဝင်ဘူး၊ ပေါ့ပါးလိုက်ပုံကလည်း ဖော်ဂျီဖိုဝင်သားစားယားသလားမှတ်ရတယ်။ အလိုလေး…ဒီလောက်တောင် ပေါ့ပါးနေမှတော့ ဂိုးဖမ်းမနေပါနဲ့တော့, ဆေးကြိမ်လုံးကို ကိုင်ပြီး ဖေဖော်ကျီသာ လှုပ်လိုက်ပါတော့လား"

# နတ်သမီးနဲ့ပေးစားမယ်

# [သို့] လှတောသား၏ အချစ်ပုံပြင်

**တစ်**ရံရောအခါက မဟုတ်သော တစ်ချိန်သောကာလတစ်ခုက ဖြစ်လေသည်။ လှတောသား ကိုရင်အောင်မောင်းမှာ မလေးရှားသို့ နှစ်ကြိမ်ခန့် သွားရောက် အလုပ်လုပ်ကိုင်ပြီး သားရွှေအိုးထမ်းကာ ပြန်လာခဲ့သူ ဖြစ်ပါ၏။ မိဘများမှာ နဂိုရှိရင်းစွဲ ငွေကြေးရှိသူများဖြစ်သော်လည်း သားဖြစ်သူ၏ အိမ်ထောင်ရေးကိုကား ပြေလည်အောင် ဖြေရှင်းနိုင်ခြင်းတော့ မရှိသေးပေ။ တစ်ကြိမ်တစ်ခါမက ကြိုးစား၍ ရှာကျော်ရုပ်သိ သမီးကညာ အချောအလှများကို ကမ်းလှမ်းပေးခဲ့သော်ငြားလည်း ဖူးစာရေးနတ်၏ မျက်လုံးကန်းမှုကြောင့် **"သားကချိန်လိုက်၊ လင်းနောက်လိုက်"** ဇာတ်လမ်းမျိုးနှင့်သာ အဆုံးသတ်ခဲ့ရချေသည်။ ယခုအခါတွင်လည်း လူကြီးချင်း ကမ်းလှမ်းစေ့စပ်ထားသော မိန်းကလေးမှာ ရွှေဘိုဘက်မှဖြစ်ပြီး ရုပ်ရည်ချော်မောလှသည့်အပြင် လိမ္မာရေးခြားရှိလှသည်။ နောက်အကြောင်းတစ်ခုမှာ လူပျိုကြီး အောင်မောင်းတစ်ယောက် အနှိမိန်းကလေးအား မေတ္တာသက်ဝင် စုံမက်ကာ အချစ်ကြီးချစ်၍ အကြွေကြီး ကြွေသွားခြင်းပင်တည်း။

သို့သော် ကံနတ်သမီးသည် မည်သူ့ကိုမျှ အကြောင်းမဲ့ ထီပေါက်ခွင့်မပေးခဲ့သလို ဤတစ်ကြိမ်တွင်လည်း အောင်မောင်း ကံမကောင်းပါချေ။ ဇာတ်ဆရာအလိုကျ ကခဲ့ရသော ဤဇာတ်လမ်းကား မင်္ဂလာရက်သတ်မှတ်ပြီးခါမှ သတင်းဆိုးကို ကြားရ၏။ မိဘစကား နားထောင်လွန်းသော ရွှေဘိုသူ သမီးကညာ အလိမ္မာကလေးမှာ **'အချစ်မှာမျက်စိမရှိ'** ထုံးကို အမှန်ယူလျက် ချစ်ဦးသူ တစ်နယ်သားတစ်ယောက်

ခေါင်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားရေ ပြီတည်း။

မြို့ကြီးသား ပညာတတ်တွေကဲ့သို့ စကားလုံးလှလှ မသုံးတတ် သော်ငြား သည်အချိန်သည်အခါတွင်တော့ အောင်မောင်းကြီးတစ် ယောက် ရင်ထဲမှ အမှန်တကယ် သည်အတိုင်း ဖွင့်ဟဝန်ခံနေမိပါ၏။

***ရွတ်သောငါးတို့သည် ကြီးတတ်၏။ သတ္တလောက၏ ဖြစ်တတ် သည့် မှော်တော်သဘောတစ်ခုပင် မဟုတ်ပါလော။***

ဖွင့်မပြောရသေးသော ယောကျ်ားတစ်ယောက်၏ အချစ်သည် ဆုံးရှုံးမှုကြောင့် မျက်ရည်တို့ကို မဖန်တီးနိုင်သော်လည်း အောင်မောင်း ရင်တွင်းတွင်ကား မချိပါချေ။

***"နတ်သမီးနှင့်တွေ့ပြီးမှ နတ်သမီး ကွယ်သွားသဖြင့် ဘုရင်တစ်ပါး ရူးဖူး၏။ ကိုရင်အောင်မောင်းတစ်ယောက်ကား မရူးသေးသော်လည်း အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် သူ့ရှေ့မှ စပါးထည့်ထားသော ပုတ်ကြီးကို စိုက်ကြည့်နေမိလေ၏။ ဘဝ၏ ဆန်းကြယ်မှုကြောင့် မပိုင်ဘဲနှင့် ဝက်မွေးခဲ့လေရာ အချိန်ကြာမြင့်လေသော် ထိုဝက်ကြီးကို သံယောဇဉ် တွယ်မိချေပြီ"***

တစ်သက်လုံး အစွမ်းအစမရှိ၍ မိန်းမ မရသေးဖူးရာ ယခု ဖခင်ကြီး၏ အစွမ်းအစနှင့် မိန်းမတစ်ယောက် ရမလိုဖြစ်ပြီးမှ ကိုယ့် အစွမ်းအစနှင့် ကျန်ရစ်ဖြစ်ရသည်တွင် ယောကျ်ားကြီးတန်မဲ့ ကလေးမမွေး ဖူးသေးသော အပျိုမလေး၏ ကိုယ်ဝန်တည်ခါစ ဖြစ်သလိုမျိုး ရင်ထဲမှာ တလှပ်လှပ်နှင့် ကတုန်ကယင်ကြီး ခံစားနေရလေသည်။ မခံစားနိုင် လွန်းသောအဆုံး၌ အချစ်ရှုံးသမား ကိုရင်အောင်မောင်းတစ်ယောက် ရင်ဖွင့်ပုံမှာ ဤသို့ဖြစ်၏။

"အိုး, အဘရဲ့၊ ရင်တွေကွဲရချည်၊ ကျုပ်ရင်ထဲ မချိဘူးအဘရယ်၊ ဒါပါနဲ့ဆို သုံးယောက်ရှိပြီ၊ ဒီတစ်ခါတော့ ကျုပ် တကယ်ချစ်သွားတာ အဘရဲ့၊ ဘဝအကြောင်းက တယ်ဆိုးလှပါကလား, ဟင်း"ဟု ငိုသံတစ်ဝက် ရှိုက်သံတစ်ဝက်ဖြင့် သနားစဖွယ်ဆိုလေရာ ဖခင်ကြီး၏ အားပေးဆုံးမစကားမှာ ဤသို့ဖြစ်၏။

"အလိုလေးကွယ်, ငါ့သား၊ မင်းဟာ ယောကျ်ား ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်သလို ဘုရင့်သမီးကိုလည်း ရနိုင်တယ်၊ တန်တော့ မိန်းကလေးတွေဟာ ငါ့သားနဲ့ အကြောင်းအမျိုးမျိုးကြောင့် ကွဲရပုံထောက်တော့ ငါ့သားဘုန်းကံ အတော်ကြီးပုံရတယ်၊ ခုကန္တတော့ ငါ့သားနဲ့တန်တဲ့ မိန်းမဟာ ရွှေဘိုဝက်လက် မဆိုထားဘိ၊ လှုပ်ပြည်မှာတောင် ရှိဟန်မတူဘူး၊ ဒီတော့ မပူနဲ့ငါ့သား၊ ဒီသင်္ကြန် သီကြားမင်းဆင်းလာရင် အပြန်ကို အကျိုးအကြောင်းပြောပြီး အဖေလိုက်သွားမယ်။ အပြန်မှာတော့ ငါ့သားနဲ့တန်တဲ့ နတ်သမီး အဖေ ရှာခဲ့ပါ့မယ်ကွယ်"ဟု နှစ်သိမ့်စကား ပြောကြားလေရာ ဆွေမျိုးတစ်သိုက်မှာ ဂရုဏာသက်ရင်း ရယ်မောနေကြလေသည်။

"ဒီရွာမှာ လူကြီးတွေဆိုရိုးစကားပုံတစ်ခု ရှိတယ်ကွ, သူခိုးနဲ့မိုးအခိုးမရတဲ့။ သည်ရောက်လေတော့မှ ပြင်ရမှာက သူဌေးနဲ့ဓနီး စိတ်မချရတဲ့။ ခွေးဟာ ဘယ်အချိန် ကိုက်မယ်ဆိုတာမသိနိုင်သလို သူဌေးဆိုတာလည်း တို့အနိမ့်စံ အလုပ်သမားတွေဒေါ မှာဘယ်လိုဂုဏ်သွေး စုပ်ရမလဲဆိုတာ အမြဲချောင်းနေတာကွ"

# လှတောသားနှင့် ဘောလုံးမင်းသားငိုတဲ့နေ့

ကမ္ဘာ့ဘောလုံးပွဲစဉ်တစ်ခု၌ ဖြစ်လေသည်။

မလေးနိုင်ငံ ပီနန်မြို့ စက်မှုဇုံတစ်ခုတွင် ညဖက် အားလပ်ချိန်၌ ဘောလုံးဝါသနာအိုးတို့ ဘောလုံးပွဲကြည့်ကြရာ ကမ္ဘာကျော် ဘောလုံးမင်းသား ဒေးဗစ်ဘက်ခမ်း၏ ကန်ချက်ကောင်းပုံကို သူ့အသည်းကျော် ပရိသတ်ဖြစ်သူ ပခန်းသားက ဤသို့ ချီးကျူးခန်းဖွင့်လေသည်။

***"ပြင်းလိုက်တဲ့ဘော၊ ဂိုးသမား ဖမ်းလိုက်လို့ကတော့ စာကလေးကို အမြှောက်ထဲ ထည့်ပစ်သလို နေမှာပါပဲကွယ်"***ဟု ချီးမွမ်းသူရှိသလို ပခန်းသား နောက်တစ်ယောက်ကလည်း–

***"အလိုလေး... ဘက်ခမ်းလေးရဲ့၊ ကောင်းလိုက်တဲ့ကန်ချက်ကွယ်၊ အီရတ်ကိုပစ်တဲ့ ဒုံးကျည်လားမှတ်ရ၊ ကမ္ဘာကျော်ထိုက်ပါပေတယ်"***ဟု ထပ်မံချီးမွမ်းလိုက်လေရာ ဘောလုံးတွင်သာမက မြဘက်တွင် အစွဲကြီး စွဲနေသော ဘက်ခမ်းကို နာလိုဟန်မရှိသော လှတောသားကမူ ဤသို့ ပြောဆိုလေသည်။

***"အေး၊ မင်းပြောသလိုဆို ကျော်ပြီးတော်တဲ့ လူရှိတယ်ဆိုရင် တော်ပြီးမကျော်တဲ့ ကမ္ဘာကျော်တွေ ရှိတာကိုလည်း လက်ခံရလိမ့်မယ် မောင်"***

***"တကယ်တော့ မင်းကောင်က ကမ္ဘာကျော်တာတော့ ဟုတ်ပါရဲ့၊ သို့သော်ငြား တို့ လှတောသားတွေနဲ့ ယှဉ်လိုက်ရင်တော့ ဘောလုံး ကောက် (ဘောကောက်)တဲ့ အဆင့်လောက်ပဲ ရှိတယ်ကွ"***

***"တို့လှတောသားတွေက ကမ္ဘာသာမကျော်တာ ဘောလုံးပညာ ဘက်မှာတော့ မခေဘူးမောင်။ တို့ရွာမှာရှိတုန်းက မြို့က ပွဲစားတစ်***

ယောက်က ထန်းကစ်ဖျားကျော်အောင် ကန်ရမယ်ဆိုပြီး အလောင်း အစားလုပ်ပါရောလား။ ဒါနဲ့ တို့ရွာက ဘောသမားတစ်ယောက်က အပေါ်ကို ထောင်ကန်လိုက်တာ သီကြားမင်းခေါင်းကို သွားမှန်လို့ ဘိုးတော်သီကြားဟာ သုံးရက်လောက် နှာနှပ်ယူရသတဲ့”

“ဒါနဲ့ ပွဲစားလည်း ရှုံးတာကို မကျေနပ်လို့ အောက်ဘော (မြေလိမ့်ဘော) ထပ်ကန်နိုင်းလိုက်တာ အောက်ဘော ကန်ပြပြန်ပါရော လား။ အလိုလေး… မကြားဝံ့မနာသာကွယ်၊ ငရဲမင်းကြီး သွားမှန်ပြီး ငရဲမင်းကြီး ချော်လဲလို့ ခြောက်ချက် ချုပ်လိုက်ရပါရောလား”

“ဒါမျိုးကန်ချက်တွေ မင်းကောင် တွေ့သွားလို့ကတော့ တော်ရက် လိုက်တာ ဘောသားလေးရယ်ဆိုပြီး ငိုကြွေးနေလေမလား၊ ဒါမှမဟုတ် မဖြစ်နိုင်တာတွေ မြင်ရလို့ စိတ်ဖောက်ပြီး ရူးသွားလေမလား၊ တစ်ခုခု တော့ တစ်ခုခုပဲ မောင်”ဟု ဆိုလိုက်လေရာ မြန်မာပြည်သား အပေါင်း တို့၏ ရယ်မောသံများဖြင့် ဆူညံသွားသလို စကားစပြောသော ပခန်း သားအုပ်စုမှာလည်း ပါးစပ်ပိတ်နေရလေသည်။

(မြန်မာပြည်သူ ပြည်သားအပေါင်း ရယ်မောပျော်ရွှင်ရခြင်းဖြင့်အတူ ဘဝဆန္ဒများ ပြည့်ဝကြပါစေ)

မေတ္တာဖြင့်…

ရွှေကိုယ်လေး

